ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဩဂုတ်လ ၁၆ ရက် စတင်ထုတ်ဝေသည်။ Established in 1957

**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁၁ ရက်၊ တနင်္လာနေ့။ Monday 23 July 2018 ၉၁၅၆

# မန္တလေးမြို့ရှိ မီးပွိုင့်များတွင် SCATS စနစ် အသုံးပြုစောင့်ကြည့်ခဲ့ ခုနစ်ရက်အတွင်း ယာဉ်စည်းကမ်းဖောက်ဖျက်သည့်ယာဉ် ၄၂၄၄ စီးရှိ




**မန္တလေး ဇူလိုင် ၂၂**

မန္တလေးမြို့တွင် ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ ယာဉ်စည်းကမ်းဖောက်ဖျက်သည့်ယာဉ် ၄၂၄၄ စီးရှိကြောင်း သိရသည်။

မန္တလေးမြို့ရှိ မီးပွိုင့်များတွင် Intelligent Traffic Monitor System iVMS-8600 software များကို နေ့စဉ် ၂၄ နာရီ စောင့်ကြည့်သည့်စနစ် ပြောင်းလဲပြီးနောက် ယခုလို စည်းကမ်းဖောက်ဖျက်သည့်ယာဉ်များကို တွေ့ရှိရခြင်းဖြစ်ကြောင်း သိရသည်။

**ဆိတ်ကွယ်ရာမရှိ**

"ယာဉ်စည်းကမ်းဖောက်ဖျက်တဲ့ ကားတွေနဲ့ ဆိုင်ကယ်တွေကို အလိုအလျောက် ဓာတ်ပုံ သုံးပုံ၊ လေးပုံရိုက်ပြီး auto alert နဲ့ မှတ်တမ်းတင်ပေးလိုက်ရုံတင်မက video record ပါလုပ်ပေးတော့ ဖောက်ဖျက်ချင်သူတွေအတွက် ၂၄ နာရီ ဆိတ်ကွယ်ရာမရှိ မိနေပါပြီ၊ ဖောက်ဖျက်တဲ့ကား ဘယ်အချိန်မှာ ဘယ်လမ်းအတိုင်းသွားလို့ ဘယ်နေရာမှာ ညအိပ်တယ်ဆိုတာပါ သိနိုင်ပြီမို့ ရှောင်ပြေးလို့ မရနိုင်တော့ပါဘူး" ဟု မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားထားသည်။

မန္တလေးမြို့တော် ဧရိယာအတွင်းတွင် SCATS စနစ်သုံး မီးပွိုင့် ၁၂ ခုရှိကာ မီးပွိုင့်တိုင်းတွင် မီတာ ၂၀ အထိ Zoom ဆွဲနိုင်၊ ၃၆၀ ဒီဂရီ လှည့်ကြည့်နိုင်သည့် Dome ကင်မရာတစ်လုံးစီကို **စာမျက်နှာ ၄ ကော်လံ ၅ သို့** ❖

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ
စာမျက်နှာ » ၄

ရန်ကုန်တိုင်းဒေသကြီး ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ
စာမျက်နှာ » ၅

ဆရာကြီး ဒေါက်တာမျိုးမြင့်၏ ရုပ်တုဖွင့်ပွဲအခမ်းအနား ကျင်းပ
စာမျက်နှာ » ၃

# ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ ပေ ၃၆၀ အရှည်ရှိ တိမ်ညိုတံတား ဒီဇင်ဘာလတွင် ဖွင့်လှစ်မည်

**စစ်တွေ ဇူလိုင် ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်နှင့် ကျောက်တော်မြို့နယ်အကြား ရန်ကုန်-စစ်တွေ ကားလမ်းပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့-၇ က သရီချောင်းကူး တိမ်ညိုတံတားကို တာဝန်ယူ တည်ဆောက်လျက်ရှိရာ လာမည့်ဒီဇင်ဘာလအတွင်း ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ - ၇ က တည်ဆောက်နေတာပါ၊ လုပ်ငန်းစတင်တာကတော့ ၂၀၁၇ ခုနှစ် မေ ၁၅ ရက်က ဖြစ်ပါတယ်၊ ဒီဇင်ဘာလထဲမှာ ဖွင့်လှစ်နိုင်မှာ ဖြစ်ပါတယ်"ဟု စီမံကိန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦးက ယမန်နေ့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညိုပုနှင့် ပြည်နယ်ဝန်ကြီးများ **စာမျက်နှာ ၄ ကော်လံ ၅ သို့** ✪





01- 2307000, 09-79 2307000 www.i-kbz.com info@i-kbz.com www.facebook.com/ikbzinc https://www.linkedin.com/company/ikbz-insurance-co-ltd

ကြေးမုံ

# မိတ်ကောင်းဆွေကောင်း စေတနာကောင်း

အခက်အခဲများ၊ လိုအပ်ချက်များ၊ အားနည်းချက်များရှိနေချိန်တွင် ဖေးမကူညီစောင့်ရှောက်ပေးသူကို မိတ်ဆွေကောင်းဟု ဆိုသည်။ မိတ်ကောင်းဆွေကောင်း စစ်မစစ် မိမိနိမ့်ကျအားနည်းနေသည့်အချိန်တွင် သိနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ဤသို့ပင်ဖြစ်သည်။ လက်ရှိကာလ၌ နိုင်ငံ၏လိုအပ်ချက်များ ကဏ္ဍအသီးသီးတွင် ရှိနေသည်။ အခက်အခဲအကျပ်အတည်းများ ရှိနေချိန်တွင် ပိုမိုခက်ခဲကျပ်တည်းအောင် ဖန်တီးနေသူများနှင့် အခက်အခဲများ၊ လိုအပ်ချက်များ ပြေလည်စေရေးအတွက် ကူညီကြသူများကိုလည်း တွေ့ရသည်။

မြန်မာနိုင်ငံအပေါ် အစဉ်အဆက် မိတ်ဆွေကောင်းပီသစွာဖြင့် ထောက်ပံ့ကူညီပေးသည့် နိုင်ငံများတွင် ဂျပန်နိုင်ငံသည် ရှေ့တန်းမှ ပါဝင်သည်။ ပြီးခဲ့သည့် ဇူလိုင်လ ၁၆ ရက်နေ့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ၂၀၁၆-၂၀၂၀ ငါးနှစ်တာကာလအတွင်း ဂျပန်ယန်းငွေ ဘီလီယံ ၈၀၀ ပံ့ပိုးပေးသွားရန် ကတိပြုခဲ့ပြီး ရခိုင်ပြည်နယ်အတွက်လည်း ပါဝင်ကူညီပေးမည်ဟု သိရသည်။

ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အကူအညီများစွာပေးလျက်ရှိရာတွင် ဦးစားပေးစီမံချက် ၆၀ ကျော်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းတို့တွင် ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း၊ ရန်ကုန်မြို့ပတ်ရထားစီမံကိန်းအပါအဝင် ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ ရန်ကုန်မြို့တွင်း ယာဉ်သွားလာမှု ချောမွေ့စေရေးအတွက် GPS ထိန်းချုပ်ရေးစခန်းများ တည်ဆောက်ရေး၊ ဟံသာဝတီနိုင်ငံတကာလေယာဉ်ကွင်း တည်ဆောက်ရေး၊ မြန်မာ-ဂျပန် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းဖွင့်လှစ်ရေးတို့အပါအဝင် စီမံကိန်းများစွာကို အကောင်အထည်ဖော်နေသည်ကိုတွေ့ရသည်။

လက်ရှိကာလ၌ ဦးစားပေးဖြည့်ဆည်းပေးရမည့်ဒေသဖြစ်သည့် ရခိုင်ပြည်နယ်အတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ ကူညီထောက်ပံ့ပေးလျက်ရှိပြီး ယခုဂျပန်နိုင်ငံက ရခိုင်ပြည်နယ်၏ ပညာရေးကွက်လပ်များကို ဖြည့်ဆည်းပေးခဲ့သည်မှာ ဝမ်းမြောက်စရာဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်က ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ စာသင်ကျောင်းများ ပျက်စီးခဲ့သည်။ ပျက်စီးခဲ့သော စာသင်ကျောင်း ၈၂ ကျောင်းကို ကူညီထောက်ပံ့ဆောက်လုပ်ပေးခဲ့သည့်အနက် ရခိုင်ပြည်နယ်အတွက် စာသင်ကျောင်း ၃၉ ကျောင်း ဆောက်လုပ်ပြီးစီးခဲ့သည်ကို တွေ့ရသည်။

အလှူရှင်နိုင်ငံများက မြို့ပြနေပြည်သူများ လူမှုဘဝမြင့်မားတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတို့ကို ဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံသည် ခွန်အားနည်းသောနိုင်ငံဖြစ်နေသေးသည်။ မိမိနိုင်ငံ ထည်ထည်ဝါဝါရပ်တည်နိုင်ရေးအတွက် ရုန်းကန်ကြိုးကုတ် အားထုတ်နေရဆဲဖြစ်သည်။ မြန်မာနိုင်ငံ ဖွံ့ဖြိုးရေး၊ စီးပွားရေးကြွယ်ဝရေး၊ စုစည်းညီညွတ်ရေးကို ကြိုးပမ်းအားထုတ်နေချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ကို မလိုလားမရှုဆိတ်သူများရှိကြမည်ဖြစ်ပြီး အပြုသဘောဆောင် အကောင်းမြင်တတ်သည့်နိုင်ငံများ၊ ဂျပန်နိုင်ငံကဲ့သို့ မိတ်ဆွေကောင်းပီသသည့်နိုင်ငံများလည်းရှိမည်ဖြစ်ရာ ၎င်းမိတ်ဆွေနိုင်ငံတို့နှင့် လက်တွဲပူးပေါင်း၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများလူမှုဘဝမြင့်မားတိုးတက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နေသော အချိန်ကာလတွင် အပြုသဘောဆောင် အကောင်းမြင်တတ်သည့်နိုင်ငံများ၊ စိတ်ကောင်းစေတနာဖြင့် ဝိုင်းဝန်းကူညီထောက်ပံ့ပေးသော နိုင်ငံများလိုအပ်ပြီး ၎င်းမိတ်ဆွေနိုင်ငံများနှင့်အတူ ပိုမိုကောင်းမွန်သောနိုင်ငံဖြစ်အောင် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# နေပြည်တော်-ပဲခူး ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးလုပ်ငန်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၂**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက RBE ရထားဖြင့် နေပြည်တော်-ပဲခူး ရထားလမ်းပိုင်း တစ်လျှောက်ရှိ ဘူတာရုံများ၊ တံတားများ၊ ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ဝင်ဘူတာ၊ သာဝတ္ထိဘူတာတို့သို့ ရောက်ရှိရာ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်နိုင်မှုအခြေအနေ၊ ဝန်ထမ်းများဖွဲ့စည်းပုံနှင့် လုံလောက်မှု ရှိမရှိနှင့် မိုးတွင်းကာလဖြစ်၍ ဝန်ထမ်းနေအိမ်များ ပြုပြင်ပေးရမည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**လေလွင့်ဆုံးရှုံးမှုမရှိစေရေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေနီဘူတာ၊ မြို့လှဘူတာ၊ ဆွာဘူတာ၊ ကုန်းကြီးဘူတာ၊ ကျေးတောဘူတာနှင့် တောင်ငူဘူတာတို့သို့ ရောက်ရှိကာ ဘူတာ ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လမ်းခင်းကျောက်များ စုပုံထားရှိမှု၊ ရောက်ရှိလာသော ကျောက်များ အရွယ်အစား၊ အရည်အသွေးကိုက်ညီမှု ရှိမရှိကို ကြည့်ရှုပြီး လမ်းခင်းကျောက်များ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ဘူတာရုံများ၊ ဘူတာဝန်ထမ်းနေအိမ်များ မိုးလုံလေလုံရှိစေရေး တာဝန်ရှိသူများအား ဆောင်ရွက်ပေးကြရန် မှာကြားသည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖြူးဘူတာ၊ တောကျွဲအင်းဘူတာ၊ ပဲနွယ်ကုန်းဘူတာ၊ ညောင်ပင်သာဘူတာတို့သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်းကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေပြီဖြစ်၍ယခင်ကထက် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ သံလမ်း၊ ကွန်ကရစ်ဇလီဖားတုံးနှင့် အချက်ပြစနစ်များကို လဲလှယ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အချိန်မီ ပြီးစီးနိုင်ရန်အတွက် လိုအပ်သည့် ကွန်ကရစ်ဇလီဖားတုံး၊ ကျောက်နှင့် သံလမ်းများကို လုပ်ငန်းခွင်သို့ ရောက်ရှိစေရေး၊ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ် ရထားအချိန်များ ပြောင်းလဲပြီး လမ်းပိုင်းများကို ပြုပြင်ရမည်ဖြစ်သဖြင့် ရထားကြန့်ကြာမှု မရှိစေရေး အထူးဂရုပြု ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ခရီးသွားပြည်သူများ၏ အခက်အခဲများကို ဝန်ထမ်းများအနေဖြင့် တတ်စွမ်းသရွေ့ ကူညီပေးကြရန်လိုကြောင်း မှာကြားသည်။

**လိုရာခရီး ပို့နိုင်တော့မည်**

ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပါက ကီလိုမီတာ ၁၀၀ နှုန်းဖြင့် ပြေးဆွဲပေးနိုင်တော့မည်ဖြစ်၍ ခရီးသွားပြည်သူများ လိုရာခရီးသို့ အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ



**ကျောက်တော် ဇူလိုင် ၂၂**
မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာအုပ်စု သရက်တပင် ဘုန်းတော်ကြီးကျောင်းသစ်ဓမ္မာရုံတွင် ဇူလိုင် တတိယပတ်က ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်(ခ)ဦးမောင်သန်းစိန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြသန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်သန့်အောင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာကျော်စွာတင့်အောင်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိမိခိုင်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်(ခ)ဦးမောင်သန်းစိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သရက်တပင်၊ ကျောက်တလုံး၊ ညောင်ချောင်း၊ စပါးဆိပ်၊ ပေါက်တော၊ မင်းသားတောင်၊ ရွာမပြင် ကျေးရွာတို့မှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မအူပင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်

**မအူပင် ဇူလိုင် ၂၂ ။** မအူပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးစီး၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန၌ ကျင်းပသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဦးက စာရင်းဇယားရေးသွင်းနည်းများကို ဂရုတစိုက်သင်ကြားကြရန်၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွေ့ရှိချက်များကို ရှင်းလင်းဆွေးနွေးသည်။ အခမ်းအနားသို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၅ အုပ်စု ကျေးရွာ ၁၉ ရွာ ကော်မတီဝင်များမှ သင်တန်းသားသင်တန်းသူ ၈၀ တက်ရောက်ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

ကြေးမုံ
ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

# ဆရာကြီး ဒေါက်တာမျိုးမြင့်၏ ရုပ်တုဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၂**

ဆရာကြီး ဒေါက်တာမျိုးမြင့်၏ ရုပ်တုဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ် ပင်လုံဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာ ပါမောက္ခဌာနမှူး(ငြိမ်း) ဆရာကြီး ဦးသီဟ၊ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ ဌာနမှူး(ငြိမ်း) ဒေါ်ခင်လေးမြင့်နှင့် အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီအဖွဲ့ဝင် ဒေါက်တာလွင်လွင်စိုးတို့က ဆရာကြီးဒေါက်တာမျိုးမြင့်၏ ရုပ်တုဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်တို့က ဆရာကြီး ဒေါက်တာမျိုးမြင့်၏ ရုပ်တုအား စက်ခလုတ်နှိပ် ဖွင့်လှစ်ကြသည်။





**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်တို့က ဆရာကြီး ဒေါက်တာမျိုးမြင့်၏ ရုပ်တုအား စက်ခလုတ်နှိပ်ဖွင့်လှစ်ကြစဉ်။**

### စံပြခေါင်းဆောင်

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် ဆရာကြီး ဒေါက်တာမျိုးမြင့်၏ ရုပ်တုကိုထုလုပ်ရခြင်းသည် ဆရာကြီးကိုအမြဲတမ်း အမှတ်ရပြီး စံနမူနာယူနိုင်ရန်၊ ဆရာကြီးကဲ့သို့ စည်းကမ်းရှိ၍ ထူးချွန်ထက်မြက်သည့် အနစ်နာခံနိုင်သော စိတ်ထားရှိသူများဖြစ်လာကြစေရန် ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း၊ ဆရာကြီး၏ရုပ်တုကိုပင်လုံဆောင်တွင်ထားရှိခြင်းမှာ ဆရာကြီးသည် မြန်မာနိုင်ငံ အင်္ဂလိပ်စာသင်ကြားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား ဆောင်ရွက်ခဲ့သူဖြစ်ခြင်း၊ ပင်လုံဆောင်သည် အင်္ဂလိပ်စာ ကျောင်းသား ကျောင်းသူများ ပညာဆည်းပူးရာ နေရာတစ်ခုဖြစ်သကဲ့သို့ ဆရာ ဆရာမများ စီမံခန့်ခွဲသူ အရာရှိများကို လေ့ကျင့်သင်ကြားပေးနေသည့် Training Center တစ်ခုဖြစ်ခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ ဆရာကြီး ဒေါက်တာမျိုးမြင့်သည် မြန်မာနိုင်ငံ အင်္ဂလိပ်စာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမက ပညာရေးဝန်ကြီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာနတို့တွင် စွမ်းစွမ်းတမံ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး တိုင်းပြည်အတွက် အလွန်အားထားရသူဖြစ်ပါကြောင်း၊ ဆရာကြီးသည် ကျောင်းသား ကျောင်းသူများအတွက် စံပြကျောင်းသားတစ်ဦး၊ ဆရာ ဆရာမများအတွက် စံပြဆရာတစ်ဦး၊ ပါမောက္ခများအတွက် စံပြပါမောက္ခတစ်ဦး၊ ပါမောက္ခချုပ်များအတွက် စံပြပါမောက္ခချုပ်တစ်ဦးဖြစ်ပြီး ပညာရေးဝန်ကြီးဌာနအတွက် တန်ဖိုးမဖြတ်နိုင်သော စံပြခေါင်းဆောင်တစ်ဦးဖြစ်ပါကြောင်း။

### မျိုးဆက်သစ်များပေါ်ထွန်း

ယနေ့တွင် ဆရာကြီး၏ ရိုးသားကြိုးစားမှု၊ တည်ကြည်ဖြောင့်မတ်မှု ဂုဏ်ရည်များ၊ သွန်သင်ဆုံးမမှုများ၊ နမူနာကောင်းများ၊ စွမ်းဆောင်ချက်များကို အသိအမှတ်ပြုပြီး ကျေးဇူးတရားများကို အောက်မေ့ကာ ဆရာကြီး၏ရုပ်တုကို ခမ်းခမ်းနားနား ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ ဆရာကြီး၏ ရုပ်တုကို ထုလုပ်ထားရှိသည့်အတွက် ဆရာတစ်ဦးသာမက စာရေးဆရာတစ်ဦး၊ ကဗျာဆရာတစ်ဦး၊ အတွေးအခေါ်ပညာရှင်တစ်ဦးလည်း ဖြစ်သည့်အတွက် ဆရာကြီးသည် အမြဲထာဝရ စံပြတစ်ဦးအဖြစ် တည်ရှိနေမည်ဖြစ်ပါကြောင်း၊ ဆရာကြီး၏ရုပ်တု ထုလုပ်နိုင်ရန်နှင့် ပင်လုံဆောင်၌ ထားရှိနိုင်ရန် အဘက်ဘက်က ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ ရုပ်တုဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ရုပ်တုဖွင့်ပွဲကို ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြသူများ၊ ငွေကြေးအင်အား၊ လူအင်အား ပါဝင်ပေးခဲ့ကြသည့် ဆရာကြီး၏ လုပ်ဖော်ကိုင်ဖက်များ၊ တပည့်သားသမီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရုပ်တုထုလုပ်ပေးခဲ့သော တမ္ပဝတီ ဦးအောင်ကျော်ထွန်းတို့အား ပညာရေးဝန်ကြီးဌာနကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ဆရာကြီး၏ အငွေ့အသက်များ၊ စိတ်ဓာတ်ခွန်အားများနှင့် ဆရာကြီးချမှတ်ခဲ့သည့် စည်းမျဉ်းစည်းကမ်းများ၊ လမ်းစဉ်များအတိုင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် မျိုးဆက်သစ်များ ပေါ်ထွန်းလာစေကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာပါမောက္ခဌာနမှူး (ငြိမ်း) ဆရာကြီးဦးသီဟနှင့် သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်တို့က ဆရာကြီး ဒေါက်တာမျိုးမြင့်အတွက် ဂုဏ်ပြုစကားပြောကြားကြသည်။

ထို့နောက် အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီအဖွဲ့ဝင် ဒေါက်တာလွင်လွင်စိုးက ဆရာကြီး ဒေါက်တာမျိုးမြင့်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ဖတ်ကြားခဲ့ပြီး ဆရာကြီးဒေါက်တာမျိုးမြင့်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိရုပ်ပုံလွှာ ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဇော်ထွန်းက ဆရာကြီးဒေါက်တာမျိုးမြင့်အတွက် ဂုဏ်ပြုကဗျာရွတ်ဆိုခဲ့သည်။

ဆရာကြီး ဒေါက်တာမျိုးမြင့်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်နှင့် အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးစကားဝိုင်း သင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၂**

အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ငြိမ်းချမ်းရေးစကားဝိုင်းသင်တန်း (Dialogue for Peace Facilitator's Training)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ မော်လမြိုင်အဆောင်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် အဖွဲ့ဝင် ပါမောက္ခ Peter Bletch က အမှာစကားပြောကြားပြီး ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. J . Rizal C.Pangilinan က ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၏ ပါဝင်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Dialogue for Peace Facilitator's Training နည်းပြချုပ် Mr. Annas Alabbadi နှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

အဆိုပါ သင်တန်းသို့ အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံ ၁၄ နိုင်ငံမှ ကင်းထောက်လူငယ်များ၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့တို့မှ သင်တန်းနည်းပြများ၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ ကင်းထောက်လူငယ်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ကင်းထောက်လူငယ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ကင်းထောက်မဟုတ်သည့် လူငယ်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းကို နိုင်ငံတကာရင်းနှီးမှုနှင့် လူငယ်ထုအတွင်း တန်ဖိုးများကိုမျှဝေရာတွင် စူးစမ်းရှာဖွေနိုင်မှုများကို စကားဝိုင်းမှရရှိလာရေးတို့ကို ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ မျိုးဆက်၊ လိင် စသည့် အရပ်ရပ်သောအပိုင်းတွင် စကားဝိုင်းများ တိုးတက်လာပြီး ပိုမိုကောင်းမွန်သော ကမ္ဘာကြီးနှင့် ကမ္ဘာ့လုံးဆိုင်ရာ ငြိမ်းချမ်းရေးကို ဦးတည်သောတန်ဖိုးများ မရှိမဖြစ်ရလာစေရန်၊ ယုံကြည်မှု၊ လူမျိုး၊ လိင်၊ အသက်ကိုပဓာနမထားဘဲ အပြုသဘောဆောင်သော စကားဝိုင်းမျိုးဖြင့် လူသားချင်း လေးစားလာစေရန်၊ တစ်ဦးချင်း၏ တန်ဖိုးအဖြစ် စကားဝိုင်းဆိုင်ရာ နည်းပညာရပ်များကို အသုံးချတတ်လာစေရန်နှင့် ယနေ့ကမ္ဘာတွင် ငြိမ်းချမ်းခြင်းလိုအပ်ချက်နှင့် စကားဝိုင်းကိုတန်ဖိုးတက်လာစေရန် ဦးတည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဆွေးနွေးပွဲမျှော်လင့်ချက်များနှင့် ကြေညာချက်များ၊ ဆွေးနွေးပွဲ စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်း၊ ပဋိပက္ခနှင့် ပဋိပက္ခများကို နားလည်ခြင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ လူသားတစ်ဦးချင်းစီ၏ ဖြစ်တည်မှုသတ်မှတ်ခြင်း၊ ကိုယ်ပိုင်သဘောထားအမြင်နှင့် သဘောထားအမြင်ကွဲလွဲမှု၊ တွေ့ဆုံဆွေးနွေးမှုနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် ပံ့ပိုးကူညီမှု၊ ပွင့်လင်းမြင်သာသော ပြောဆိုဆွေးနွေးမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် တွေ့ဆုံဆွေးနွေးမှု၊ ကင်းထောက်လုပ်ငန်းများ တွေ့ဆုံဆွေးနွေးခြင်း၊ နိုင်ငံတွင်းတွေ့ဆုံဆွေးနွေးခြင်းနှင့် အာရှ-ပစိဖိတ်ဒေသအဆင့် အနာဂတ်တွေ့ဆုံဆွေးနွေးပွဲ အစီအစဉ် စသည့် ခေါင်းစဉ်များဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။




မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက "ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နဲ့ ပူးပေါင်းပြီး ငြိမ်းချမ်းရေးသံတမန်များ ဆိုတဲ့သင်တန်းတွေပေးခဲ့ပြီးပါပြီ။ ငြိမ်းချမ်းရေးအတွက် လိုအပ်တဲ့ မတူညီတဲ့ဘာသာစကား၊ မတူညီတဲ့ယဉ်ကျေးမှု၊ မတူညီတဲ့အနေအထားတွေမှာ ငြိမ်းချမ်းရေးဖော်ဆောင်ဖို့အတွက် ဒီသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။ ဒီသင်တန်းမှာ အာရှ-ပစိဖိတ်ဒေသက ကင်းထောက်တွေ ပါဝင်တက်ရောက်ပြီး ကျွမ်းကျင်သူတွေကသင်တန်းပို့ချပေးသွားမှာဖြစ်ပါတယ်။ ဒီသင်တန်းတက်ရောက်တဲ့လူငယ်တွေဟာ အသက် ၁၈ နှစ် ကနေ ၂၆ နှစ်အတွင်း လူငယ်တွေဖြစ်ပါတယ်။ သင်တန်းပြီးဆုံးသွားရင် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသူတွေနဲ့အတူ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းတွေမှာ လက်တွဲဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ကင်းထောက်တွေဟာ ငြိမ်းချမ်းရေးသံတမန်တွေအဖြစ် ပါဝင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သင်တန်းတက်တဲ့လူငယ်တွေက ငြိမ်းချမ်းရေးစကားဝိုင်း သင်တန်းအတွေ့အကြုံတွေကို ထပ်ဆင့်ပြီးဆင့်ပွားနိုင်ခဲ့ရင် နိုင်ငံတော်အတွက် အကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။ ဒီသင်တန်းဟာ အာရှ-ပစိဖိတ်ဒေသမှာ ပထမဆုံးသော သင်တန်းဖြစ်ပါတယ်။ ဒီသင်တန်းမှာ အာရှ-ပစိဖိတ်ဒေသက ကင်းထောက်လူငယ် ၁၆ ဦး၊ မြန်မာနိုင်ငံကင်းထောက် ၂၅ ဦးနဲ့ ကင်းထောက်လုပ်ငန်း စိတ်ဝင်စားသူ ၁၀ ဦး စုစုပေါင်း ၅၁ ဦး တက်ရောက်ကြမှာဖြစ်ပါတယ်။ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် ကော်မတီဝင်ကိုယ်တိုင် ကြီးကြပ်သင်ကြားပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ ငြိမ်းချမ်းရေးစကားဝိုင်းသင်တန်း (Dialogue for Peace Facilitator's Training) ကို ဇူလိုင် ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူး ပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပင့်ဖိတ်ထားသည့် ဒေသခံဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး များနှင့်၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။



ရှေးဦးစွာ ဗန်းမော်ဆရာတော်ကြီးထံမှ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ် များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများရွတ်ပွားချီးမြှင့် တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူ ကြပြီး ဗန်းမော်ဆရာတော်ကြီးထံသို့ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင် မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် တို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သန်လျင်မင်းကျောင်းဆရာတော်ကြီးက အနုမောဒနာတရားဟောကြား ချီးမြှင့်တော်မူပြီး လှူဒါန်း မှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်ကြီး များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# အရေးပေါ်ကုသမှုဆေးပညာ ပိုမိုတိုးတက်စေရေး ဆေးတက္ကသိုလ်များနှင့် အမေရိကန်နိုင်ငံ Stanford University တို့ ပူးပေါင်းဆောင်ရွက်ရန် အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးသည် ဆေးတက္ကသိုလ် (၁) ရန်ကုန်တွင် ယနေ့နံနက်ပိုင်းက ကျင်းပသည့် အရေးပေါ်ကုသမှု ဆေးပညာသင်ကြားမှု၊ သင်ယူမှုကဏ္ဍ ပိုမိုတိုးတက်စေရေး ဆေးတက္ကသိုလ် များနှင့် အမေရိကန်နိုင်ငံ Stanford University တို့ ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာအစည်းအဝေးသို့ တက်ရောက် သည်။



အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီးက အရေးပေါ်ကျန်းမာရေး ကုသစောင့်ရှောက်မှု လိုအပ်ချိန်တွင် အရေးပေါ်ကုသမှု ဆေးပညာဖြင့် အချိန်နှင့်တစ်ပြေးညီ ကုသမှုကို ထိရောက်စွာ စနစ်တကျပေးခြင်းဖြင့် အသက်အား ကယ်တင်နိုင်မည်ဖြစ် သဖြင့် အရေးပေါ်ကုသမှုဆေးပညာ ရပ်မှာ အရေးပါသောပညာရပ်ဖြစ် ကြောင်း၊ ယခုကဲ့သို့ ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ဖြစ်သော အမေရိကန်နိုင်ငံ အခြေစိုက် Stanford Universityနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အရေးပေါ် ကုသမှုဆေးပညာ သင်ကြားမှု၊ သင်ယူမှုနှင့် သုတေသန လုပ်ငန်းများ နိုင်ငံတကာအဆင့်မီ ပိုမိုတိုးတက် မြင့်မားလာမည်ဖြစ်ပြီး ဆရာဝန်များ၊ သူနာပြုများအပါအဝင် ကျန်းမာရေး စောင့်ရှောက်မှုပေးသူ များ၏ ကုသရေးစွမ်းရည်များ တိုးတက် လာကာ ပြည်သူလူထုအား ပိုမိုအရည် အသွေးမြင့်မားသော ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ကြောင်း။

အရေးပေါ် ကုသမှုဆေးပညာ သင်ကြားမှု၊ သင်ယူမှု ပိုမိုတိုးတက် မြင့်မားရေးအတွက် နိုင်ငံ၏ အခြေ အနေနှင့်ကိုက်ညီသော လုပ်ငန်းစဉ် များ ရေးဆွဲချမှတ်ရာတွင် ကာလတို အတွက်သာမက ငါးနှစ်၊ ၁၀ နှစ်၊ ၁၅ နှစ် စသည်ဖြင့် ကာလအပိုင်း အခြားအလိုက် စနစ်တစ်ခု တည်ဆောက်၍ ဦးစားပေးအလိုက် ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ဆေးပညာဘာသာရပ် အသီးသီးမှ ဆေးပညာရှင်များ၊ ပုဂ္ဂလိကကဏ္ဍမှ ဆေးပညာရှင်များသည် နိုင်ငံတကာမှ ဆေးပညာရှင်များနှင့် အပြန်အလှန် လေးစားမှုရှိပြီး အားလုံးအတူတကွ ဝိုင်းဝန်း၍ collective approach ဖြင့် စုပေါင်းဆောင်ရွက်ကြမည် ဆိုပါက မြန်မာနိုင်ငံ၏ ဆေးပညာ ရပ်နယ်ပယ်အသီးသီးနှင့် ကျန်းမာရေး ကဏ္ဍသည် မကြာမီကာလအတွင်း သိသာထင်ရှားစွာ ပိုမိုတိုးတက်မြင့်မား လာပြီး အိမ်နီးချင်းနိုင်ငံများနှင့်သာ မက နိုင်ငံတကာအဆင့်မီအထိ ဆောင်ရွက်နိုင်မည်ဟု ယုံကြည် ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ဇော်ဝေစိုး၊ အရေးပေါ်ကုသမှု ဆေးပညာဌာနမှ ပါမောက္ခဒေါက်တာ မော်မော်ဦး၊ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီး အရေးပေါ် ဆေးကုသမှုဌာနမှ အထူးကုဆရာဝန် ဒေါက်တာသန်းလတ်အောင်နှင့် သူနာပြုတက္ကသိုလ် လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို (ရန်ကုန်)မှ အရေးပေါ်ကုသမှု ဆေးပညာ နည်းပြဆရာမ ဒေါ်သီတာခင်တို့က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Stanford University School of Medicine မှ အရေးပေါ်ကုသမှုဆေးပညာ ပါမောက္ခ ဖြစ်သူ Professor S.V. Mahadevan က Stanford University အနေဖြင့် မြန်မာနိုင်ငံ တွင် သင်ကြားလျက်ရှိသော အရေးပေါ်ကုသမှု ဆေးပညာသင်ရိုး ညွှန်းတမ်းကို နိုင်ငံ၏လိုအပ်ချက် အတိုင်း နိုင်ငံတကာအဆင့်မီပူးပေါင်း ညှိနှိုင်း အဆင့်မြှင့်တင်ပေးနိုင်ရန် အတွက်လည်းကောင်း၊ ဆက်သွယ် ရေးကွန်ရက် အင်တာနက်ကို အသုံးပြု၍ ဆေးပညာဘွဲ့ကြို သင်တန်းများ၊ ဘွဲ့လွန်သင်တန်း များတွင် အရေးပေါ်ကုသမှုဆေးပညာ သင်ခန်းစာများပို့ချခြင်းနှင့် အတွေ့ အကြုံဖလှယ်ခြင်းများကို ဆောင်ရွက် နိုင်ရန်အတွက် လည်းကောင်း၊ လက်တွေ့ကုသမှု သင်ကြားခြင်း အပါအဝင် အဆင့်မြှင့်သင်ကြား လေ့ကျင့်မှုများ၊ သုတေသနလုပ်ငန်း များ၊ ဆန်းသစ်တီထွင်ဆောင်ရွက်ခြင်း လုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ပေါင်းစပ်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြား သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အရေးပေါ်ကုသမှု ဆေးပညာ အဆင့်မြှင့်သင်ကြား လေ့ကျင့်ရေးကိစ္စရပ်များကို မိမိတို့ ကိုယ်ပိုင်အရေးကိစ္စကဲ့သို့ အားထုတ် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသော အရေးပေါ်ကုသမှု ဆေးပညာရှင် များကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ အင်တာနက်ကို အသုံးပြု၍ ဆေးပညာ သင်ကြားလေ့ကျင့်ခြင်း သည် မြို့နယ်ဆရာဝန်များ၊ တိုက်နယ် ဆရာဝန်များ၊ အခြေခံကျန်းမာရေး ဝန်ထမ်းများကို tablet များဖြန့်ဝေမည့် အစီအစဉ်နှင့်လည်း ကိုက်ညီလျက် ရှိပြီး နိုင်ငံ၏ ဆက်သွယ်ရေးကွန်ရက် သည်လည်း နေရာအများအပြားတွင် ကောင်းမွန် မြန်ဆန်လျက်ရှိနေပြီ ဖြစ်သဖြင့် ပိုမိုသိသာထိရောက်သော အောင်မြင်မှုများကို leapfrogging အနေဖြင့် လျင်မြန်စွာရရှိနိုင်မည်ဖြစ် ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

## ❖ ရွှေဖုံးမှ

တပ်ဆင်ထားပြီး လမ်းကြောအားလုံးကိုလည်း Cover ဖြစ်စေရန်အတွက် တပ်ဆင်ခြင်းဖြစ်သည်။

"D SCATS စနစ်က လမ်းစည်းကမ်းအတွက်ရော လုံခြုံရေး အတွက်ပါ သုံးတဲ့ ကင်မရာပါ။ ယာဉ်တိုက်မှုဖြစ်ရင် report က ချက်ချင်းရောက်တယ်"ဟု အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ဦးဇော်ဝင်းက ပြောသည်။

SCATS မီးပွိုင့်များအနီးတွင် သီးသန့်တိုင်ထောင်၍ CCTV အလုံးပေါင်း ၁၃၀ ကျော်ကို လမ်းကြောအတိုင်း မှတ်တမ်းယူနိုင်ရန်အတွက် တပ်ဆင်ပြီးစီးနေပြီး ယင်းတွင် Speed Dome ကင်မရာ ၁၁ လုံး၊ Run the red light ၂၁ လုံး၊ License Plate Recognition ၁၁၇ လုံး ပါဝင်ကြောင်း သိရသည်။

အဆိုပါ SCATS (Sydney Coordinated Adaptive Traffic System) မီးပွိုင့်ကို မန္တလေးမြို့တွင် အလုံးပေါင်း ၁၂၀ ခန့် တပ်ဆင်ပြီးပြီဖြစ်ကြောင်း သိရသည်။

**သူရိန်လင်း**

## ❂ ရန်ကုန်-စစ်တွေမှ

လာရောက်စစ်ဆေးစဉ်ပြောကြားသည်။

အဆိုပါတံတားမှာ မြောက်ဦးမြို့နယ်နှင့် ကျောက်တော်မြို့ကြား ဆက်သွယ်သည့် နေရာတွင်ရှိပြီး တံတားအရှည် ပေ ၃၆၀၊ တံတားအကျယ် ပေ ၃၀ ၊ တစ်ဖက်လျှောင် လူသွားလမ်း သုံးပေစီပါရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ရေလမ်းကင်းလွတ်အကျယ် ၈၆ ပေ ရှိကာ ခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

ယင်းတံတားကို ပြည်ထောင်စုဘတ်ဂျက်ဖြင့်တည်ဆောက်ခြင်းဖြစ်ပြီး ပင်မ တံတားနှင့် ချဉ်းကပ်လမ်းတည်ဆောက်မှုအတွက် နှစ်ရပ်ပေါင်းစုစုပေါင်း ကုန်ကျငွေကျပ် ၂၂၈၀ သန်းဖြစ်ကြောင်း သိရသည်။

တံတားတည်ဆောက်မှုပြီးစီးသွားပါက စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့နယ်များမှ ပြည်သူများ သွားလာရေး လွယ်ကူချောမွေ့ လာမည့်အပြင် ရန်ကုန်- စစ်တွေ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိနေသည့်အတွက် ရန်ကုန်နှင့် စစ်တွေမြို့ကြီးများအကြား ခရီးသည်ပို့ဆောင်ရေး နှင့် ကုန်စည်ပို့ဆောင်ရေးတို့အတွက်လည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - မြင့်မောင်စိုး**

# ကျောက်တော်မြို့နယ်တွင် လေပြင်းတိုက်၍ နေအိမ်တစ်လုံးပျက်စီး

**ကျောက်တော် ဇူလိုင် ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် ရန်ကုန်-စစ်တွေကားလမ်း နံဘေးရှိ သဇင်ကျေးရွာ(ခ) ကာဒီကျေးရွာတွင် ယမန်နေ့ နံနက် ၁၁ နာရီက ရုတ်တရက်လေပြင်းတိုက်ခတ်၍ နေအိမ်တစ်လုံးပျက်စီးကာ နေအိမ်နှစ်လုံးနှင့် ဆန်စက်နှစ်လုံးမှာ အမိုးများပျက်စီးခဲ့သည်။

အလားတူ အပေါက်ဝကျေးရွာတွင်လည်း နေအိမ်တစ်လုံး အမိုးလန်ခဲ့ပြီး နွားတစ်ကောင် သစ်ပင်ပိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ




**ရန်ကုန် ဇူလိုင် ၂၂**
ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကမာရွတ်မြို့နယ် ရွှေလီလမ်း အမှတ်(၉/က)ရှိ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ) ဦးမြင့်နိုင်နှင့်ဇနီးတို့က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့ပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးနှင့် ဝန်ထမ်းများက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အိုင်အိုဒင်းဆားကြိတ်စက်များ၊ သစ်တောစိုက်ခင်းများနှင့် ဝါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၂**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဇူလိုင် ၂၁ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရန်ကင်းတောင်ရပ် ကမ်းနားလမ်းရှိ နေမင်း အိုင်အိုဒင်းဆားကြိတ်စက်နှင့် ကုလားစု အမှတ်(၉)ရပ်ကွက်ရှိ ရွှေပြည်တန် အိုင်အိုဒင်းဆားကြိတ်စက်တို့သို့ သွားရောက်လေ့လာရာ စက်ရုံတာဝန်ရှိသူများက ဆားကြမ်းများ အဆင့်ဆင့် ဆေးကြောသန့်စင်ခြင်း၊ အိုင်အိုဒင်းဆားချော ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ယင်းသို့ တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချနိုင်မှု၊ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် စက်ရုံရေရှည်လည်ပတ်နိုင်ရေး နည်းပညာပိုင်းဆိုင်ရာ ဖြန့်ဖြူးပေးနိုင်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်-ငွေဆောင်ကားလမ်း မိုင်တိုင်အမှတ် ၁၇/၀ အနီး သလပ်ခွာကြိုးဝိုင်း အကွက်အမှတ် ၂၇ အတွင်း စိုက်ပျိုးတည်ထောင်ထားသော ၁/၂၀၁၈ စီးပွားရေး ပျဉ်းကတိုးစိုက်ခင်း ဧက ၃၅၀ ဧကကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း အမြဲတမ်းစခန်းရုံးသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ဒီရေတောစိုက်ခင်းများ နှစ်စဉ်လျာထားချက်ပြည့်မီ ရှင်သန်အောင်မြင်အောင် စိုက်ပျိုးတည်ထောင်ရန်၊ ယခုနှစ်မိုးရာသီအတွင်း ဝါးစိုက်ခင်းများကို မြို့နယ်အလိုက် စိုက်ပျိုးတည်ထောင်သွားရန်၊ တောဆင်ရိုင်းများသတ်ဖြတ်ခံနေရမှုအပေါ် ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်မည့် အစီအမံများရေးဆွဲပြီး အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်-ငွေဆောင်ကားလမ်း မိုင်တိုင်အမှတ် ၁၉/၀ အနီး ပုသိမ်သစ်ထုတ်ရေးဒေသ ငွေဆောင်ဆင်စခန်းသို့ရောက်ရှိ စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာပေါင်းမြို့နယ် ဥယျာဉ်ကုန်းသစ်ဆိပ်သို့ရောက်ရှိရာ တာဝန်ရှိသူများက ၂၀၁၈-၂၀၁၉ သစ်ထုတ်လုပ်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လာမည့်နှစ်များအတွင်း ထုတ်လုပ်နိုင်မည့် သစ်တန်ပမာဏနှင့်စပ်လျဉ်း၍ သစ်မျိုးအလိုက် ပင်ထောင်တည်ရှိမှုကို သစ်တောဦးစီးဌာနနှင့်အတူ ကွင်းဆင်းစစ်ဆေးရန်နှင့် ရရှိလာသည့် အချက်အလက်များအပေါ် မူတည်၍ ထုတ်လုပ်မည့်တန်ပမာဏကို သစ်တော၊ သစ်လုပ်ငန်းတို့က ညှိနှိုင်းတင်ပြရန်မှာကြားခဲ့ပြီး သစ်ဆိပ်အတွင်း လပ်ပုံထိုင်လေလံတင်ရောင်းချထားသည့် သစ်လုံးများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ်ဆိပ်ဧရိယာအတွင်း စိုက်ပျိုးတည်ထောင်ထားသည့် ဝါးစိုက်ခင်း တစ်ဧကကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၂**
ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူလူထုနှင့် ကျောင်းသားလူငယ်များ အတွင်း မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ အမှုဆောင်အဖွဲ့များ တွေ့ဆုံပွဲကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်း အမှတ် (37/G)ရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)သင်တန်းခန်းမ၌ ပြုလုပ်သည်။




တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ရဲချုပ် စိုးဝင်း(ငြိမ်း)က အဖွင့် အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရိုင်ပညာရေးမှူးများက ကျောင်းများတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များကို တင်ပြကြသည်။

ဆက်လက်၍ အင်းစိန်မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ လှိုင်သာယာမြို့နယ်၊ တာမွေမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်များရှိ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများက မြို့နယ်များအတွင်း မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို အကြံပြုဆွေးနွေး တင်ပြကြသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစိုင်းအောင်မင်းက မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်ဗဟိုကော်မတီ အစည်းအဝေး ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကို ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းအဖွဲ့ဝင် ဦးစိုးသန်းထွန်းက အလှူငွေကျပ် ကိုးသိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်**

# သံလွင်မြစ်ရေစိုးရိမ်ရေမှတ်အထက် တည်ရှိ

**နေပြည်တော် ဇူလိုင် ၂၂**
ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**ကြေးမုံ**

# ပြည်ထောင်စုအခွန်အကောက်ဥပဒေ ရှင်းလင်းပွဲ အောင်လံမြို့၌ ကျင်းပ

**အောင်လံ ဇူလိုင် ၂၂**
ပြည်ထောင်စုအခွန်အကောက်ဥပဒေရှင်းလင်းပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမောင်မောင်ထွန်းက ၂၀၁၈ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေ၊ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်တို့နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့ကြသည့် အောင်လံမြို့နယ်နှင့် ကံမမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင် အခွန်ထမ်းပြည်သူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးကိုကို(အောင်လံ)**

# ဥပဒေကို မသိနားမလည်သဖြင့် အပြစ်မှ ကင်းလွတ်ခွင့်မရနိုင်ပါ

■ လွင်သွင်ဦး

လူသားများသည် အကြောင်းအရာမျိုးစုံ၊ ဘာသာရပ်မျိုးစုံကို သိနားလည်နိုင်ခြင်းမရှိပါ။ မိမိကျွမ်းကျင်ရာ၊ လိမ္မာရာ ဘာသာရပ်အကြောင်းအရာများကိုသာ သိနားလည်နိုင်ပါသည်။ ထိုသို့ အကြောင်းအရာအားလုံးကို မသိနားမလည်သဖြင့်လည်း ထိုသူကိုအထင်သေး၍၊ အပြစ်တင်၍ မရနိုင်ပါ။ သို့ရာတွင် လူ့အဖွဲ့အစည်းတွင် နေထိုင်သောလူများသည် ဥပဒေကိုသိနားလည်ရန် လိုအပ်ပါသည်။ ဥပဒေကို ဥပဒေပညာရှင်တစ်ယောက်ကဲ့သို့ တတ်ကျွမ်းခြင်းမရှိသော်လည်း နိုင်ငံတော်တွင် ပြဋ္ဌာန်းထားသော ဥပဒေပါတားမြစ်ချက်များကို သိရှိရန်လိုအပ်ပါသည်။ တရားမဥပဒေ၊ ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပြည်ပြည်ဆိုင်ရာဥပဒေစသည်တို့ကဲ့သို့ ပြစ်မှုနှင့် ပြစ်ဒဏ်ပြဋ္ဌာန်းထားခြင်းမရှိသော ဥပဒေများကိုမသိရှိလျှင် ဥပဒေဗဟုသုတမရှိဟုသာ ဆိုနိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ တားမြစ်ချက်များ၊ ပြဋ္ဌာန်းထားသော ဥပဒေများကို မသိရှိလျှင် ဒုက္ခနှင့်ကြုံတွေ့နိုင်ပါသည်။

### ကမ္ဘာ့နိုင်ငံများက လက်ခံထား

ဥပဒေ၏ ဆိုရိုးစကားနှင့် ကျင့်သုံးလိုက်နာသောမူတစ်ခုမှာ ဥပဒေကို သိရှိနားလည်ခြင်းမရှိသဖြင့် အပြစ်မှကင်းလွတ်ခွင့်ရရှိမည်မဟုတ် (ignorance of law excuses no one) ဟု ကမ္ဘာ့နိုင်ငံအများက လက်ခံထားကြပါသည်။ ဆိုလိုရင်းမှာ ဥပဒေကို သိနားလည်ခြင်းမရှိသောသူသည် ဥပဒေကိုချိုးဖောက်ခြင်းအတွက် တာဝန်ရှိမှုမှ ကင်းလွတ်ခွင့်ရနိုင်မည်မဟုတ်ကြောင်း လက်ခံထားသည့် ဥပဒေရေးရာမူသဘောတရားဖြစ်ပါသည်။ ထိုသဘောတရားကို လက်ခံနိုင်ရန်မှာ နိုင်ငံ၏ဥပဒေများသည် သင့်လျော်စွာ ပြဋ္ဌာန်းထားရမည်။ ထိုဥပဒေများကို ထုတ်ဝေဖြန့်ချိထားရမည်။ ဥပမာအားဖြင့် နိုင်ငံတော်ပြန်တမ်းတွင် ပုံနှိပ်ထုတ်ဝေခြင်း၊ အင်တာနက်မှဖြန့်ချိခြင်း၊ ပြည်သူများဝယ်ယူနိုင်သောနှုန်းထားဖြင့် စာအုပ်ထုတ်ဝေရောင်းချခြင်း၊ ဥပဒေထုတ်ပြန်ပြီးနောက် သတင်းစာများတွင်ဖော်ပြခြင်း စသည့်နည်းလမ်းတို့ဖြင့် အများပြည်သူသိအောင် ဆောင်ရွက်ထားရမည်ဖြစ်ပါသည်။ ထုတ်ပြန်ကြေညာခြင်းမပြုသော ဥပဒေကို ဥပဒေအဖြစ် ဆိုနိုင်မည်မဟုတ်ပါ။

ဥပဒေကိုချိုးဖောက်သည်ဆိုရာတွင် ဥပဒေအရ တားမြစ်ထားသည့်အချက်များကို ပြုလုပ်ခြင်း သို့မဟုတ် ဥပဒေက ဆောင်ရွက်ရန် သတ်မှတ်ထားသောအချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းဟု ခွဲခြားတွေ့ရှိရပါသည်။ ဥပမာအားဖြင့် မူးယစ်ဆေးဝါးကို လက်ဝယ်ထားခြင်းမပြုရဟု တားမြစ်ထားချက်ကို ဖောက်ဖျက်ပြီး မူးယစ်ဆေးဝါးကို လက်ဝယ်ထားလျှင် ပြစ်မှုမြောက်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းပြုလိုလျှင် ဥပဒေနှင့်အညီ သက်ဆိုင်ရာအာဏာပိုင်ထံ အသိပေးတင်ပြပြီးမှ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားရာ ထိုသို့ အသိပေးတင်ပြရန် ပျက်ကွက်လျှင် ဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

ပြစ်မှုများတွင်လည်းကောင်း၊ တရားမမှုများတွင်လည်းကောင်း၊ သက်သေခံဥပဒေနှင့် သက်ဆိုင်ရာ အထူးဥပဒေများအရ ပြဋ္ဌာန်းထားသော သက်သေပြရန် တာဝန်ရှိပါသည်။ ပြစ်မှုများတွင် တရားလိုနှင့်တရားခံဟုရှိရာ တရားခံအပြစ်ရှိကြောင်းသက်သေပြရန် တာဝန်သည် (အချို့သော အထူးဥပဒေများပါ ပြဋ္ဌာန်းချက်များမှတစ်ပါး) ယေဘုယျအားဖြင့် တရားလိုသည် တရားခံအပြစ်ရှိကြောင်း သက်သေပြရန် တာဝန်ရှိပါသည်။ တရားလိုဘက်မှ တရားခံအပြစ်ရှိကြောင်း သက်သေပြနိုင်သဖြင့် တရားခံအပေါ် သက်ဆိုင်ရာဥပဒေအရ ပြစ်မှုဖြင့် စွဲချက်တင်ပြီးသည့်အခါတွင် အပြစ်မရှိကြောင်း သက်သေပြရန်တာဝန်သည် တရားခံအပေါ် ကျရောက်ပါသည်။ တရားခံက စွဲချက်ကိုဝန်ခံလျှင် ထိုက်သင့်သောပြစ်ဒဏ် ကျခံရမည်ဖြစ်ပါသည်။ တရားခံက စွဲချက်ကို အပြစ်မရှိကြောင်းငြင်းဆိုပါက တရားခံသည် ထိုပြစ်မှုကို လုံးဝကျူးလွန်ခြင်းမရှိကြောင်း ငြင်းဆိုနိုင်ပါသည်။ ထိုသို့ ငြင်းဆိုလျှင် ကျူးလွန်ခြင်းမရှိကြောင်းကို တရားခံက သက်သေပြရန် တာဝန်ရှိပါသည်။ တရားခံသည် စွဲချက်ပါပြစ်မှုကို ပြုလုပ်ကြောင်း ဝန်ခံသော်လည်း ထိုသို့ပြုလုပ်မှုမှာ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာဥပဒေများတွင် ပြဋ္ဌာန်းထားသော ကင်းလွတ်ရမြဲအချက်များတွင် ကျရောက်သဖြင့် ပြစ်မှုမှကင်းလွတ်ခွင့်ရကြောင်း၊ ပြစ်မှုမမြောက်ကြောင်း သက်သေပြနိုင်ပါသည်။ ဥပမာ တရားခံသည် ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးပြုခြင်းဖြစ်ကြောင်း၊ ကာကွယ်ခုခံပိုင်ခွင့်အရ ပြုလုပ်ရာတွင် တရားလိုဒဏ်ရာရရှိသွားခြင်းဖြစ်ကြောင်း သက်သေပြနိုင်လျှင် ပြစ်မှုမြောက်မည် မဟုတ်ပါ။

ထိုသို့ထုချေရာတွင် တရားခံက စွဲဆိုထားသော ပြစ်မှုကို ပြုလုပ်မိကြောင်း၊ သို့ရာတွင် ထိုသို့ပြုလုပ်မိခြင်းမှာ မိမိသည် ထိုဥပဒေကို သိရှိနားလည်ခြင်းမရှိသောကြောင့် ပြုလုပ်မိခြင်းဖြစ်သဖြင့် အပြစ်မရှိကြောင်း ထုချေ၍အပြစ်မှ ကင်းလွတ်ခွင့်ရရှိနိုင်မည်မဟုတ်ပါ။ ဥပဒေကို သိနားလည်ခြင်းမရှိသဖြင့် ပြစ်မှုမှကင်းလွတ်ခွင့် ပြုမည်ဆိုပါက ပြစ်မှုကျူးလွန်သူတိုင်းသည် ပြစ်မှုမှ လွတ်မြောက်နေမည် ဖြစ်ပါသည်။

ပြစ်မှုမြောက်ရန် အချက်များကို သုံးသပ်ရာတွင် အချို့သော ပြစ်မှုများ၏ အင်္ဂါရပ်များတွင် ပြစ်မှုမကင်းသောစိတ် သို့မဟုတ် ပြစ်မှုကျူးလွန်ရန် ကြံရွယ်ချက်ကို ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ဥပမာအားဖြင့် ခိုးမှု၊ ပြစ်မှုမကင်းသော အလွဲသုံးစားမှု၊ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု စသည့် ပြစ်မှုတို့တွင် ပြစ်မှုကျူးလွန်သူ၏ မရိုးမဖြောင့်သောသဘောဆိုသည့် အချက်မှာ အဓိကကျပါသည်။ သဘောရိုးဖြင့် ပြုလုပ်ခြင်းဖြစ်လျှင် သို့မဟုတ် ပြစ်မှုမကင်းသောစိတ်၊ မရိုးမဖြောင့်သော သဘောမရှိလျှင် ပြစ်မှုမြောက်နိုင်မည်မဟုတ်ပါ။ ဤနေရာတွင် ပြစ်မှုမကင်းသောစိတ်မရှိခြင်းနှင့် ဥပဒေကို သိနားလည်မှုမရှိခြင်းတို့သည် တူညီမှုမရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပြစ်မှုမကင်းသောစိတ်မရှိခြင်းနှင့် ဥပဒေကို သိနားလည်မှုမရှိခြင်းတို့ကို ခွဲခြားသုံးသပ်ရမည်ဖြစ်ပါသည်။

စာရေးသူ တွေ့ကြုံဖူးသည့် သာဓကလေးများကို တင်ပြလိုပါသည်။ ၁၉၉၆ ခုနှစ်ခန့်က မြို့နယ်တစ်ခုတွင် တာဝန်ထမ်းဆောင်ပါသည်။ ထိုစဉ်က ရန်ကုန်မြို့နှင့်တကွ အချို့သော မြို့နယ်များတွင် တောရွာမြို့ပါမကျန် ချဲထီထိုးခြင်း၊ ချဲထီဒိုင်ကိုင်ခြင်းတို့ကို အများအပြား လုပ်ဆောင်ကြပါသည်။ ထိုသို့အများသူငါက ချဲထိုးကြသဖြင့် ချဲထိုးခြင်းသည် အစဉ်အလာတစ်ခုအဖြစ် လက်ခံကြပြီး ပြစ်မှုကျူးလွန်သည်ဟု မမှတ်ယူကြတော့ပါ။ တစ်ဦးနှင့် တစ်ဦး ချဲဂဏန်းမေးခြင်း၊ ချဲဂဏန်းတွက်ခြင်း၊ ချဲထီထိုးခိုင်းခြင်းတို့မှာ လုပ်နေကျအလုပ်တစ်ခုအဖြစ်သာ လုပ်ဆောင်ကြပါသည်။ မည်သူကမျှ အထင်သေးခြင်း၊ အပြစ်ပြောခြင်း မပြုကြပါ။ ရွာတစ်ရွာတွင် ချဲဒိုင်ကိုင်သော အမျိုးသမီးတစ်ဦးနှင့် ချဲထိုးသော အမျိုးသမီးတစ်ဦးတို့ ချဲပေါက်သည်ကို မလျော်သဖြင့် အချင်းများကြပါသည်။ ၎င်းတို့နှစ်ဦး ကျေးရွာဥက္ကဋ္ဌထံ ထိုကိစ္စကို သွားရောက်တိုင်ကြားပါသည်။ ဥက္ကဋ္ဌကမေးသည့်အခါ နှစ်ဦးလုံးက ချဲထိုးခြင်းမှန်ကြောင်း၊ သို့ရာတွင် ပိုက်ဆံ လက်ငင်းချေမသွား၍ မလျော်ခြင်းဖြစ်ကြောင်း ပြောကြားပါသည်။ ဥက္ကဋ္ဌက သူဖျန်ဖြေပေးသည်ကို လက်မခံလျှင် မြို့က ရဲစခန်းသို့ လွှဲစာရေးပေးမည်ဖြစ်ကြောင်း ရဲစခန်းတွင် ရှင်းကြရန်ပြောပါသည်။ ကျေးရွာများတွင် ပြဿနာတစ်ခုဖြစ်လျှင် ကျေးရွာဥက္ကဋ္ဌထံ ရောက်ရှိပြီး ဥက္ကဋ္ဌက လွှဲစာရေးပေးမှသာ ရဲစခန်းသို့ သွားရောက်ကြသည့် ဓလေ့ရှိကြပါသည်။ ဤသို့နှင့် ၎င်းတို့နှစ်ဦး ရဲစခန်းသို့ ရောက်သွားပါသည်။ ရဲစခန်းသို့ရောက်သည့်အခါ ရဲစခန်းမှူးက အဖြစ်အပျက်ကို မေးမြန်းပြီး တကယ်မှန်၊ မမှန် စစ်ဆေးရာ မှန်ကန်ကြောင်း ဖြေကြားသဖြင့် နှစ်ဦးလုံးကို လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူပါသည်။ ချဲထိုးသည့်အမျိုးသမီးက ‘ချဲပေါက်တာမလျော်လို့ လာတိုင်တာ၊ ဘာကြောင့်သူ့ကိုပါ အရေးယူရပါသလဲ’ဟုမေးမြန်းရာ ချဲထီထိုးသည်ဆိုသည်မှာ ထိုးသူရော၊ ဒိုင်ပါ နှစ်ဦးစလုံး လောင်းကစားဥပဒေအရ အပြစ်ရှိကြောင်း ရဲစခန်းမှူးက ရှင်းပြပါသည်။ ထိုအခါ ၎င်းတို့နှစ်ဦးစလုံး ထိုင်ငို၍ အမှုဖြစ်ရသည့်ဘဝသို့ ရောက်သွားပါသည်။ ဤအဖြစ်အပျက်မှာ ဥပဒေကို မသိရှိသဖြင့် ကျူးလွန်ကြခြင်းဖြစ်ပါသည်။ သို့သော်လည်း အပြစ်မှ ကင်းလွတ်ခွင့်မရနိုင်ပါ။

> နိုင်ငံတိုင်းတွင် ဥပဒေအရ တားမြစ်ချက်များရှိပါသည်။ ထိုတားမြစ်ချက်ကို ဖောက်ဖျက်ပါက သက်ဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။ ထိုတားမြစ်ချက်သည် ကြီးလေးသော ပြစ်မှုများရှိသကဲ့သို့ သာမန်ကိစ္စများလည်းရှိပါသည်။ ထိုနိုင်ငံအတွင်း မှီတင်းနေထိုင်သော နိုင်ငံသားများနှင့် အမြဲနေထိုင်သူများဖြစ်စေ၊ တစ်ခါတစ်ရံ ရောက်ရှိလာသော ခရီးသွားဧည့်သည်ဖြစ်စေ မည်သူမဆို နိုင်ငံနယ်နိမိတ်အတွင်း ရောက်ရှိနေပါက ထိုနိုင်ငံ၏ဥပဒေကို လေးစားလိုက်နာရမည်ဖြစ်ပါသည်။ ဥပဒေကို မသိနားမလည်သဖြင့် ဖောက်ဖျက်မိပါသည်ဟု ခုခံချေပ၍ ရမည်မဟုတ်ပါ။ နိုင်ငံ၏ ဥပဒေအရ တားမြစ်ချက်များကို လူတိုင်းလိုက်နာရမည်ဖြစ်

မြို့ရွာများတွင် နာရေးဖြစ်ပွားပါက ရက်လည်သည်အထိ လောင်းကစားဝိုင်းများ(ဖဲဝိုင်းများ) ပြုလုပ်လေ့ရှိပါသည်။ နာရေးအိမ်တွင် ညပိုင်း၌ စောင့်မည့်သူနည်းပါးသဖြင့် ညပိုင်းအစောင့်များ ရရှိစေရန်လည်းကောင်း၊ လောင်းကစားဝိုင်းမှ ရရှိသောအကောက်ငွေဖြင့် နာရေးကို ကူညီပံ့ပိုးရန်လည်းကောင်း အကြောင်းအမျိုးမျိုးဖြင့် လောင်းကစားဝိုင်းများ ပြုလုပ်ကြပါသည်။ ဤသို့ပြုလုပ်ခြင်းကို ဓလေ့ထုံးစံတစ်ရပ်အဖြစ် လက်ခံထားကြပြီး ဥပဒေနှင့် ငြိစွန်းသည်ဟု နားမလည်ကြပါ။ သက်ဆိုင်ရာ ရပ်ကွက်လူကြီးများ၊ ရဲစခန်းများကလည်း နာရေးအိမ်တွင်ပြုလုပ်သည့် လောင်းကစားဝိုင်းကို ဖမ်းဆီးလေ့မရှိပါ။ ထို့ကြောင့် နာရေးအိမ်တွင် လောင်းကစားခြင်းသည် ဖမ်းဆီး၍မရ၊ ဥပဒေအရ အရေးမယူနိုင်ဟု နားမလည်သူများကလည်း ယူဆကြပါသည်။ ၁၉၉၈ ခုနှစ်ခန့်က ဖြစ်ပါသည်။ မြို့တစ်မြို့ရှိ ရပ်ကွက်တစ်ခုတွင် နာရေးဖြစ်ပွားသဖြင့် လောင်းကစားဝိုင်းပြုလုပ်ပါသည်။ သက်ဆိုင်ရာ ရပ်ကွက်လူကြီးက ရဲကိုတိုင်ကြားပြီး ဝင်ရောက်ဖမ်းဆီးပါသည်။ အိမ်ရှင်နှင့် ကစားသူများက ဖမ်းဆီး၍မရကြောင်း၊ နာရေးရှိသဖြင့် လောင်းကစားဝိုင်းပြုလုပ်ခြင်းဖြစ်ကြောင်း ငြင်းဆိုခုခံကြပါသည်။ သို့ရာတွင် လောင်းကစားဥပဒေ၌ နာရေးအိမ်တွင် လောင်းကစားပါက လောင်းကစားမှုမမြောက်ကြောင်း ခြွင်းချက်ပြုပြဋ္ဌာန်းထားခြင်းမရှိပါ။ ထို့ကြောင့် အိမ်ရှင်နှင့်ကစားသူများ လောင်းကစားဥပဒေအရ အရေးယူခြင်းခံကြရပါသည်။ ဤအဖြစ်အပျက်မှာလည်း ဥပဒေကို မသိနားမလည်သဖြင့် ကျူးလွန်ခြင်းဖြစ်သော်လည်း ကင်းလွတ်ခွင့်မရသည့် သာဓကတစ်ခု ဖြစ်ပါသည်။

မူးယစ်ဆေးဝါးဥပဒေတွင် ဘိန်း၊ ကိုကင်း၊ ဆေးခြောက်နှင့် ထိုပစ္စည်းများ ပါဝင်ဖော်စပ်ထားသော အရာဝတ္ထုပစ္စည်းများသည်လည်း မူးယစ်ဆေးဝါးဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ဆေးဝါးများသည်လည်း မူးယစ်ဆေးဝါးတွင် ပါဝင်ပါသည်။ ထိုသို့ အမိန့်ကြော်ငြာစာထုတ်ပြန်ထားသော မူးယစ်ဆေးဝါးအမျိုးအမည်များမှာ အလွန်များပြားပါသည်။ ထိုဥပဒေကို ကိုင်တွယ်အသုံးပြုနေသော တာဝန်ရှိသူများပင် အချို့ဆေးများကို မှတ်မိသိရှိနိုင်ခြင်းမရှိပါ။ ထိုသို့မသိရှိသဖြင့် အဆိုပါ အမိန့်ကြော်ငြာစာထုတ်ပြန်ထားသော ဆေးဝါးကို လက်ဝယ်ထားရှိခြင်း၊ သယ်ပို့ခြင်း၊ ရောင်းချခြင်း၊ ပြုမည်ဆိုပါက အပြစ်မှ ကင်းလွတ်ခွင့်ရရှိနိုင်မည်မဟုတ်ပါ။

နိုင်ငံတိုင်းတွင် ဥပဒေအရ တားမြစ်ချက်များရှိပါသည်။ ထိုတားမြစ်ချက်ကို ဖောက်ဖျက်ပါက သက်ဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။ ထိုတားမြစ်ချက်သည် ကြီးလေးသော ပြစ်မှုများရှိသကဲ့သို့ သာမန်ကိစ္စများလည်းရှိပါသည်။ ထိုနိုင်ငံအတွင်း မှီတင်းနေထိုင်သော နိုင်ငံသားများနှင့် အမြဲနေထိုင်သူများဖြစ်စေ၊ တစ်ခါတစ်ရံ ရောက်ရှိလာသော ခရီးသွားဧည့်သည် ဖြစ်စေ မည်သူမဆို နိုင်ငံနယ်နိမိတ်အတွင်း ရောက်ရှိနေပါက ထိုနိုင်ငံ၏ဥပဒေကို လေးစားလိုက်နာရမည်ဖြစ်ပါသည်။ ဥပဒေကို မသိနားမလည်သဖြင့် ဖောက်ဖျက်မိပါသည်ဟု ခုခံချေပ၍ ရမည်မဟုတ်ပါ။ နိုင်ငံ၏ ဥပဒေအရ တားမြစ်ချက်များကို လူတိုင်းလိုက်နာရမည်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံတွင် ပြဋ္ဌာန်းထားသည့် ဥပဒေများစွာရှိသဖြင့် ဥပဒေအားလုံးကို သိရှိနားလည်ရန်မှာ လွယ်ကူသည့်အရာမဟုတ်ပါ။ သို့ရာတွင် ဥပဒေကို မသိနားမလည်သောကြောင့် အပြစ်မှ ကင်းလွတ်ခွင့်မရနိုင်ပါသဖြင့် လူတိုင်းသည် ဥပဒေတားမြစ်ချက်များကို တတ်နိုင်သမျှ သိရှိနားလည်အောင် လေ့လာသင့်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

## လယ်ယာကုန်ထုတ် လမ်းဖောက်လုပ်မှု ကွင်းဆင်းကြည့်ရှု

**သထုံ ဇူလိုင် ၂၂**

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်သော ပေါင်မြို့နယ် သဲကုန်းကျေးရွာ လယ်ယာ ကုန်ထုတ်လမ်းဖောက်လုပ်မှုကို ဇူလိုင် ၁၈ ရက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ သထုံခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ လယ်ယာကုန်ထုတ်လမ်းမှာ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ဒုကိုးလက်မရှိ ကျောက်ရောမြေလမ်းဖြစ်သည်။ လယ်ယာကုန်ထုတ်လမ်းပြီးစီးပါက လယ်ယာထွက်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို အကျိုးပြုမည်ဖြစ်ပြီး ကျေးရွာခြောက်ရွာမှ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး လုပ်ငန်းများ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မိုးဝင်း**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ် မင်းတပ်နှင့် မတူပီရှိ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များနှင့် တွေ့ဆုံ

**မင်းတပ် ဇူလိုင် ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်နှင့် မင်းတပ်၊ မတူပီရှိ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များတွေ့ဆုံပွဲကို ဇူလိုင် ၂၁ ရက်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျမှန်ကန်စွာဆောင်ရွက်ကြရေး၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ၊ အများကယုံကြည်လက်ခံ၍ ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲ၊ မဲရလဒ်သည် ပြည်သူ၏ဆန္ဒနှင့်တစ်ထပ်တည်းဖြစ်အောင် တာဝန်ယူမှု တာဝန်ခံမှုဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် အသေးစိတ်ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးလင်းကျော်နှင့် မင်းတပ်ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ မတူပီမြို့နယ် ကော်မရှင်အဖွဲ့ခွဲခေတ္တဥက္ကဋ္ဌတို့က ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်ထားမှုများကို အသီးသီးရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြသည်။

**ခရိုင်(ပြန်/ဆက်)**




# ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့်ကာကွယ်စောင့်ရှောက်ရေးအသင်း ဖွဲ့စည်းရေးဆွေးနွေးပွဲ ကျိုင်းတုံတွင် ကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဖွဲ့စည်းရေးနှင့် မြို့မိမြို့ဖ လူမှုရေး အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**ပုံရိပ်ထိခိုက်**

ရှေးဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးက ဆေးရုံ၊ ရပ်ကွက်၊ လမ်းဘေးတွင် စွန့်ပစ်ခံကလေးငယ်များ များပြားလာသည်ကို တွေ့မြင်နေရကြောင်း၊ ပရဟိတဂေဟာများတွင်လည်း မွေးကင်းစကလေးငယ်များ များပြားလာသည်ကို တွေ့နေရကြောင်း၊ ယင်းသို့များပြားလာခြင်းမှာ နိုင်ငံတော်၏ပုံရိပ်ကိုလည်း ထိခိုက်စေကြောင်း၊ မွေးကင်းစကလေးငယ်များ စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးလုပ်ငန်းမှာ အမှန်တကယ်လိုအပ်နေသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာမြသီတာက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားရာတွင် ၁၉၉၅ခုနှစ်တွင် ကျင်းပခဲ့သည့် ပေကျင်းညီလာခံအရ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ယင်းကော်မတီတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်၊ ကျား၊ မတန်းတူညီမျှရေးကွန်ရက် စသည့်အဖွဲ့အစည်း ခုနစ်ဖွဲ့ ပါဝင်ဖွဲ့စည်းထားကြောင်းနှင့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဖြစ်ပေါ်လာပုံအကြောင်းတို့ကို ရှင်းလင်း ပြောကြားသည်။

**ပေးအပ်**

ဆက်လက်၍ အသင်းအထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးထံသို့ အသင်းဖွဲ့စည်းပုံ စာအုပ်များနှင့် သီချင်းခွေများ ပေးအပ်သည်။

ထို့နောက် ပါမောက္ခဒေါက်တာမြသီတာက ရင်ခွင်မဲ့ကလေးငယ်များ၏ ပြဿနာများနှင့် အသင်း၏လက်ရှိလုပ်ဆောင်နေသောလုပ်ငန်းများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အသင်း၏ သဘောထားရပ်တည်ချက်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ အသင်း၏ အမှတ်တံဆိပ်၊ အလံ၊ ရုံးတံဆိပ်များနှင့်ပတ်သက်၍ အသင်းအဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မြန်မာကျောင်းသားအားကစားအဖွဲ့ ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု ထပ်မံရရှိ

**ရန်ကုန် ဇူလိုင် ၂၂**

မလေးရှားနိုင်ငံ Shah Alam Selangor မြို့တွင် ဇူလိုင် ၁၉ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိသည့် 10th ASEAN SCHOOL Games 2018 ဒုတိယနေ့ပြိုင်ပွဲများအဖြစ် ယနေ့နံနက်ပိုင်းက ပြေးခုန်ပစ်အမျိုးသား လမ်းလျှောက် မီတာ ၅၀၀၀ ဗိုလ်လုပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို ရယူပေးနိုင်ခဲ့သည်။

အဆိုပါ အမျိုးသားမီတာ ၅၀၀၀ လမ်းလျှောက်ဗိုလ်လုပြိုင်ပွဲတွင် စံချိန် ၂၂ မိနစ် ၅၇ ဒသမ ၁၉ စက္ကန့်ဖြင့် မြန်မာနိုင်ငံမှ မိုင်ညီညီမိုး (အားကစားနှင့်ကာယပညာသိပ္ပံ-တောင်ကြီး)က ပထမ ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ စံချိန် ၂၃ မိနစ် ၁၅ ဒသမ ၃၃ စက္ကန့်ဖြင့် မလေးရှားက ဒုတိယနှင့် စံချိန် ၂၄ မိနစ် ၅၄ ဒသမ ၆၁ စက္ကန့်ဖြင့် ထိုင်းနိုင်ငံက တတိယဆုတို့ ရရှိခဲ့ကြသည်။ အဆိုပါဆုများကို မြန်မာကျောင်းသား အားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက ဆုများချီးမြှင့်ပေးသည်။ အမျိုးသမီးအသင်းလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ပထမ၊ စင်ကာပူအသင်းက ဒုတိယ၊ မြန်မာအသင်းနှင့် မလေးရှားအသင်းတို့က ပူးတွဲတတိယဆုများရရှိသည်။

ယနေ့ထိ ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခုနှင့် စားပွဲတင်တင်းနစ်အားကစားနည်းမှ ကြေးတစ်ခုထပ်မံရရှိကာ စုစုပေါင်း ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခုတို့ အသီးသီးရရှိထားပြီး ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုသိမ်တက္ကသိုလ် သချ်ာဌာနမောင်မယ် ၇၁ ဦး သွေးလှူဒါန်း

**ပုသိမ် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်တက္ကသိုလ် သချ်ာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာချိုကြည်သန်းနှင့် တွဲဖက်ပါမောက္ခ ဒေါက်တာစိုးစိုးအေးတို့ ဦးဆောင်သော သချ်ာပထမနှစ်မှ မဟာတန်းအထိ သချ်ာမောင်မယ် ၇၁ ဦးတို့၏ ဝါဆိုဦးသွေးလှူဒါန်းပွဲကို ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီတွင် ပုသိမ်မြို့ တိုင်းဆေးရုံကြီး သွေးလှူဘဏ်၌ ပြုလုပ်ရာ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူး တက်ရောက်၍ အားပေးစကား ပြောကြားသည်။ တိုင်းဆေးရုံကြီး သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာအိအိမွန်နှင့်အဖွဲ့က သွေးလှူရှင်များအား အားဖြည့်အာဟာရများ တိုက်ကျွေးပြီး ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပုသိမ်လှကြည်**

# မိုးသည်းထန်မှုကြောင့် ရန်ကုန်နှင့်ဟံသာဝတီပွဲကို ပထမပိုင်းအပြီးတွင် ရပ်နားခဲ့ရ




ဟံသာဝတီဘက်သို့ ရန်ကုန်အသင်း ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

**ရန်ကုန် ဇူလိုင် ၂၂**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃) လက်ကျန်ပွဲဖြစ်သည့် ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်မှုကို ယနေ့ညနေပိုင်းက YUSC ကွင်း၌ ကျင်းပရာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပထမပိုင်းအပြီးတွင် ရပ်နားခဲ့ရသည်။

ယင်းပွဲတွင် ပထမပိုင်းအပြီး၌ မိုးသည်းထန်စွာရွာသွန်းလာရာ ကွင်းအတွင်းရေများဝပ်ပြီး ပွဲဆက်ကစားနိုင်ရန် မဖြစ်နိုင်သောကြောင့် ပွဲရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းပွဲကို ဇူလိုင် ၂၃ ရက်တွင် ပြန်လည်ကစားရန် စီစဉ်သော်လည်း ဟံသာဝတီအသင်းမှ နိုင်ငံခြားသားနည်းပြနှင့် ကစားသမားများမှာ ပြည်ပပြန်ရန်စီစဉ်ထားပြီးဖြစ်သည့်အပြင် မြန်မာယူ-၂၃ အသင်းမှာလည်း လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် လေ့ကျင့်မှုစတင်မည်ဖြစ်ရာ စက်တင်ဘာလသို့ ပြောင်းရွှေ့ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ပြန်လည်ကျင်းပမည့်ရက်၊ ကွင်းနှင့် အချိန်တို့ကို ပြန်လည်ထုတ်ပြန်မည်ဖြစ်သည်။

ရန်ကုန်အသင်းသည် နောက်ခံလူ မိုကာလူးနှင့် တောင်ပံကစားသမား မောင်မောင်လွင်တို့ ပွဲပယ်ခံထားရသောကြောင့် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဟံသာဝတီအသင်းမှာမူ နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း မောင်မောင်လွင် မပါသောကြောင့် တောင်ပံတိုက်စစ် အားပျော့နေပြီး ဟံသာဝတီအသင်း၏ ခပ်မာမာတုံ့ပြန်မှုကို ခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရသည်။ ရန်ကုန်အသင်းသည် ဂိုးစရနိုင်သည့်အခွင့်အရေးများရသော်လည်း အသုံးချနိုင်ခြင်းမရှိခဲ့ပေ။ ဟံသာဝတီအသင်းသည် ဂျိုးဇက်နှင့် မတ်ခ်အတွဲဖြင့် တိုက်စစ်ဆင်ခဲ့ပြီး ၄၃ မိနစ်တွင် မတ်ခ်က ရန်ကုန်နောက်ခံလူများကြားမှ ဂိုးစတင်သွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် အနိုင်ရနေသည်။ ပွဲပြန်လည်ကစားပါက လက်ကျန် ၄၅ မိနစ်သာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဟံသာဝတီ ၁-၀ ရန်ကုန် ရလဒ်အတိုင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရန်ကုန်နှင့် ဟံသာဝတီအသင်းပွဲကို ပွဲမပြီးခင် ရွှေ့ဆိုင်းခဲ့ရသောကြောင့် ရန်ကုန်အသင်းသည် ထိပ်ဆုံးနေရာတွင် ၄၅ မှတ်ဖြင့် ဆက်လက်ရပ်တည်နေသော်လည်း ဒုတိယနေရာမှ ရှမ်းယူနိုက်တက်အသင်းထက် တစ်ပွဲလျှော့ တစ်မှတ်သာ အသာရထားသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ဒုတိယဝန်ကြီး ဦးကျော်လင်း လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် နယ်မြေခံလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် JICA ချေးငွေအထောက်အပံ့ ဂျပန်ယန်း ၄၆၁၃ သန်းဖြင့် ဆောင်ရွက်မည့် သန်လျင်တံတားအမှတ်(၁)မှ သီလဝါစက်မှုဇုန်အထိ လေးလမ်းသွား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် မိုးရာသီအတွင်း သန်လျင်တံတားအမှတ်(၁)ချဉ်းကပ်လမ်း ပျက်စီးမှုအခြေအနေများနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမတွင် လေးလမ်းသွား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်မည့် အခြေအနေများ၊ မိုးတွင်းကာလ လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး နယ်မြေခံလွှတ်တော်ကိုယ်စားလှယ်များက ပြည်သူတို့၏ လိုအပ်ချက်များကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။




သန်လျင်တံတားအမှတ်(၁)မှ သီလဝါစက်မှုဇုန်အထိ ဖောက်လုပ်မည့် လေးလမ်းသွားစီမံကိန်းသည် လမ်းအရှည် ၈ ဒသမ ၇ ကီလိုမီတာရှိကာ ဧပြီလတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်သည်။ အစည်းအဝေး ညှိနှိုင်းဆုံးဖြတ်ချက်အရ မိုးကာလအတွင်း လမ်းပေါက်နေရာများကို Water Bound များဖြင့် လည်းကောင်း၊ ကတ္တရာယိုများဖြင့် လည်းကောင်း ပြုပြင်ရန်နှင့် လမ်းပျက်စီးမှုများသော သန်လျင်တံတား အမှတ်(၁) ထိပ်မှ သန်လျင်မီးပွိုင့်လမ်းဆုံအထိ လမ်းအပိုင်းအား ကတ္တရာကွန်ကရစ်လမ်းခင်းခြင်းကို တစ်ပတ်အတွင်း အမြန်ဆုံးဆောင်ရွက်ရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန်-ပုသိမ်လမ်း မိုးရာသီလမ်းပျက်စီးမှုအခြေအနေများနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို Oriental Highway ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ် ၇/၀ တွင် ကတ္တရာလမ်းပေါက်များနှင့် လမ်းပျက်စီးမှုများကို Mobile Asphalt Concrete Plant များဖြင့် ပြင်ဆင်ထိန်းသိမ်းနေမှုများကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၁၄/၀ တွင် လမ်းပျက်စီးမှု အခြေအနေများကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၂၄/၆ တွင် ကတ္တရာလမ်းပျက်စီးမှုအား ပြုပြင်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုခဲ့သည်။

ထို့နောက် ဗိုလ်မြတ်ထွန်းတံတား ရှင်းလင်းဆောင်တွင် ရန်ကုန်-ပုသိမ်လမ်း မိုးရာသီတွင် လမ်းပျက်စီးမှု အခြေအနေများနှင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့် ပတ်သက်၍ အစည်းအဝေးပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက မိုးတွင်းကာလ လမ်းအခြေအနေများနှင့် ကုမ္ပဏီမှပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို လည်းကောင်း၊ BOT ကုမ္ပဏီ တာဝန်ရှိသူက မိုးတွင်းကာလ လမ်းပြင်ဆင်ထိန်းသိမ်းမှု လုပ်ငန်းစီမံချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ နယ်မြေခံလွှတ်တော်ကိုယ်စားလှယ်က ပြည်သူလူထု၏ လိုလားချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ရန်ကုန်-ပုသိမ်လမ်းသည် ADB ချေးငွေဖြင့် အဆင့်မြှင့် နှစ်လမ်းသွား တည်ဆောက်ရန် ချေးငွေခွင့်ပြုခဲ့ပြီးဖြစ်သော်လည်း လုပ်ငန်းမစတင်မီကာလအတွင်း လမ်းပျက်စီးမှုမရှိစေရေး စီစဉ်ဆောင်ရွက်ထားရှိရန်၊ မိုးကာလအတွင်း ပြည်သူများ သွားလာရန်အဆင်ပြေစေရေးအတွက် လမ်းပျက်စီးမှုများကို အချိန်မီပြုပြင်ပေးရန်နှင့် လုပ်ငန်းစီမံချက်များအတိုင်း လမ်းပေါက်များကို Water Bound များဖြင့် လည်းကောင်း၊ Premix များဖြင့် လည်းကောင်း၊ Regulating Overlay ဖြင့်လည်းကောင်း၊ လိုအပ်သောနေရာများတွင် Cross-Drain တူးရန်အတွက် လည်းကောင်း၊ လမ်းပခုံးများပြုပြင်ရန်အတွက် လည်းကောင်း၊ အထူးသဖြင့် လမ်းပျက်စီးမှုများသော လှိုင်သာယာမြို့အထွက်နှင့် ပုသိမ်မြို့အထွက် လမ်းပျက်စီးမှုအပိုင်းများကို လည်းကောင်း အချိန်မီပြုပြင်ပေးရန်လိုအပ်ကြောင်း ညှိနှိုင်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-ပုသိမ်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ဘားအံမြို့ပေါ်ရှိ အနိမ့်ပိုင်းရပ်ကွက်အချို့ရေများဝင်ရောက်

**ဘားအံ ဇူလိုင် ၂၂**

ကရင်ပြည်နယ် ဘားအံမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သံလွင်မြစ်ရေ တိုးလာသဖြင့် ဇူလိုင် ၂၂ ရက်က ဘားအံမြို့ပေါ် အနိမ့်ပိုင်းရပ်ကွက်အချို့တွင် ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ်အထက်ကျော်လွန်ကာ မြစ်ရေအမှတ် ၇၉၂ စင်တီမီတာသို့ ရောက်ရှိနေသည့်အတွက် ဘားအံမြို့ပေါ်ရှိ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သော အမှတ် ၁ ရပ်ကွက်၊ အမှတ် ၂ ရပ်ကွက်၊ အမှတ် ၅ ရပ်ကွက်များရှိ အနိမ့်ပိုင်းနေရာများတွင် မြစ်ရေနှင့် မိုးရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြစ်ရေဝင်ရောက်မှုကြောင့် အရေးပေါ်လိုအပ်လာပါက မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ရွှေ့ပြောင်းကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ထားကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကမမောင်းမြို့အနိမ့်ပိုင်းရပ်ကွက်များ ရေဝင်ရောက်

**ကမမောင်း ဇူလိုင် ၂၂**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့၌ ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့သည့်အတွက် မြို့တွင်းဆက်သွယ်သွားလာရ သော လမ်းအချို့နှင့်မြေနိမ့်ပိုင်း လူနေရပ်ကွက်များသို့ ရေဝင်ရောက်ခဲ့သည်။

ယနေ့တိုင်းတာရရှိသော မိုးရေချိန် ၅ ဒသမ ၄၀ လက်မအတိုင်း ဆက်လက်ရွာသွန်းခဲ့ပါက ခြေတံနိမ့်သောအိမ်ထောင်စုများအား ရေလွတ်ရာနေရာများသို့ ရွှေ့ပြောင်းကြရမည်ဖြစ်သည့်အတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက အလှည့်ကျတာဝန်များခွဲဝေ၍ ရေကင်းများချထားပေးလျက်ရှိကြောင်း သိရသည်။ **ကမမောင်း( ပြန်/ဆက်)**

❐ ကျောဖုံးမှ

ဒူးတိုက်ချက်များဖြင့် ပညာသားပါပါကစားခဲ့ကြပြီး ထွန်းထွန်းမင်း၏ ဒူးတိုက်ချက်ဆိုင်းယော့ကိုထိခဲ့သည်။ ဒုတိယအချီတွင် နှစ်ဦးစလုံး ဘယ်ညာဝိုက်လက်သီးများကောင်းခဲ့သလို တတိယအချီအရောက်မှာ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး စတုတ္ထအချီတွင် ထွန်းထွန်းမင်း၏ ဘယ်ညာဝိုက်လက်သီးနှင့် ကန်ချက်များကောင်းခဲ့သလို ဆိုင်းယော့၏ ခြေကန်ချက်များမှာလည်း ထိချက်ကောင်းခဲ့သည်။ နောက်ဆုံးအချီအရောက်တွင် ထွန်းထွန်းမင်းက ပြိုင်ဘက်ကို ဘယ်ညာဝိုက်လက်သီး၊ ခြေကန်ချက်များဖြင့် ပွဲသိမ်းရန် ကြိုးပမ်းခဲ့သော်လည်း ဆိုင်းယော့က အတွေ့အကြုံရှိသူပီပီ ပြန်လည်ခုခံခဲ့ပြီး နှစ်ဦးစလုံး သရေပွဲနှင့်သာ ကျေနပ်ခဲ့ရကာ ပရိသတ်များ အကြိုက်တွေ့ခဲ့သည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

### ယှဉ်ပြိုင်ထိုးသတ်

ထို့အတူ အထူးစိန်ခေါ်ပွဲများဖြစ်သည့် ထွန်းမင်းလတ်(Fit & Fight)နှင့် အောင်ပိုင်(နဂါးမာန်)ပွဲစဉ်တွင် ပွဲအစ ပထမအချီမှာပင် ထွန်းမင်းလတ်က တရစပ်ထိုးချက်များဖြင့် ပြိုင်ဘက်ကို အလဲထိုးရန်ကြိုးစားခဲ့သော်လည်း အောင်ပိုင်က ကန်ချက်ကောင်းများဖြင့် ပြန်လည်ခုခံခဲ့သည်။ ဒုတိယအချီတွင် ထွန်းမင်းလတ် သက်လုံအနည်းငယ်ကျလာခဲ့ပြီး အောင်ပိုင်က ခေါင်းတိုက်ချက်များ ကောင်းခဲ့သည်။ စတုတ္ထအချီနှင့် ပဉ္စမအချီတွင် နှစ်ဦးစလုံးသက်လုံကျလာခဲ့ပြီး ဆိုင်ထိုးချက်များ အပြန်အလှန်ရှိခဲ့သော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေပွဲ ဖြစ်ခဲ့သည်။ ထွန်းမင်းနိုင်(Fit & Fight)နှင့် ကျော်စွာဝင်း (မန္တလေး ယူနိုက်တက်)ပွဲစဉ်တွင် ကျော်စွာဝင်း၏ ဘယ်ညာတွဲလုံးလက်သီးချက်များ၊ ထွန်းမင်းနိုင်၏ ညာဝိုက်လက်သီးချက်များဖြင့် တစ်ဦးနှင့် တစ်ဦး ပြိုင်ဆိုင်မှုပြင်းထန်စွာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း ပွဲချိန်ပြည့်တွင် အရှုံးအနိုင်မပေါ်ဘဲ သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။

ရွှေခါးပတ်ချန်ပီယံလုပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များဖြစ်သည့် ၆၀ ကီလိုတန်း အဖိုးသွေး(အဖြူရောင်သွေးသစ်)နှင့် ယျှူးခလိန်းမင်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ)ပွဲစဉ်တွင် တတိယအချီ ၂ မိနစ်နှင့် ၁၉ စက္ကန့်တွင် အဖိုးသွေးဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသည့်အတွက် ဒိုင်ပွဲရပ်ဖြင့် ယျှူးခလိန်းမင်းက အနိုင်ရသည်။ အောင်ခန့်ငြား(ဗမာ့သွေး)နှင့် ထူးနေသူ(တောင်ကလေး)ပွဲစဉ်တွင် ပွဲချိန်ပြည့်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး ထူးနေသူက အမှတ်ဖြင့်လည်းကောင်း၊ ဖွဲ့လင်းအောင်(ဖွဲ့ကပင်မြေ)နှင့် ဆူးမိုက်(ရွှေမည်းမြေ)ပွဲစဉ်တွင် ပွဲချိန်ပြည့်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး ဆူးမိုက်က အမှတ်ဖြင့်လည်းကောင်း အနိုင်ရသည်။ သက်ဆိုးပေ(တိုက်ဂါး)နှင့် စောလူပျို(သုံးပန်လှ)ပွဲစဉ်တွင် ပထမအချီ ၁ မိနစ်နှင့် ၂ စက္ကန့်မှာပင် စောလူပျို၏ ညာလက်သီးချက်ဖြင့် သက်ဆိုးပေ ရှုံးနိမ့်ခဲ့သည်။

၅၇ ကီလိုတန်း ကောင်းကောင်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် ရာဇာ(ရွှေမိုးထိငြိမ်းချမ်းရေး)ပွဲစဉ် ပထမအချီတွင် ရာဇာထိုးချက်၊ ကန်ချက်များကောင်းခဲ့သော်လည်း တတိယအချီ ၂ မိနစ်နှင့် ၁၄ စက္ကန့်တွင် ကောင်းကောင်း၏ ခြေကန်ချက်ကြောင့် ဗိုက်ကိုထိကာ ရာဇာ ရှုံးနိမ့်ခဲ့သည်။ ထရိန်း(တိုက်ဂါး)နှင့် နက္ခအောင်(ဖွဲ့ကပင်မြေ)ပွဲစဉ်တွင် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ဒုတိယအချီ ၂ မိနစ်နှင့် ၂၆ စက္ကန့်တွင် နက္ခအောင်က ဒူးတိုက်ချက်၊ ထိုးချက်များဖြင့် ထရိန်းကို အလဲထိုးအနိုင်ယူခဲ့သည်။ အောင်နေထူး(ဒို့ရိုးရာ)နှင့် ဂျိုကာ(သုံးပန်လှ)ပွဲစဉ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော်လည်း ပွဲချိန်ပြည့်၌ ဂျိုကာကအမှတ်ဖြင့် အနိုင်ရသည်။

၅၄ ကီလိုတန်း ကျော်ဝင်းအောင်(ရွှေဘားလား)နှင့် ဝမ်းဝမ်း(သုံးပန်လှ)ပွဲစဉ်တွင် ပထမအချီမှာပင် ဝမ်းဝမ်း၏ လက်သီးချက်ကြောင့် ကျော်ဝင်းအောင် အမှတ်စဉ်ရေခံခဲ့ရပြီး ဒုတိယအချီ ၁ မိနစ်နှင့် ၄၉ စက္ကန့်တွင် ဝမ်းဝမ်းက ထိုးချက်၊ ဒူးတိုက်ချက်ဖြင့် အလဲထိုးအနိုင်ရသည်။ တက်ထွန်း(ရန်စစ်ငြိမ်း)နှင့် လင်းထက်အောင်(တောင်ကလေး)ပွဲစဉ်တွင် ပထမအချီမှာပင် လင်းထက်အောင်၏ တံတောင်ရိုက်ချက်ကြောင့် တက်ထွန်း နဖူးကွဲခဲ့ပြီး ဒုတိယအချီ ၂ မိနစ်နှင့် ၁၃ စက္ကန့်တွင် ဒဏ်ရာကြောင့် ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်း မရှိတော့သည့်အတွက် လင်းထက်အောင်က အနိုင်ရသည်။ ဂျစ်တူး(တိုက်ဂါး)နှင့် လှိုင်းထက်အောင်(ဖွဲ့ကပင်မြေ)ပွဲစဉ်တွင် နှစ်ဦးစလုံး ပွဲအစမှာပင် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး ပထမအချီ ၁ မိနစ်နှင့် ၆ စက္ကန့်အရောက်တွင် ဂျစ်တူး၏ ထိုးချက်၊ ခေါင်းတိုက်ချက်များကြောင့် လှိုင်းထက်အောင် ရှုံးနိမ့်ခဲ့ရသည်။

### ပရိသတ်အကြိုက်တွေ့

ယနေ့ ယှဉ်ပြိုင်သော ကွာတားဖိုင်နယ်(ဒုတိယနေ့)ပွဲစဉ်တွင် အထူးစိန်ခေါ်ပွဲသုံးပွဲအပါအဝင် တွဲဆိုင်း ၁၃ ဆိုင်း ငါးချီပြည့်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး ရွှေခါးပတ်ချန်ပီယံလုပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူး၍ H & S Group နှင့် KEE MAR TIN WIN တို့ ပူးပေါင်းစီစဉ် ကျင်းပခြင်းဖြစ်သည်။ ယနေ့ပွဲစဉ်သို့ လက်ဝှေ့ဝါသနာရှင် ပရိသတ် အများအပြား လာရောက်အားပေးခဲ့ကြပြီး ပွဲစဉ်တိုင်းလည်း ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ရာ ပရိသတ်များ အကြိုက်တွေ့ခဲ့သည့် ပွဲစဉ်များဖြစ်ခဲ့သည်။

ရွှေခါးပတ်ချန်ပီယံလုပွဲသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ရိုးရာလက်ဝှေ့ကလပ်အသင်းပေါင်းစုံမှ အကောင်းဆုံးလက်ဝှေ့သမားများကို ဖိတ်ခေါ်ပြီး ကိုယ်အလေးချိန် ဝိတ်တန်းအလိုက် အတန်းခုနစ်တန်းတွင် တစ်တန်းလျှင် ရှစ်ဦးရွေးချယ်ကာ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲ အဆင့်ဆင့်ယှဉ်ပြိုင်ပြီး ဝိတ်တန်းအလိုက် ရွှေခါးပတ်ချန်ပီယံခုနစ်ဦး ပေါ်ထွန်းလာမည်ဖြစ်သည်။ ထို့ပြင် အဆိုပါပွဲ၌ အမျိုးသမီးဝိတ်တန်း တစ်တန်းပါဝင်မည်ဖြစ်ပြီး ရွှေခါးပတ်ချန်ပီယံတစ်ဦး ပေါ်ထွန်းလာမည်ဖြစ်သည်။

**သတင်း-အေးမင်းသူ၊ ဇာနည်မောင်**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

○ မြဝတီမြို့မှ

စက်လှေတွေနဲ့ ရေထဲမှာပိတ်မိပြီး မထွက်နိုင်တဲ့ လူပေါင်း ၆၀ ကို ကယ်ထုတ်နိုင်ခဲ့ပါတယ်၊ အခု ရေဘေးသင့်ပြည်သူ ၃၀၀ ကျော်ကို မဲပလဲ့အလယ်တန်းကျောင်းမှာ နေရာချထားပေးပါတယ်”ဟု မဲပလဲ့ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ မဲပလဲ့ချောင်း ရေကြီးရေလျှံမှုကြောင့် မြဝတီနှင့် ရွှေကုက္ကိုလ်မြို့သစ်တို့ ဆက်သွယ်သွားလာရေး ပြတ်တောက်လျက်ရှိပြီး ကော့ကော်ကျေးရွာ၊ ထီးဝါပလောကျေးရွာ၊ စပလိုက်ကျေးရွာ၊ ထီးချားရားကျေးရွာနှင့် အခြားကျေးရွာပေါင်း ခြောက်ရွာခန့်မှာ ကားလမ်းများရေကျော်နေသဖြင့် စက်လှေများဖြင့် သွားလာနေကြရသော်လည်း စက်လှေနည်းပါးသဖြင့် ကုက္ကိုလ်သွားမည့်ခရီးသွားပြည်သူ ၁၀၀ ခန့်မှာ မဲပလဲ့ကျေးရွာတွင် ခေတ္တနေထိုင်လျက်ရှိကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် လှိုင်းဘွဲ့မြို့ ရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**ဘားအံ ဇူလိုင် ၂၂**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများစီးဆင်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့ ညနေပိုင်းက လှိုင်းဘွဲ့မြို့သို့ သွားရောက်၍ ရေဘေးရှောင် ပြည်သူများအတွက် အခြေခံစားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့ ဧရိယာ၏ ၉၀ ရာခိုင်နှုန်းခန့်မှာ ရေများ ဝင်ရောက်လျက်ရှိပြီး ယနေ့ညနေ ၃ နာရီတွင် အိမ်ထောင်စု ၁၇၀ မှ အမျိုးသား ၃၉၅ ဦး၊ အမျိုးသမီး ၄၇၂ ဦး စုစုပေါင်း ၈၆၇ ဦးတို့မှာ ကယ်ဆယ်ရေးစခန်း ခုနစ်ခုတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများသည် ကယ်ဆယ်ရေး စခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ အားပေးစကား ပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ် ကြက်ခြေနီရုံးတွင် ရေဘေးရှောင်ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ အာလူး၊ ကြက်သွန်နှင့် ငွေကျပ်သိန်း ၅၀၊ ဆိုလာမီးအစုံ ၃၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုးနှင့် လူတစ်ဦးလျှင် တစ်ရက် ဆန်နို့ဆီဘူး နှစ်ဘူးနှုန်းဖြင့် ခုနစ်ရက်စာ ဆန်ဖိုးငွေကျပ် ၁၈၂၀၇၀၀ တို့ကို ထောက်ပံ့ ပေးအပ်ခဲ့သည်။

လှိုင်းဘွဲ့မြို့ ရေဘေးရှောင်ပြည်သူများအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေး မှူး၊ နယ်မြေခံတပ်မှ စစ်ဗျူဟာနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိကြပြီး ရေဘေးရှောင်စခန်းများတွင် နေရာချထားမှု၊ စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များကိုလည်း သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့ပေါ်ရှိ အခြေခံ ပညာကျောင်းပေါင်း ၁၈ ကျောင်းကို ပိတ်ထားရကြောင်း နှင့် မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေ ချောင်းရေများ စိုးရိမ်ရေမှတ်အထက်ရောက်ရှိနေသည့် အတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ကူညီ ထောက်ပံ့ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# တနင်္သာရီမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**တနင်္သာရီ ဇူလိုင် ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံ မှုများဖြစ်ပေါ်ခဲ့ရာ မြို့နယ်အတွင်း ရေဘေး ကယ်ဆယ်ရေးစခန်း ၁၁ နေရာရှိ ရေဘေးသင့်ပြည်သူများ အတွက် မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်း ငါးသင်းမှ ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ရန် ယနေ့နံနက် ၁၁ နာရီခွဲက တနင်္သာရီမြို့နယ် မီးသတ်ဦးစီး ဌာနရုံး၌ ဖွင့်လှစ်ထားရှိသော ရေဘေးကယ်ဆယ်ရေး အလှူခံဌာနသို့ လာရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေမြင့် ဦးဆောင်လျက် Agua Wings၊ Blissfu Myanmar၊ My Mergui၊ စွယ်တော်နှင့် မြိတ်ဖူးပွင့် စသော ခရီးသွားဝန်ဆောင်မှုလုပ်ငန်းအဖွဲ့ ငါးဖွဲ့မှ တာဝန်ရှိသူများ လိုက်ပါ၍ ရေသန့်ဘူးကြီး ၂၀၀၊ တစ်လီတာရေသန့်ဘူး ၁၀၈၀၊ မုန့်တီခြောက် ငါးပိဿာပါ ငါးအိတ်၊ ကြက်ဥအလုံး ၃၀၀၊ မာမား ခေါက်ဆွဲ ၁၀၅ ပါကင်၊ ဆန်အိတ်ကြီးငါးအိတ်၊ ရေညှိမုန့်၊ ကိတ်မုန့်အထုပ် ၁၀၀၊ ဘီစကွတ်မုန့် နှစ်ပါကင်တို့အား လာရောက်လှူဒါန်းပေးအပ်ရာ မြို့နယ်သဘာဝဘေး ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်နှင့် သဘာဝဘေးဆိုင်ရာရန်ပုံငွေ ရှာဖွေရေး၊ ခွဲဝေသုံးစွဲရေးနှင့် ပြန်ကြားရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လက်ခံရယူခဲ့ကြောင်း သတင်း ရရှိသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မြေပုံမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးစကားဝိုင်း ပြုလုပ်

**မြေပုံ ဇူလိုင် ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ်တွင် ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ အများပြည်သူ နှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးပြောကြားနိုင်သည့် အခွင့် အလမ်းများပွင့်လင်းရန် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ပြုလုပ်သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ကျေးလက်စကားဝိုင်းကို ဇူလိုင် ၂၁ ရက် မွန်းတည့် ၁၂ နာရီ တွင် ကံသာကျေးရွာအခြေခံပညာ အထက်တန်းကျောင်း ပညာတံခွန် အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



### ရှင်းလင်းပြောကြား

ကျေးလက်စကားဝိုင်းတွင် မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇာနည်ကျော်က အဖွင့်အမှာစကား ပြောကြားရာ၌ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရာ၌ ကျေးလက်ဒေသ အခြေခံမှအစ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပွင့်လင်းမြင်သာစွာဆွေးနွေး ရန် ပြောကြားပြီး မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းတန်အောင်က ကျေးလက်စကားဝိုင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်စိုးနိုင်က ကျေးလက်နေ ပြည်သူများ မွေးမြူထားသော တိရစ္ဆာန်များ၌ ကျရောက်တတ်သော ရောဂါနှင့် ရောဂါလက္ခဏာများ၊ ကြိုတင်ကာကွယ်ရန် နည်းလမ်း များကို ရှင်းလင်းပြောကြားသည်။

### ပေါင်းစည်းဆောင်ရွက်

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးအရာရှိ ဦးဘစောက ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်မှုအတွက် လုပ်ငန်းစဉ် ရှစ်ရပ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ၁၇ ရပ်တို့ကို ရှင်းလင်းပြီး ဖွံ့ဖြိုး တိုးတက်မှုအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များကို အခြေခံမှစ၍ ပွင့်လင်းစွာ ပြောကြားရန်နှင့် ပေါင်းစည်းဆောင်ရွက်ရန် ပြောကြား သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီး အရာရှိ ဦးထွန်းအေးခိုင်က စိုက်ပျိုး ရေးဦးစီးဌာနနှင့် ပတ်သက်သော သိမှတ်ဖွယ်ရာများနှင့် GAP နည်း စနစ်ကောင်းများ ပြောကြားသည်။ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးခိုင် က ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် တရားဥပဒေစိုးမိုးမှုရှိရန် လိုအပ် ကြောင်း ဆွေးနွေးပြောကြားပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်၊ မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်း ပညာပေး လက်ကမ်းစာစောင်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင် တို့ကို ဖြန့်ဝေသည်။

အဆိုပါစကားဝိုင်းသို့ တက်ရောက် ကြသော ကျေးလက်နေပြည်သူတို့က သိရှိလိုသည့် ကိစ္စရပ်များနှင့် လိုအပ်ချက်များကို မေးမြန်းကြရာ တာဝန်ရှိသူတို့က ပြန်လည်ဆွေးနွေး ဖြေကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောင်းသား ကျောင်းသူများအား စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးသည့်ဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် ဇူလိုင် ၂၂**

ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း မန္တလေးရုံးခွဲ၏ မျိုးဆက်သစ် G.T. I ကျောင်းသား ကျောင်းသူများအား စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးသည့် ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ကျောက်ဆည်မြို့ ရွှေဖောင်ဒေးရှင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် A G.T.I မန္တလေးရုံးခွဲ ဥက္ကဋ္ဌ ဦးခင်မောင်တင့် (အင်ဂျင်နီယာမှူးကြီး-ငြိမ်း)က ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ A G.T.I Society ဗဟို ကော်မတီဝင် ဦးစံရင်က အင်ဂျင်နီယာပညာရေးအစ စက်မှု၊ လက်မှုသိပ္ပံက ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးခင်မောင်ကျော်က အောင်မြင်ထင်ရှား G.T.I ကျောင်းသားများ ခေါင်းစဉ် ဖြင့်လည်းကောင်း အသီးသီးဟောပြောဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ ဂျီတီအိုင်ကျောင်းသားဟောင်းများ အသင်း မန္တလေးရုံးခွဲအလုပ်အမှုဆောင်များ၊ ဒေသခံကျောင်းသားဟောင်းများ၊ ကျောက်ဆည် G.T.I ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၀၀ ကျော်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြော

**ဒိုက်ဦး ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ အမှတ် ၉ ဖအောင်ဝဲရပ်ကွက် မြောက်ဘက်ကမ်း ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာ ပေးဟောပြောပွဲကို ဇူလိုင် ၂၁ ရက်က ပြုလုပ်ရာ ဒိုက်ဦးမြို့နယ်လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာ ဦးကြည်ဝင်းက လျှပ်စစ် အန္တရာယ်ကင်းရှင်းရေးအသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန(EI)မှ တာဝန်ရှိသူများက အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်း စနစ် တကျရှိစေရေး၊ လျှပ်စစ်အန္တရာယ်ကျရောက်ပါက ရှေးဦးသူနာပြုနည်းဖြင့် ပြုစုဆောင်ရွက်နိုင်ရေး သင်ကြားပို့ချဆွေးနွေးဟောပြောကြသည်။

**ကျော်ကျော်(ဒိုက်ဦး)**

# ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2$) ရုပ်ရှင်ဇာတ်ကား ဇူလိုင် ၂၇ ရက်တွင် စတင်ပြသမည်

ရန်ကုန် ဇူလိုင် ၂၂

**ကိုစိုးသန်း(ထားဝယ်)က စီစဉ်ပြီး ထားဝယ်ရုပ်ရှင်ထုတ်လုပ်ရေးကထုတ်လုပ်သည့် "ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2$)" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံ၌ ကျင်းပခဲ့ပြီး ဇူလိုင် ၂၇ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါ ဇာတ်ကားကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ဝိုင်းက ရိုက်ကူးထားခြင်းဖြစ်ပြီး လူငယ်တစ်ယောက်အနေဖြင့် အမှား၊ အမှန်မခွဲခြားဘဲ မိမိစိတ်၏စေစားရာအတိုင်း အလိုလိုက် အကြိုက်ဆောင်မိရာမှ လမ်းမှားရောက်ရှိသွားပုံတို့ကို အခြေခံကာ လုပ်ငန်းခွင်အဆင်မပြေမှုနှင့် မိမိကြိုက်နှစ်သက်နေသည့်ချစ်သူကို ရရှိပိုင်ဆိုင်နိုင်ရန်အတွက် အောက်လမ်းပညာဖြင့် ပြုလုပ်ထားသော အစီအရင်များကို အသုံးပြုကာ စိတ်ထင်ရာစိုင်းခဲ့ပုံ၊ စိတ်၏စေစားရာကို အလိုလိုက်မိသည့်အတွက် အောက်တန်းကျသည့်လုပ်ရပ်များကို အမှား၊ အမှန်မခွဲခြားနိုင်ဘဲ ပြုလုပ်ခဲ့သည့်အပြင် ကိုယ်ကိုယ်တိုင်ဒုစရိုက်မှုများကို ကျူးလွန်မိသည်အထိရောက်ရှိသွားပုံတို့ကို သင်ခန်းစာရယူနိုင်ရန် ရည်ရွယ်ရိုက်ကူးထားခြင်းဖြစ်သည်။

ယင်းရုပ်ရှင်ဇာတ်ကားတွင် အလင်းရောင်၊ ကျော်ထက်အောင်၊ ဖွေးဖွေး၊ ရတနာဗိုလ်နှင့် အခြားသော အနုပညာရှင်များစွာဖြင့် ပုံဖော်ထားကာ အချစ်၊ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ၊ ထိတ်လန့်ချောက်ချားဖွယ်ရာစသည်ဖြင့် ရသမျိုးစုံပါဝင်အောင် ရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်ကြောင်းသိရသည်။


အလင်းရောင်


ဖွေးဖွေး


ကျော်ထက်အောင်


ရတနာဗိုလ်

### တက်ညီလက်ညီ ကြိုးစားထား

ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ဝိုင်းက "ဒီဇာတ်ကားရိုက်ဖြစ်ရတဲ့ အကြောင်းကတော့ အောက်လမ်းပညာရပ်ဟာ မကောင်းတဲ့ ပညာရပ်တစ်ခုဖြစ်တယ်ဆိုတာကို ပြလိုတာကြောင့် ရိုက်ကူးဖြစ်တာပါ။ အဓိကကတော့ ဒီဇာတ်ကားမှာ အချစ်လည်းပါမယ်။ သရဲလည်းပါမယ်။ ထိတ်လန့်ဖွယ်လည်းပါတဲ့ ရသစုံဇာတ်ကားပါ။ ဒီဇာတ်ကားကနေ အဓိကပြောချင်တာကတော့ လူတစ်ယောက်ရဲ့ထားတဲ့


ကာဗွန်ဒိုင်အောက်ဆိုဒ် ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

စိတ်ပါပဲ။ လူတစ်ယောက်ရဲ့ထားတဲ့စိတ်ဟာ ကောင်းတဲ့စိတ်လေးထားရင် ကောင်းတဲ့အလုပ်ကို ကြံစည်မယ်။ ကောင်းတဲ့ အလုပ်ကိုလုပ်မယ်။ မကောင်းတဲ့စိတ်ကိုထားမယ်ဆိုရင် မကောင်းတဲ့အကြံစည်ကို ကြံမယ်။ မကောင်းမှုကို ပြုမူမယ်။ မကောင်းတဲ့ အလုပ်ကိုလုပ်မယ်။ ရှင်းရှင်းလေးပါပဲ။ အဓိကကတော့ သူ့ရဲ့စိတ်ပါပဲ။ ရိုက်ကူးတဲ့အခါမှာလည်း သရဲကားတွေရိုက်သလိုမျိုး အဲဒီအိမ်ကြီးတစ်ခုလုံးကလည်း ကိုယ်လိုချင်တဲ့အိမ်ကြီးမျိုးဖြစ်ရမယ်။ အဲဒီအရှေ့က အပင်ကြီးတစ်ပင်လုံးကိုရွှေ့ရတာတို့၊ ရေခဲတိုက်တွေတည်ဆောက်ရတာတို့ ရှိပါတယ်။ နောက်တစ်ခုကတော့ နောင်နောင် ဆိုတဲ့ ဇာတ်ကောင်စရိုက်ကို ဝင်အောင်သွင်းရတာမျိုးတွေ လုပ်ရပါတယ်။ အားလုံးတက်ညီလက်ညီကြိုးစားထားတဲ့ကားပါ။ ဇူလိုင် ၂၇ ရက်နေ့ရုံတင်မှာပါ။ ပရိသတ်တွေရဲ့ အသံကို ကျွန်တော် နားထောင်ချင်ပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် အလင်းရောင်က "ဒီဇာတ်ကားထဲက နောင်နောင်ဆိုတဲ့ ကျွန်တော့်ရဲ့ ဇာတ်ကောင်စရိုက်ကတော့ ရလိုမှုအလွန်များပြီး ပေါ့ပေါ့တန်တန်နေတတ်တယ်။ စနစ်တကျမနေတတ်ဘဲ ရလိုမှု အလွန်ကြီးတော့ အောက်တန်းအကျဆုံးအထိဖြစ်သွားတာမျိုးပါ။ အရင်တုန်းကတည်းက ပရိသတ်နဲ့ ကျွန်တော်နဲ့ စိန်ခေါ်မှုများမယ့် ဇာတ်ကောင်စရိုက်ပုံစံမျိုးကို ရိုက်ကူးရတာ ပိုပြီးတော့ ကြိုက်တယ်။ ဒီဇာတ်ကားမှာ ကိုဝိုင်းရဲ့ သင်ကြားပြသမှုတွေအတိုင်း လုပ်ခဲ့တာပါ။ ဒီဇာတ်ကားမှာ အားမလိုအားမရဖြစ်တဲ့ အပိုင်းတွေအနေနဲ့ကတော့ အများကြီးလိုအပ်နေပါသေးတယ်။ အဲဒီအချိန်တုန်းက လုပ်နိုင်တဲ့ အတိုင်းအတာအထိ ကြိုးစားထားတဲ့အတွက် အားရကျေနပ်ပါတယ်"ဟု ပြောသည်။

### မယုံလို့လည်းမရ၊ ယုံလို့လည်းမရ

သရုပ်ဆောင် ဖွေးဖွေးက "ဒီဇာတ်ကားမှာ သာယာ အဖြစ် သရုပ်ဆောင်ထားပါတယ်။ အလင်းရောင် ခေါ် နောင်နောင်ရဲ့ အခင်ဆုံးသူငယ်ချင်းတစ်ယောက်ပါ။ ကိုကျော်ထက်အောင်ရဲ့ ချစ်သူအနေနဲ့ပါဝင်ထားတာပါ။ ဒီဇာတ်ကားမှာဆိုရင် ဝမ်းနည်းတဲ့အပိုင်းတွေမှာ ရိုးရိုးဝမ်းနည်းတာမျိုး မဟုတ်ဘူး။ လိပ်ပြာငယ်အောင်၊ သိမ်ငယ်အောင်လုပ်ခံထားရတာဆိုတော့ အမြဲတမ်းကြောက်ရွံ့နေတဲ့ပုံစံမျိုးဖြစ်အောင်လို့ ကြိုးစားထားပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် ကျော်ထက်အောင်က "ဒီဇာတ်ကားထဲမှာတော့ ကျွန်တော်က မိဘတွေဆုံးသွားပြီး မိဘတွေရဲ့ လက်ငုတ်လက်ရင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေတဲ့ သူဌေးသားလေး၊ ညီမလေးကိုစောင့်ရှာက်နေတဲ့ သူတစ်ဦးပါ။ ကိုဝိုင်းက စနစ်တကျသင်ပေးပါတယ်။ ဒီဇာတ်ကားက ဖြစ်နိုင်တာ၊ မဖြစ်နိုင်တာဆိုတာထက် နိုင်ငံခြားသရဲကားတွေမှာ ခံစားရတာမျိုး ခံစားရမှာပါ။ သရဲကားကြိုက်တဲ့သူမျိုး၊ ဒီလိုအရသာမျိုးကြိုက်တဲ့ သူမျိုးဆိုရင် လာကြည့်သင့်ပါတယ်။ အခုခေတ်ကာလမှာ အောက်လမ်းပညာကို ရိုက်ပြတာ Social Media တွေမှာလည်း အများကြီးတက်လာတာတွေ့ရပါတယ်။ အဲဒီအတွက် Social Media ပေါ်လာမှ ကျွန်တော်တို့က ဒါတွေကိုသိရတာ၊ ဟိုအရင်တုန်းကလည်း ရှိကောင်း ရှိပါလိမ့်မယ်။ ဒါဟာ သဘာဝနဲ့အနီးကပ်ဆုံးမှာရှိတာကို ရိုက်ပြရတဲ့ရုပ်ရှင်ဆိုတော့ အဲဒီအတွက်ကြောင့် ဒီဇာတ်လမ်းမျိုးဟာ မယုံလို့လည်းမရပါဘူး။ ယုံလို့လည်းမရပါဘူး"ဟု ပြောသည်။

သရုပ်ဆောင် ရတနာဗိုလ်က "ဒီကားထဲမှာ ကိုကျော်ထက်အောင်ရဲ့ ညီမ ပုံပုံ ဆိုတဲ့နေရာက ပါဝင်သရုပ်ဆောင်ရတာပါ။ ကိုဝိုင်းရဲ့ သင်ကြားမှုတွေနဲ့ ကိုယ်ကိုယ်တိုင် သရုပ်ဆောင်ခဲ့မှုတွေကို ကျေနပ်အားရမှုရှိပါတယ်။ ဒီကားနဲ့ ပတ်သက်ပြီး သေသေချာချာ လုပ်ဆောင်ခဲ့ရတာလေးတွေ၊ သရဲမ နေရာကနေ ပါဝင်ရတဲ့အတွက် အဲဒီသရဲအိုက်တင်နဲ့ပတ်သက်ပြီးတော့ အမှတ်တရတွေ အများကြီးရှိပါတယ်။ ပရိသတ်ကြီးအနေနဲ့ ဒီကားလေးကို လာရောက်အားပေးကြပါ။ တကယ်ကောင်းတဲ့ကားလေးဖြစ်လို့ ကြည့်ရကျိုးနပ်မှာပါ" ဟု ပြောသည်။

ဇာတ်လမ်း အကျဉ်းအနေဖြင့် နောင်နောင်နှင့် သာယာတို့သည် ငယ်စဉ်ဘဝကပင် တစ်လမ်းတည်းနေ အိမ်နီးနားချင်းသူငယ်ချင်းများဖြစ်ကြသည်။ နောင်နောင်နှင့် သာယာ တို့အရွယ်ရောက်လာကြသောအခါ နောင်နောင်က ရေသန့်စက်များရောင်းသည့် ကုမ္ပဏီတွင် အရောင်းမန်နေဂျာအဖြစ် ဝင်ရောက်လုပ်ကိုင်ပြီး သာယာကမူ သူဝါသနာပါသော မီဒီယာဂျာနယ် အလုပ်ကိုသာ ရွေးချယ်လုပ်ကိုင်သည်။ သူတို့နှစ်ယောက်မှာ အဖေများကလည်း ရှေ့ဆင့် နောက်ဆင့်ဆိုသလို ဆုံးပါးသွားသဖြင့် ဘဝတူချင်းဖြစ်သောကြောင့် တစ်ယောက်ကိုတစ်ယောက် အလွန်တွယ်တာကြလေသည်။ နောင်နောင်က သာယာကို ထိုစဉ်ကတည်းက တိတ်တခိုးချစ်နေခဲ့သည်။

### ရသမျိုးစုံပါဝင်

နောင်နောင်မှာ လုပ်ငန်းများတွင် အရောင်းကျနေသဖြင့် သူဌေး၏ ဆူပူခြင်းကို မကြာခဏခံရလေသည်။ သာယာက နောင်နောင်ကို ဇွဲမလျှော့ရန် အားပေးသည်။ သို့သော် နောက်ဆုံးတွင် သူဌေးက ဒီလတွင် အရောင်းစံချိန် မမီလျှင် အလုပ်ထွက်ရမည်ဟု ပြောဆိုလာသောကြောင့် နောင်နောင်တစ်ယောက် ရတက်မအေး ဖြစ်ရလေသည်။ နောင်နောင် ကြံရာမရသည့်အဆုံး သူငယ်ချင်းဖြစ်သူ ညီညီကို ရင်ဖွင့်တိုင်ပင်ပြီး အောက်လမ်းဆရာတစ်ယောက်နှင့်ချိတ်ဆက်ကာ အောက်လမ်းနည်းဖြင့် အစီအရင်များပြုလုပ်ပြီး သူ၏လုပ်ငန်းခွင် အခက်အခဲကိုဖြေရှင်းခဲ့ရာ အံ့အားသင့်ဖွယ်ရာ ပြေလည်သွားခဲ့သည်။

ထို့အတူ နောင်နောင် အလုပ်ရှုပ်နေသည့်အချိန်နှင့်တစ်ပြိုင်နက် သာယာမှာလည်း မွေးနေ့ပွဲတွင်သိရသော စိုးမိုးနှင့် ချစ်သူများဖြစ်နေကြပြီဖြစ်သည်။ ထိုအကြောင်းကို နောင်နောင် သိရှိသွားရာ နောင်နောင်ရင်ကွဲရသည်။ အသည်းကွဲသည့် ဒဏ်ရာက ခံရခက်သည့်အတွက် မခံစားနိုင်သည့်အဆုံးတွင် အောက်လမ်းဆရာကြီးထံတွင် သွားရောက်ကာ အစီအရင်ပြုလုပ်ပြီး သာယာထံမှ အချစ်ကိုရရှိရန်ကြိုးစားပုံ၊ အောက်လမ်းအစီအရင်များကြောင့် ခြောက်လှန့်ခံရပုံတို့အပြင် လူငယ်တစ်ဦးအနေဖြင့် စိတ်၏ စေစားရာအတိုင်း အမှား၊ အမှန်မခွဲခြားဘဲ ဆောင်ရွက်ခဲ့မှုတို့ကြောင့် ဖြစ်ပေါ်လာသည့် ကြေကွဲဝမ်းနည်းဖွယ် အကြောင်းအရာများနှင့် ထိတ်လန့်ဖွယ်ရာ ဖြစ်ရပ်များကို ရသမျိုးစုံပါဝင်အောင် ရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းပိုင်း၌ ရေကြီးနစ်မြုပ်မှုကြောင့် ခရီးသွားများ နှောင့်နှေးမှုမရှိစေရေး ကူညီဆောင်ရွက်ပေး



**တနင်္သာရီ ဇူလိုင် ၂၂**

တနင်္သာရီမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ မြစ်ရေလျှံမိုးခဲ့ပြီး တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းပိုင်း တနင်္သာရီမြို့နယ် ဆင်ခြေဖုံးကျေးရွာအုပ်စု လယ်တောင်ယာကျေးရွာ မိုင်တိုင် ၈၃ ကီလိုမီတာအနီးရှိ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဇူလိုင် ၂၂ ရက်အထိ အနက် လေးပေ၊ အရှည်ပေ ၂၀၀၀ ခန့်အထိ ရေနစ်မြုပ်လျက်ရှိကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ သိရသည်။

မြစ်ရေလျှံမိုးမှုကြောင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍မရသော်လည်း မော်တော်ယာဉ်ပါ ခရီးသွားပြည်သူများ သွားလာရေးမနှောင့်နှေးစေရန်အတွက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းထိုက်ရွှေ၏ လမ်းညွှန်မှုအရ တိုင်းစစ်ဌာနချုပ်မှ ဂွန်ဆင်လှေနှစ်စင်း (ယာဉ်မောင်းပါ)၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဖိုင်ဘာလှေနှစ်စင်းနှင့် ဝန်ထမ်းများ၊ အမှတ်(၅၅၈)ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီး တင်မျိုးထွန်းဦးဆောင်သော စစ်သည်များနှင့် တနင်္သာရီမြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီးစောဘမြင့် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ငါးဦး၊ လယ်တောင်ယာကျေးရွာမှ ဒေသခံများ ပူးပေါင်း၍ ဒေသလုပ်သစ်သား လှေများ၊ ဝါးဖောင်များဖြင့် ခရီးသွားပြည်သူများနှင့် မော်တော်ဆိုင်ကယ်များ၊ ကိုယ်ပိုင်ပစ္စည်းများကို ရေလွတ်ရာသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကြက်သွန်ဈေးနှုန်းကျဆင်းမှုကြောင့် တောင်သူများအရှုံးပေါ်



**ကျောက်ပန်းတောင်း ဇူလိုင် ၂၂**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကြက်သွန်စိုက်တောင်သူများ ဈေးနှုန်းကျဆင်းနေသောကြောင့် ကြက်သွန်စိုက်တောင်သူများ အရှုံးပေါ်နေကြကြောင်း ကြက်သွန်စိုက်ပျိုးတောင်သူ ဒေါ်ဝိုင်းငြိမ်းက ပြောပြသည်။

### အရှုံးကြီးရှုံး

ကျောက်ပန်းတောင်းမြို့နယ်တွင် ကြက်သွန်စိုက်တောင်သူများစိုက်ပျိုးရန် မျိုးစေ့ဝယ်ယူချိန်က တစ်ပြည်လျှင် ငွေကျပ် ၈၀၀၀၀ ပေးဝယ်ရ စိုက်ပျိုးခဲ့ရကြောင်း သိရသည်။ "ဒီနှစ် ကြက်သွန် ဈေးနှုန်းက တစ်ပိဿာ ကျပ်ငါးရာဆိုတော့ ကြက်သွန်စိုက်တောင်သူတွေ အရှုံးကြီးရှုံးကုန်တာပေါ့"ဟု ကြက်သွန် အများအပြားစိုက်ပျိုးသည့် ဦးတင်ထွန်းအောင်က ပြောပြသည်။ ယခုနှစ် ကြက်သွန်စိုက်တောင်သူများ အဆမတန်ရှုံးလျှင် လာမည့်နှစ်တွင် ကြက်သွန်စိုက်ပျိုးမည့်သူနည်းသွားနိုင်ကြောင်း ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောပြသည်။

ကြက်သွန်စိုက်ပျိုးရာတွင် ကိုယ်ပိုင်မြေမရှိသည့် တောင်သူများအတွက် ကြက်သွန်တစ်သီးစာ မြေငှားရမ်းခ တစ်ဧက ကျပ်သုံးသိန်းပေးရပြီး မြေဩဇာအတွက် နွားချေး၊ ဆိတ်ချေး၊ ငုံးချေး၊ ဖော့စဖိတ်၊ ပုလဲ၊ ရွက်ဖျန်းဆေး၊ ကြက်သွန်စိုက်ခ၊ နုတ်ခ၊ ရေဖျန်းရေသွင်းခ တွက်ကြည့်လျှင် တစ်ဧက ၂၂ သိန်းကျော် ကုန်ကျကာ ကြက်သွန်ဥအထွက် နှုန်းကောင်းပြီး ဈေးနှုန်းသင့်တင့်မှသာ တောင်သူများ အသက်ရှူချောင်မည်ဖြစ်ကြောင်း၊ ဈေးနှုန်းအတိုင်းသာ ဖြစ်နေပါက ကြက်သွန်စိုက်ပျိုးသည့် အရင်းအနှီးတောင်မရနိုင်ကြောင်း ဦးတင်ထွန်းအောင်က ပြောသည်။

### တဖြည်းဖြည်းလျော့လာ

စင်ပေါ်ရောက်၍ ကြက်သွန်တစ်ဥပုပ်လျှင် အခြားဥများပါ အရည်ပျော်ကူးသွားသဖြင့် အမြဲတမ်း ကြက်သွန်အား တစ်လတစ်ကြိမ်ဥပုပ်ရွေးကာ ဖယ်ရှားပေးရကြောင်းနှင့် တဖြည်းဖြည်းကြက်သွန်အခွံများ ကွာ၍ ခြောက်လာသဖြင့် အလေးချိန်မှာလည်း တဖြည်းဖြည်းလျော့လာကာ ဈေးနှုန်းပါကျလာလျှင် ကြက်သွန်စိုက်တောင်သူများ ပိုပြီးအရှုံးနှင့်ရင်ဆိုင်ရနိုင်ကြောင်း ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# လမ်းမတော်မြို့နယ်အတွင်း ကားလမ်းပေါ်မှချိုင့်များ ပြုပြင်ဖာထေးပေးနေ

**ရန်ကုန် ဇူလိုင် ၂၂**
လမ်းမတော်မြို့နယ်အတွင်း YBS ယာဉ်လိုင်းများပြေးဆွဲနေသည့် ကားလမ်းများပေါ်ရှိ ချိုင့်များကို သက်ဆိုင်ရာက ပြုပြင်ဖာထေးပေးနေ၍ ယာဉ်များသွားလာရာတွင် အဆင်ပြေလာသည်ဟု လသာမြို့နယ်နေ အိမ်စီးယာဉ်ပိုင်ရှင် ဦးဟန်က ပြောသည်။

ရန်ကုန်မြို့ရှိ ကားလမ်းအများစုတွင် လမ်းများပျက်စီးနေကြ၍ သက်ဆိုင်ရာမှ ပြုပြင်ပေးပါရန် မီဒီယာများတွင် ရေးသားဖော်ပြလာကြသည်။

YBSယာဉ်လိုင်း ၃၇၊ ၅၆၊ ၅၇ နှင့် ၈၉ လိုင်းများဖြတ်သန်းမောင်းနှင်နေသော ကမ်းနားလမ်းမ၏ အရှေ့မှအနောက်သို့သွားသော ယာဉ်ကြောပေါ်ရှိ လမ်းမတော်လမ်းဆုံ မီးပွိုင့်ဧရိယာအတွင်း ပျက်စီးနေသော ချိုင့်ကြီးချိုင့်ငယ်များကို ပြုပြင်ပေးပါရန် ဇူလိုင် ၁၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် သတင်းဓာတ်ပုံနှင့်တကွ ဖော်ပြလာပြီး ရက်အနည်းငယ်အတွင်း သက်ဆိုင်ရာက ယင်းနေရာတွင် လမ်းကြိတ်စက်သုံး၍ လမ်းပေါက်များဖာထေးပေးသဖြင့် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းမှစ၍ ယင်းနေရာတွင် ဖြတ်သန်းမောင်းနှင်သောယာဉ်များ သွားလာရေး အဆင်ပြေလာသည်ဟု အငှားယာဉ်ပိုင်ရှင် ကိုတင့်ဝေက ပြောသည်။

အလားတူ လမ်းပြင်ဖာထေးမှုများရှိခဲ့သော်လည်း ပြန်လည်ပျက်စီးနေသော အနော်ရထာလမ်းနှင့် ဘုန်းကြီးလမ်းဆုံ မီးပွိုင့်ဧရိယာအတွင်း မြို့ပြင်သွားကြောတွင် ချိုင့်ကြီးချိုင့်ငယ်များရှိနေ၍ သက်ဆိုင်ရာက ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် လမ်းပြင်နေသည်ကို မြင်တွေ့လာရသည်။ ယင်းလမ်းဆုံကို မြို့တွင်းအဝိုင်းပတ်ယာဉ် ၅၈ အပြင် မြို့ပြင်သွားယာဉ်လိုင်းပေါင်း ခုနစ်လိုင်းတို့မှ လိုင်းကားများဖြတ်သန်းနေရသည်ဟု ယင်းနေရာအနီး အလုပ်လုပ်ကိုင်နေသူ ကိုနေဝင်းက ပြောသည်။

မြို့ပြင်သွားယာဉ်လိုင်း ၂၁၊ ၃၅ နှင့် ၃၉ တို့၏ မြို့တွင်းသို့ပြေးဆွဲသည့် ခရီးစဉ်အဆုံးဖြစ်ပြီး ပြန်ကွေ့နေရသောဂိတ်ဖျားဖြစ်သည့် မဟာဗန္ဓုလလမ်းပေါ်ရှိ မော်တင်မှတ်တိုင်အဝင် မော်တင်လူကူးခုံးကျော်တံတားအောက် ကြက်လျှာစွန်းအကွေ့ လမ်းဆုံတွင် ယာဉ်သွားလာများရာ၌ ချိုင့်ကြီးများရှိနေဆဲဖြစ်သည်ဟု ခရီးသည်များက ဆိုသည်။

လိုင်းကားများ ချိုင့်ကြီးများကို ရှောင်မောင်းနှင်နေရခြင်း လူသွားလမ်းဘေးကပ်၍ မှတ်တိုင်သို့မမောင်းနှင်နိုင်ခြင်းများရှိနေသည်ကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် မြင်တွေ့နေရဆဲဖြစ်သည်။

သို့ဖြစ်ရာ လမ်းမတော်မြို့နယ်အတွင်း လိုင်းကားများသွားလာနေသည့် ကားလမ်းများပေါ်မှ ချိုင့်ကြီးများကို ယခုရက်ပိုင်းတွင် သက်ဆိုင်ရာက ပြင်ဆင်ဖာထေးနေသကဲ့သို့ လအတန်ကြာရှိနေဆဲ မော်တင်ကြက်လျှာစွန်းကွေ့ရှိ ချိုင့်ကြီးများကိုပါ ပြင်ဆင်ဖာထေးပေးစေလိုကြောင်း လိုင်းကားယာဉ်မောင်းအချို့က ပြောသည်။

**မောင်စေအောင်**



# ထန်းတပင်မြို့နယ်၌ မူခင်းအသိပညာပေး ဆွေးနွေး

**ထန်းတပင် ဇူလိုင် ၂၂**
သက်ငယ်မုဒိမ်းမှုပပျောက်ရေး မူခင်းအသိပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပန်းတိုင်ကျေးရွာအုပ်စု ပန်းတိုင်ကျေးရွာ ဓမ္မပါရဂူကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းက အမျိုးသမီးများဘဝ လုံခြုံစေရေးနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရန်အတွက် အုပ်ထိန်းသူမိဘများနှင့်ကလေးလူငယ်များက သတိပြုလိုက်နာရန် အချက်များနှင့် မူခင်းဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းနှင့် လူကုန်ကူးမှုခံရနိုင်သည့် ဖြစ်စဉ်များအကြောင်းတို့ကို အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

# ဂျိုင်း(ကျုံဒိုး) Pontoon ဗောတံတား ပြုပြင်ပြီးစီး ယာဉ်များဖြတ်သန်းသွားလာလျက်ရှိ

**ဘားအံ ဇူလိုင် ၂၂**
ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သော ဘားအံ-မြဝတီကားလမ်းပေါ်ရှိ ဂျိုင်း(ကျုံဒိုး)ကြိုးတံတားမှာ ၁၃ တန်အထိသာ ဖြတ်သန်းသွားလာခွင့်ပြုထားပြီး ၁၃ တန်အထက် ယာဉ်များကို Pontoonဗောတံတားကသာ ဖြတ်သန်းသွားလာခွင့်ပြုထားသည်။ အဆိုပါဗောတံတားမှာ ဂျိုင်းမြစ်ရေ နေ့စဉ်တိုးလာသည့်အတွက် တံတားအတက်အဆင်းနေရာတွင် ချဉ်းကပ်လမ်းနှင့်ကွာဟသွားမှုကြောင့် ဘော်ဒီနိမ့်သည့် မှန်လုံယာဉ်များမှာ တံတားအဆင်းအတက်ကြမ်းပြင်နှင့် မလွတ်၍ လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သည်။ ဇူလိုင် ၂၁ ရက်က ငါးနာရီအကြာ ယာဉ်ဖြတ်သန်းမှုခေတ္တပိတ်ထားပြီး ပြင်ဆင်မှုများဆောင်ရွက်ခဲ့သော်လည်း ဖြတ်သန်းခွင့်ပြုပြီးနောက် မှန်လုံယာဉ်တစ်စီးမှာ တံတားအတက်ကြမ်းပြင်နှင့်မလွတ်၍ ရှေ့ဆက်သွားမရဘဲ ပိတ်ဆို့နေသဖြင့် ယာဉ်သွားလာမှု သုံးနာရီကျော်အကြာ ထပ်မံစောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။

"ယမန့်နေ့ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိPontoon ဗောတံတား အတက်အဆင်းလုပ်တဲ့နေရာ ပြင်နေတော့ အတက်ရော အဆင်းပါ စောင့်ရတဲ့ယာဉ်တွေ များတဲ့အတွက် ဗောတံတားကို ဖြတ်မယ့် ယာဉ်များအန္တရာယ်မဖြစ်စေဖို့ ရဲတပ်ဖွဲ့ဝင် ၁၀ ဦးနဲ့ တံတားလုံခြုံရေးအဖွဲ့တွေပေါင်းပြီး ဆောင်ရွက်ခဲ့တဲ့အတွက် ယာဉ်အန္တရာယ်တစ်စုံတစ်ရာ ဖြစ်ပွားမှုမရှိပါဘူး" ဟု ဂျိုင်းနယ်မြေ ရဲစခန်းမှူး ရဲအုပ်ဝင်းနိုင်က ပြောသည်။

"ခုလို ရေတက်တဲ့အချိန်မှာ လမ်းပိတ်ပြီးပြင်တာ၊ လမ်းပိတ်ဆို့မှုဖြစ်တာတွေက ခဏခဏဖြစ်နေရင် မကောင်းဘူး။ သဘာဝဘေးကြောင့် မတော်တဆဖြစ်တာက အများလက်ခံနိုင်ပေမယ့် ပေါ့လျော့မှုကြောင့်ဖြစ်တာဆိုရင် နစ်နာသူတွေအနေနဲ့ လက်ခံနိုင်မှာ မဟုတ်ဘူး။ ဥပမာ ငါးတို့ ပုစွန်တို့ သစ်သီးတို့ ပန်းတို့ တင်လာတဲ့ယာဉ်တွေဆို အချိန်ကိုလုပြီး သွားနေရတာ၊ တာဝန်ရှိသူတွေအနေနဲ့ စနစ်တကျ လုပ်ပေးစေလိုပါတယ်"ဟု ကုန်တင်ယာဉ်မောင်း တစ်ဦးက လက်ရှိအခြေအနေအပေါ် မြင်တွေ့နေရမှုအား ပြောပြသည်။

Pontoon ဗောတံတားအတက်တွင် ပိတ်ဆို့နေသည့် မှန်လုံယာဉ်ကို ည ၁၁ နာရီခွဲတွင် ရှင်းလင်းနိုင်ခဲ့ပြီး အတက်အဆင်းလုပ်သည့် ချဉ်းကပ်လမ်းအား မှန်လုံယာဉ်များ ပိတ်ဆို့မှု ထပ်မံမဖြစ်စေရန် ကွန်ကရစ်ဘလောက်တုံးများကို ဖယ်ရှား၍ ခံနိုင်ရည်ပိုရှိသော (၆×၉)လက်မအရွယ် ကျောက်သားများ၊ သဲအိတ်များခင်း၍ လမ်းခင်းခြင်းဆောင်ရွက်ခဲ့သဖြင့် ဇူလိုင် ၂၂ ရက်တွင် ယာဉ်အားလုံး တံတားမှ ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ဘိုကလေးမြို့နယ်တွင် သီးနှံဖျက် ရွှေခရုနှင့် ဥမြုံများ စုပေါင်းဖျက်ဆီး

**ဘိုကလေး ဇူလိုင် ၂၂**
ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် တတိယအကြိမ်မြောက် သီးနှံဖျက်ရွှေခရုနှင့် ဥမြုံများအား ပြည်သူ့အင်အားဖြင့် စုပေါင်းကောက်ယူဖျက်ဆီးပွဲ၊ ရွှေခရုကြိုတင်ကာကွယ်ရေးနှင့် GAP စိုက်ပျိုးရေးနည်းစနစ်ဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီက ဘိုကလေးမြို့နယ် သကံဝကျေးရွာ တောင်သူ ဦးအေးဝင်း၏ လယ်မြေ ၁၀ ဧက၌ ကျင်းပသည်။

အဆိုပါ သီးနှံဖျက်ရွှေခရုနှင့်ဥမြုံများကို ကျေးရွာအုပ်စု ငါးအုပ်စုအတွင်းရှိ လယ်ယာစိုက်ကွင်းများတွင် အစုအဖွဲ့များခွဲကာ တောင်သူများက ပြည်သူ့အင်အားဖြင့် သုံးရက်ကြိုတင်ကောက်ယူရရှိခဲ့ကြသော ရွှေခရု ကိုးတင်းခန့်နှင့် ဥမြုံတစ်တင်းခန့်တို့ကို စုပေါင်းဖျက်ဆီးကြသည်။

ထို့နောက် နံနက် ၁၁ နာရီတွင် ဘိုကလေးမြို့နယ် သကံဝစံပြ စိုက်ပျိုးရေးရုံးတွင် သီးနှံဖျက် ရွှေခရုကြိုတင်ကာကွယ်ရေးနှင့် GAP စိုက်ပျိုးရေးနည်းစနစ် ဆွေးနွေးပွဲကျင်းပရာ ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်က GAP စိုက်ပျိုးရေးနည်းစနစ်ကို လည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ကြူကြူရွှေတင်က ရွှေခရု နှိမ်နင်းရေးကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်စန်းယုက မြေဆီလွှာအာဟာရချို့တဲ့မှု ကာကွယ်ရေးကိုလည်းကောင်း ကဏ္ဍအလိုက်ဆွေးနွေးကြပြီး လေ့လာရေးတောင်သူများ၏ ပြန်လည်မေးမြန်းချက်များကို ရှင်းလင်းဖြေကြားကြသည်။ **မော်ကျွန်း-မြင့်အောင်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**ဘုတလင် ဇူလိုင် ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်နှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးထွန်းထွန်းဝင်းတို့က ရွှေလက်ကျေးရွာ၊ မဒိုင်ကျင်းကျေးရွာနှင့် ထူးကြီးကျေးရွာတို့အတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ စီ ပေးအပ်ခဲ့ကြရာ ကျေးရွာကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ဖိုးခါး**

# ဘက်စုံအပန်းဖြေစခန်းထူထောင်ခြင်းဆိုင်ရာဥပဒေ ဂျပန်အောက်လွှတ်တော်၌ အတည်ပြု




**တိုကျို ဇူလိုင် ၂၂**
ဂျပန်နိုင်ငံ၌ အတိုက်အခံပါတီများက တစိုက်မတ်မတ် ကန့်ကွက်နေသည့်ကြားမှ ကာစီနိုကစားဝိုင်း ပါရှိသော ဘက်စုံအပန်းဖြေစခန်းဟု ရည်ညွှန်းခေါ်ဆိုသော နေရာများ ထူထောင်ခြင်းနှင့် ပတ်သက်သည့် ဥပဒေမူကြမ်းတစ်ခုကို အောက်လွှတ်တော်က အတည်ပြုလိုက်ကြောင်း အင်န်အိတ်ချ်ကေ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဇူလိုင် ၂၀ ရက်က ကျင်းပသော အထက်လွှတ်တော် မျက်နှာစုံညီ အစည်းအဝေးတွင် ဘက်စုံအပန်းဖြေစခန်း အဆောက်အအုံများထူထောင်ခြင်းဆိုင်ရာ ဥပဒေကို မဲခွဲထောက်ခံခဲ့ပြီး အောက်လွှတ်တော်၏ အတည်ပြုချက်ကို ရရှိသည်။

အဆိုပါဥပဒေမူကြမ်းနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီက ခရီးသွားလုပ်ငန်းကို အားပေးပြီး ဒေသန္တရစီးပွားရေးကို အားဖြည့်ပေးမည့် ဥပဒေအဖြစ် ခိုင်ခိုင်မာမာ ပြောဆိုခဲ့သည်။

လွှတ်တော်၌ အင်အားအကြီးဆုံး အတိုက်အခံအင်အားစုဖြစ်သော ပြည်သူ့ဒီမိုကရက်တစ်ပါတီက ဥပဒေမူကြမ်းကို ကန့်ကွက်ခဲ့သည်။ မိမိတို့နိုင်ငံအတွင်း လောင်းကစားစွဲသူ အရေအတွက်ကို တိုးလာစေနိုင်သော ဥပဒေအဖြစ် ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သည်။

အဆိုပါဥပဒေမူကြမ်းကို အယ်လ်ဒီပီပါတီ၊ ကိုမေတိုးပါတီ၊ ဂျပန်ဆန်းသစ်ရေးပါတီနှင့် မျှော်လင့်ချက်ပါတီတို့၏ ထောက်ခံမှုနှင့်အတူ အတည်ပြုခဲ့သည်။

ဥပဒေသစ်အရ လောလောဆယ် ဂျပန်နိုင်ငံတစ်ဝန်း၌ နေရာသုံးနေရာတွင် ဘက်စုံအပန်းဖြေစခန်းများ ထူထောင်ခြင်းကို ခွင့်ပြုသွားမည်ဖြစ်သည်။ အပန်းဖြေ ဧရိယာများကို စတင်ခွင့်ပြုချက်ပေးပြီးနောက် ခုနစ်နှစ် အကြာတွင် ပြန်လည်သုံးသပ်သွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်၌ ရုရှားအမျိုးသမီးငယ် သူလျှိုမှုဖြင့် ဖမ်းခံရမှု နိုင်ငံခြားရေးဝန်ကြီး လက်ဗ်ရော့ကန့်ကွက်

**မော်စကို ဇူလိုင် ၂၂**
ရုရှားနိုင်ငံသားတစ်ဦးအား သူလျှိုပြုလုပ်သည်ဆိုသည့်အမှုဖြင့် အမေရိကန်ပြည်ထောင်စု၌ ဖမ်းဆီးခဲ့ခြင်းကို မိမိတို့လုံးဝလက်ခံနိုင်မည် မဟုတ်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုအား အသိပေးပြောကြားခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

အသက် ၂၉ နှစ်ရှိ မာရီယာ ဘူတီနာ အမည်ရှိ အမျိုးသမီးငယ်တစ်ဦးသည် တက္ကသိုလ်ကျောင်းသူတစ်ဦးအဖြစ် ဟန်ဆောင်ကာ အမေရိကန်နိုင်ငံရေးအသိုက်အဝန်းအတွင်း အဆက်အသွယ်များရယူခဲ့ပြီး ရီပတ်ဘလီကန် အမတ်များနှင့် ခင်မင်ရင်းနှီးအောင် လုပ်ဆောင်ခဲ့ကြောင်း၊ ဘူတီနာသည် အမေရိကန် အမျိုးသား ရိုင်ဖယ်အသင်းနှင့်လည်း ဆက်နွယ်မှုရှိကြောင်း အမေရိကန် အစိုးရရှေ့နေများက ပြောကြားခဲ့ကြသည်။



ဘူတီနာသည် ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲ အကြိုကာလတွင် မိန်းမမာယာဖြင့် မြူဆွယ်ခြင်း၊ တရားဝင် စာလွှာစာတမ်းပေါ်တွင် လိမ်လည်ဖော်ပြခြင်းတို့ ပြုလုပ်ကာ အမျိုးသား ရိုင်ဖယ်အသင်း အပါအဝင် နိုင်ငံရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်နိုင်အောင် ကြိုးပမ်းခဲ့သူအဖြစ် စွပ်စွဲခံရသည်။

ဘူတီနာသည် လွန်ခဲ့သည့် သုံးနှစ်တာကာလပတ်လုံး သူ၏ရည်းစားနှင့်အတူ ဝါရှင်တန်တွင် နေထိုင်ခဲ့စဉ်ကာလအတွင်း ရုရှားအစိုးရအဖွဲ့အတွက် သူလျှိုတစ်ဦးအဖြစ် ဥပဒေမဲ့လှုပ်ရှားနိုင်ရန် ကြိုးပမ်းခဲ့သည်ဟု စွပ်စွဲချက်တင်ခံထားရသည်။ ဘူတီနာ၏ ရည်းစားမှာလည်း နိုင်ငံရေးသတင်းအချက်အလက်များ ရရှိရန် သူလျှိုပြုလုပ်နေသူဟု ဆိုသည်။

သို့ရာတွင် ရုရှားနိုင်ငံသူ ဘူတီနာအား အခြေအမြစ်မရှိသော စွပ်စွဲချက်များဖြင့် ဖမ်းဆီးခဲ့သော အမေရိကန် အာဏာပိုင်များ၏ ဆောင်ရွက်ချက်များကို မိမိတို့ လုံးဝလက်မခံနိုင်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ဗ်ရော့က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ပွန်ပီယိုထံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုရာတွင် အလေးအနက် ပြောကြားခဲ့သည်။

ဘူတီနာအား အမြန်ဆုံးပြန်လည်လွှတ်ပေးရန် ဝန်ကြီးလက်ဗ်ရော့က တောင်းဆိုခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ဘူတီနာသည် ဇူလိုင် ၁၅ ရက်က အဖမ်းခံခဲ့ရသည်ဟု အမေရိကန် အာဏာပိုင်များက ဇူလိုင် ၁၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့၌ အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ပူးတွဲသတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး နာရီပိုင်းအကြာတွင် အမေရိကန်အာဏာပိုင်များ၏ ကြေညာချက် ပေါ်ထွက်လာခဲ့သည်။

**အေအက်ဖ်ပီ**

# အစ္စရေးနှင့် ပါလက်စတိုင်းအကြား အပစ်အခတ်ရပ်စဲသည့်တိုင် စစ်ပွဲဖြစ်ပွားလာမည့်အရေး နှစ်ဖက်ပြည်သူများစိုးရိမ်

**ဂါဇာစီးတီး ဇူလိုင် ၂၂**
အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ခုနစ်နာရီကြာမျှ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်မှာ ဇူလိုင် ၂၁ ရက် ညသန်းခေါင်ယံတွင် စတင်ခဲ့ရာ ဂါဇာကမ်းမြောင်ဒေသ၌ ပြန်လည်ငြိမ်သက်မှုရရှိလာသော်လည်း စစ်ပွဲတစ်ခုဖြစ်ပေါ်လာနိုင်သည့်အရေးအတွက် ပါလက်စတိုင်းပြည်သူများရော အစ္စရေးပြည်သူများပါ စိုးရိမ်ပူပန်လျက်ရှိနေကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဇူလိုင် ၂၀ ရက်က ဂါဇာနယ်စပ်ဒေသတစ်လျှောက်၌ ဆန္ဒပြပွဲဖြစ်ပွားချိန်အတွင်း ပါလက်စတိုင်း စစ်သွေးကြွတစ်ဦး၏ ပစ်ခတ်မှုကြောင့် အစ္စရေး စစ်သားတစ်ဦး သေဆုံးခဲ့ရပြီးနောက် ဇူလိုင် ၂၁ ရက်တွင် အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ကုလသမဂ္ဂနှင့် အီဂျစ်နိုင်ငံတို့က သွယ်ဝိုက်သောနည်းဖြင့် ကြားဝင်စေ့စပ်ပေးခဲ့ပြီးနောက် ဇူလိုင် ၂၁ ရက် ညသန်းခေါင်ယံတွင် အပစ်အခတ်ရပ်စဲမှု စတင်ခဲ့သည်။ သို့ရာတွင် ဂါဇာအာဏာပိုင်များက ကြေညာခဲ့သော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အစ္စရေးက အတည်ပြုခြင်း မရှိပေ။ ထိုစဉ်အတွင်း အစ္စရေးနှင့် ပါလက်စတိုင်း ဟားမားစ်အဖွဲ့အကြား စစ်ပွဲဖြစ်ပွားလာနိုင်သည့် အခြေအနေအတွက် အစ္စရေးနှင့် ပါလက်စတိုင်း ပြည်သူများက စိုးရိမ်ပူပင်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ရော့ကက်ဒုံးကျည်များနှင့် မော်တာစိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှု အဆုံးသတ်ရန်ဖြစ်သည်။

ဂါဇာစီးတီးအရှေ့ဘက် နယ်စပ်ဒေသတစ်လျှောက်၌ လပေါင်းအတန်ကြာမျှ ပါလက်စတိုင်း ဆန္ဒပြသူများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များထိပ်တိုက်ရင်ဆိုင်မှု ဖြစ်ပွားခဲ့စဉ်အတွင်း ဂါဇာရှိ ပါလက်စတိုင်း လူငယ်များက မီးလောင်လွယ်သော ပစ္စည်းများကို စွန်များ(လေတံခွန်များ)တွင် ချည်နှောင်ကာ အရံအတားများ အခိုင်အမာချထားသော နယ်စပ်ဒေသဝေဟင်အတွင်း ပျံသန်းစေပြီး မီးလောင်မှုများ ဖြစ်ပေါ်စေခဲ့သည်။

ပုလင်းငယ်များအတွင်း ဒီဇယ်ဆီထည့်သွင်းကာ စွန်များ(လေတံခွန်များ)တွင် တပ်ဆင်ပြီး တိုက်ခိုက်ခဲ့ကြသော ပါလက်စတိုင်း လူငယ်များကို ပြင်းပြင်းထန်ထန် လက်တုံ့ပြန်သွားမည်ဟု အစ္စရေးနိုင်ငံရေးသမားများက ခြိမ်းခြောက်ပြောကြားခဲ့ကြသည်။

**အေအက်ဖ်ပီ**

# ပြုံယမ်း၏ နျူကလီးယားလက်နက်စွန့်ပယ်ခြင်းအပေါ် စစ်ဆေးမှုများပြုလုပ်သင့်ကြောင်း အမေရိကန်တပ်မှူးပြောကြား

**ဝါရှင်တန် ဇူလိုင် ၂၂**
တောင်ကိုရီးယားနိုင်ငံ အခြေစိုက်အမေရိကန် ကာကွယ်ရေးတပ်ဖွဲ့ တပ်မှူးက မြောက်ကိုရီးယား၏ နျူကလီးယားလက်နက် စွန့်ပယ်ခြင်းကိစ္စရပ်နှင့် ပတ်သက်ပြီး တိကျသေချာသော စစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်ကြောင်း ယနေ့ပြောကြားခဲ့သည်။

ဇူလိုင် ၂၂ရက်တွင် အမေရိကန်ပြည်ထောင်စု ကိုလိုရာဒိုပြည်နယ်၌ ကျင်းပခဲ့သည့် အမျိုးသား လုံခြုံရေးဆိုင်ရာ အစည်းအဝေးတစ်ခုတွင် တောင်ကိုရီးယားနိုင်ငံ အခြေစိုက်အမေရိကန် ကာကွယ်ရေးတပ်ဖွဲ့ တပ်မှူး ဗိုလ်ချုပ်ကြီး ဗင်းဆင့် ဘရွက်စ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

မေလအတွင်းက မြောက်ကိုရီးယားနိုင်ငံ အရှေ့မြောက်ဘက်တွင်ရှိသော teh Punggye-ri နျူကလီးယားစမ်းသပ်ရေးနေရာ ဖျက်သိမ်းခြင်းနှင့် ပတ်သက်ပြီး ပြုံယမ်း၏သတင်းထုတ်ပြန်ချက်အပေါ် ကိုးကားပြီး ဗိုလ်ချုပ်ကြီး ဗင်းဆင့် ဘရွက်စ်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

ပြုံယမ်းက နျူကလီးယားဒုံးကျည် စမ်းသပ်ပစ်လွှတ်နေရာအား ဖျက်သိမ်းလိုက်ကြောင်း ကြေညာခဲ့သော်လည်း အမေရိကန်က နျူကလီးယားလက်နက်ထုတ်လုပ်ရေးနေရာများ အပါအဝင် ဆက်စပ်ပစ္စည်းနှင့် လောင်စာဆီထုတ်လုပ်ရေးနေရာများကို အပြီးတိုင်ပိတ်သိမ်းလိုက်ပြီဆိုသည်ကို ယနေ့တိုင် အတည်ပြုခြင်း မရှိသေးပေ။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏ နျူကလီးယားလက်နက်ပိုင်ဆိုင်မှုကို ယနေ့တိုင် ဆက်လက်ထိန်းသိမ်းထားကြောင်းနှင့် နိုင်ငံအတွင်း နျူကလီးယားလက်နက်ထုတ်လုပ်ရေး လုပ်ငန်းစဉ်များကို သေချာစွာ စစ်ဆေးမှုများပြုလုပ်သင့်ကြောင်း ဗိုလ်ချုပ်ကြီး ဘရွက်စ်က ပြောကြားခဲ့သည်။

အမေရိကန်-မြောက်ကိုရီးယား ထိပ်သီး အစည်းအဝေးပွဲ၏ ပူးတွဲကြေညာချက်တစ်ရပ်တွင် ခေါင်းဆောင်ကင်ဂျုံအန်က ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေးအတွက် အလုံးစုံကြိုးပမ်းမည် ဖြစ်ကြောင်း ကတိပြုလက်မှတ်ရေးထိုးခဲ့သည်။

သို့သော် ယခုလအစောပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်နိုင်ငံသည် နှစ်ဦးနှစ်ဖက်မျှတသည့် တောင်းဆိုချက်ကို တောင်းဆိုခြင်းမရှိဘဲ အတ္တဆန်သည့် တောင်းဆိုမှုကိုသာ တောင်းဆိုခဲ့သည့်အတွက် အမေရိကန်နိုင်ငံအား ရှုတ်ချခဲ့သည်။ အဆိုပါ ရှုတ်ချမှုကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် မြောက်ကိုရီးယားအဆင့်မြင့်အရာရှိတစ်ဦးတို့ ပြုံယမ်းတွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံအကြား သဘောထားကွဲလွဲမှုများကြောင့် ပြုံယမ်းအနေဖြင့် နျူကလီးယားလက်နက် အပြီးတိုင်စွန့်ပယ်ခြင်းရှိမရှိ ဆိုသည့်ကိစ္စရပ်အပေါ် အမေရိကန်ပြည်သူများက ယုံကြည်မှုကင်းမဲ့လာနိုင်ဖွယ်ရှိသည်။



**အင်န်အိတ်ချ်ကေ**



# လက်စတာစီးတီးနောက်ခံလူ မာကွိုင်ယာအား ပေါင် ၆၅ သန်းဖြင့် ခေါ်ယူရန် မန်ယူစီစဉ်

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် လက်စတာစီးတီးနောက်တန်းကစားသမား မာကွိုင်ယာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး လက်ရှိတွင် ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

ပေါ်တူဂီနိုင်ငံသား မော်ရင်ဟိုသည် ယခုနှစ်ဘောလုံးရာသီတွင် ဗဟိုခံစစ်မှူးတစ်ဦး ခေါ်ယူရန်လိုအပ်နေခြင်းကြောင့် လက်စတာစီးတီးနောက်တန်းကစားသမား မာကွိုင်ယာအား ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်း၏ ခံစစ်ပိုင်းတွင် မားကို့စ်ရိုဂျို၊ အဲရစ်ဘိုင်လီနှင့် ခရစ်စမောလင်းတို့ ရှိနေသော်လည်း ခံစစ်ပိုင်းအတွက် ထပ်မံအားဖြည့်ရန်စီစဉ်နေခြင်းဖြစ်သည်။

လက်စတာစီးတီးအသင်းသည် နောက်တန်းကစားသမား မာကွိုင်ယာအား လုပ်ခလစာကို ပေါင် ၇၅၀၀၀ အထိ တိုးမြှင့်ရန်စီစဉ်လျက်ရှိနေသော်လည်း မာကွိုင်ယာကမူ အသင်းပြောင်းရွှေ့ကစားရန်ရှိနေကြောင်း သိရသည်။ မာကွိုင်ယာသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဟားစီးတီးအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၁၇ သန်းဖြင့် လက်စတာစီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းအနေဖြင့် မာကွိုင်ယာအား ပစ်မှတ်ထားလာခြင်းမှာ ဗဟိုခံစစ်မှူးနှစ်ဦးဖြစ်သည့် စမောလင်းနှင့် ဖီးဂျုံးတို့၏ နေရာတွင် အစားထိုးရန်စီစဉ်နေခြင်းဖြစ်သည်။

# ဂိုးသမား ကော်တိုရစ်နေရာတွင် အစားထိုးရန် ပစ်ဖို့ဒ်နှင့် ဘတ်လန်အား ခေါ်ယူရန် ချယ်လ်ဆီးပြင်ဆင်

ချယ်လ်ဆီးအသင်းသည် လက်ရှိဂိုးသမား ကော်တိုရစ်၏ နေရာတွင် အစားထိုးကစားသမားအဖြစ် ခေါ်ယူရန် အင်္ဂလန်ဂိုးသမား ဂျော်ဒန်ပစ်ဖို့ဒ်နှင့် ဂျက်ဘတ်လန်အား ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ချယ်လ်ဆီးအသင်း၏ လက်ရှိဂိုးသမား ကော်တိုရစ်မှာ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် စီစဉ်နေသူဖြစ်သည်။

ဘယ်လ်ဂျီယံဂိုးသမား ကော်တိုရစ်မှာ ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းနောက်ဆုံးနှစ်သို့ ရောက်ရှိနေပြီဖြစ်ပြီး စပိန်မြေတွင် ကစားရန် ဆန္ဒရှိနေသူဖြစ်သည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းအနေဖြင့် ကော်တိုရစ်နေရာတွင် အစားထိုးရန် ဂျော်ဒန်ပစ်ဖို့ဒ်နှင့် ဂျက်ဘတ်လန်တို့အား ခေါ်ယူရန် စီစဉ်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အင်္ဂလန်ဂိုးသမားများဖြစ်သည့် ပစ်ဖို့ဒ်နှင့် ဘတ်လန်တို့မှာ ချယ်လ်ဆီးအသင်းနည်းပြ ဆာရီ၏ ယခုနှစ်ဘောလုံးရာသီအတွက် ခေါ်ယူရန် အဓိကပစ်မှတ်ထားခြင်းခံထားရသူများဖြစ်ပြီး ပစ်ဖို့ဒ်မှာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းနှင့်အတူ လက်စွမ်းပြကစားနိုင်ခဲ့သည့် ဂိုးသမားတစ်ဦးလည်းဖြစ်သည်။

ချယ်လ်ဆီးအသင်းအနေဖြင့် ဂိုးသမား ကော်တိုရစ်၏ နေရာတွင် အစားထိုးရန် အဲလစ်ဆင်အား စိတ်ဝင်စားခဲ့သော်လည်း အဲလစ်ဆင်မှာ လီဗာပူးအသင်းက ခေါ်ယူသွားခဲ့ခြင်းကြောင့် ပစ်ဖို့ဒ်နှင့် ဘတ်လန်တို့ကို ခေါ်ယူရန်ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။





# နောက်ခံကစားသမား ဂျွန်တယ်ရီ ဘောလုံးကစားသမားဘဝမှ အနားယူတော့မည်

ချယ်လ်ဆီးအသင်း၏ နောက်တန်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဂျွန်တယ်ရီသည် နည်းပြဘဝဖြင့် ဘောလုံးလောကတွင် ဆက်လက်ရှင်သန်ရန်အတွက် ဘောလုံးကစားသမားဘဝမှ အနားယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဂျွန်တယ်ရီသည် အက်စ်တွန်ဗီလာအသင်းနှင့် စာချုပ်သက်တမ်းမှာ ဇွန်လကတည်းက ကုန်ဆုံးခဲ့ခြင်းဖြစ်ပြီး အက်စ်တွန်ဗီလာအသင်းက ဂျွန်တယ်ရီအား စာချုပ်သစ်ချုပ်ဆိုရန်စီစဉ်ခဲ့သော်လည်း ကစားသမားဘဝကို အဆုံးသတ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဂျွန်တယ်ရီသည် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားငါးကြိမ်၊ အက်ဖ်အေဖလားလေးကြိမ်၊ လိဂ်ဖလားသုံးကြိမ် ရယူနိုင်ခဲ့သူဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# ပီတာဆတ်ချ်အား ခေါ်ယူရန် ရိုးမား စီစဉ်

ရိုးမားအသင်းသည် ဂိုးသမား အဲလစ်ဆင်အား လီဗာပူးအသင်းသို့ ရောင်းချခဲ့ပြီးနောက် အာဆင်နယ်ဂိုးသမား ပီတာဆတ်ချ်အား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ရိုးမားအသင်းသည် လက်ရှိတွင် ဂိုးသမား အဲလစ်ဆင်အား လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ ကျော်ဖြင့် လီဗာပူးအသင်းသို့ ရောင်းချခဲ့ပြီးနောက် နာမည်ကြီးဂိုးသမားတစ်ဦးကို ခေါ်ယူရန်ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။

ဂိုးသမားပီတာဆတ်ချ်သည် ၂၀၁၅ ခုနှစ်က ချယ်လ်ဆီးအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး လက်ရှိတွင် အာဆင်နယ်အသင်းမှ နာပိုလီအသင်းသို့ ပြောင်းရွှေ့ကစားရန်စီစဉ်နေကြောင်း သိရသည်။

ထို့ကြောင့် အီတလီစီးရီးအေကလပ် ရိုးမားအသင်းက ပီတာဆတ်ချ်အား ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်ပြီး ပီတာဆတ်ချ်မှာ အသင်းဟောင်း ချယ်လ်ဆီးအသင်းတွင် ပြန်လည်ကစားမည်ဆိုသည့်သတင်းများလည်း ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။



# ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၂**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ဇူလိုင် ၂၁ ရက်တွင် NISSAN UD(12W) ယာဉ်နှစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ၄၅ ပေါင်ဝင်မီးသွေးအိတ် ၁၆၉၀ နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆ ဒသမ ၇၆၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၄၆ စီး၊ သွင်းကုန် ၉၃၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၉ စီး၊ သွင်းကုန် ၆၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆ ဒသမ ၉၇၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၂၃၆ သန်းခန့်) စုစုပေါင်းတားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀ ဒသမ ၂၀၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၂၃-၇-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၃၅ | ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Fontaineblueau"(France) |
| ၁၀း၃၀ | စိုက်ပျိုးရေးရာအဖြေရှာ "ကျောက်ဆည်မြို့နယ်မှ GAP နှမ်း" |
| ၁၁း၀၀ | လုံမမှတ်စု(အပိုင်း-၄၆) |
| ၁၁း၁၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၄၅ | သုခုမရင်ခွင်အငြိမ့်သဘင် "မောင်လူချောတို့အဖွဲ့" (မင်းသမီး-ဇင်ယော်မေ၊ လူရွှင်တော်-ကံထူး၊ သာဦး၊ ပြည်ချစ်၊ အရှည်ကြီး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၁၃း၃၅ | Tasty Trip |
| ၁၄း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၄) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၆၇) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ) |
| ၁၇း၀၅ | This Week's Special Interest |
| ၁၇း၃၀ | Yes or No Talk Show |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "လူခြင်းအတူတူ" (ဒိတ်ဒိတ်၊ နေသစ်ခန့်၊ စိုင်းရာဇာ၊ ဦးစံပေါ၊ ကိုချစ်ဦး၊ ခင်ဖြူဖြူသန့်၊ အိအိသဲ၊ ဒေါ်အမာကြည်) (ဒါရိုက်တာ-ဝေဠု(ဝသန်)) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၂၇) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | ရာဇဝင်ထဲကသမိုင်းအနုပညာ "ဆယ်ပွင့်ပန်း" (ပန်းတမော့လုပ်ငန်း) -"ကိုင်းထိုး" - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း-၃၉) |
| | **- အစီအစဉ်ပြီး၏။** |

# ကလောမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၂**

ကလောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၁ ရက်တွင် ကလောမြို့နယ် တောင်ကွဲကျေးရွာအုပ်စု ပဋမကျေးရွာနေ ကျော်ဦး၏နေအိမ်ကိုရှာဖွေရာ အိပ်ခန်းအတွင်းရှိ သေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၉၈၀၊ သေတ္တာပေါ်မှ ဘိန်းစိမ်း သုည ဒသမ ၂ ကီလိုနှင့် ဆောင်းဘောက်အတွင်းမှ ဘိန်းစိမ်း ၁ ဒသမ ၃ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ကျော်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



**ကျော်ဦးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**




# တီးတိန်မြို့နယ်၌ လေသေနတ်တစ်လက်နှင့် ကျည်တောင့် ၃၅၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၂**

တီးတိန်မြို့နယ် ခိုင်ကမ်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၁ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် ခိုင်ကမ်းမြို့ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ကျီခါးမြို့မှ ကလေးမြို့သို့ ဦးဂင့်ဒုန်ပေါင် (ကလေးမြို့နေသူ) မောင်းနှင်လာသည့် 7F/---- Town Ace ခရီးသည်တင်ယာဉ်ကို စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် ပြည့်ဖြိုးသိန်း (တွန်းဇံမြို့နယ် ဆွမ်းဘမ်းကျေးရွာနေသူ)ထံမှ ခေါက်ချိုးလေသေနတ်တစ်လက်နှင့် ၎င်းကျည် ၃၅၀ တောင့်တို့ သိမ်းဆည်းရမိခဲ့သဖြင့် ပြည့်ဖြိုးသိန်းအား ခိုင်ကမ်းနယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# မိုးကောင်းမြို့နယ်မှ မိန်းကလေးနှစ်ဦးအား တရုတ်ပြည်သို့ရောင်းစားသည့် အမျိုးသမီးနှစ်ဦး ဖမ်းဆီးရမိ

**မိုးကောင်း ဇူလိုင် ၂၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်မှ မိန်းကလေးနှစ်ဦးအား တရုတ်ပြည်သို့ ရောင်းစားခဲ့သည့် အမျိုးသမီးနှစ်ဦးအား ဇူလိုင် ၂၂ ရက်က မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် ၂ လွယ်ဂျယ်မှ တပ်ဖွဲ့ဝင်များသည် မိုးမောက်မြို့နယ် စိန်လုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်နေစဉ် မသင်္ကာဖွယ်အမျိုးသမီးနှစ်ဦး လိုက်ပါလာကြောင်း သတင်းအရ မြစ်ကြီးနားမှ လွယ်ဂျယ်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် မိုးကောင်းမြို့နယ် လွဲလောကျေးရွာနေ မ---- (လူကုန်ကူးခံရသူ)နှင့် ကဝါးယံကျေးရွာနေ ဒေါ်ရွယ်နူး (လူကုန်ကူးမှုကျူးလွန်သူ)တို့ကိုတွေ့ရှိရ၍ စစ်ဆေးမေးမြန်းရာ တရုတ်နိုင်ငံရှိ တရုတ်အမျိုးသားနှင့် လက်ထပ်ထိမ်းမြားလျှင် မြန်မာငွေကျပ် သိန်း ၄၀ ရရှိမည်ဟု စည်းရုံးပြောဆိုကာ စရန်ငွေကျပ် ငါးသိန်းပေးပြီး ရှမ်းပြည်နယ် မူဆယ်ခရိုင် မုံးကိုးမြို့နေ ဒေါ်ဂျာနောင်(ခ)ခေါန်ရာမှတစ်ဆင့် တရုတ်ပြည်သို့ပို့ဆောင်ရန် ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့ပြီး ဒေါ်ရွယ်နူး၏လက်ကိုင်ဖုန်းမှတစ်ဆင့်ဆက်သွယ်၍ ဒေါ်ဂျာနောင်(ခ)ခေါန်ရာအား မြန်မာ-တရုတ် နယ်စပ်ဖြတ်ကျော်ဂိတ် လွယ်ဂျယ်တွင် ဖမ်းဆီးရမိခဲ့သည်။

ဒေါ်ရွယ်နူးနှင့် ဒေါ်ဂျာနောင်(ခ) ခေါန်ရာတို့နှစ်ဦး၏ ထွက်ဆိုချက်အရ ဧပြီလက မိုးကောင်းမြို့နယ် မင်းကုန်းကျေးရွာနေ မ----အား တရုတ်နိုင်ငံ လုံလင်မြို့ရှိ တရုတ်အမျိုးသားတစ်ဦးထံ ပို့ဆောင်ပေးခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် မင်းကုန်းကျေးရွာနေ မ----အား ဖုန်းဖြင့်ဆက်သွယ် မေးမြန်းကြည့်ရာ မ----က ၎င်းအား ဧပြီ ၇ ရက်တွင် တရုတ်အမျိုးသားထံ တရုတ်ယွမ်ငွေ ၆၆၀၀ ဖြင့် ရောင်းစားခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းမှာနှစ်လခန့် ပေါင်းသင်းပြီးမှ ပြန်လည်ထွက်ပြေး လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်ရွယ်နူးနှင့် ဒေါ်ဂျာနောင်(ခ)ခေါန်ရာတို့ နှစ်ဦးအား မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# စဉ့်ကူးမြို့နယ်၌ တောဆင်ရိုင်းတစ်ကောင် သေဆုံး

**နေပြည်တော် ဇူလိုင် ၂၂**

စဉ့်ကူးမြို့နယ် ပါပေါကျေးရွာ အောက်မတ္တရာ သစ်တောကြိုးဝိုင်း အကွက်အမှတ် ၁၇ နတ်တောင်(တောင်) သစ်တောဘိနယ် သစ်တောရုံးအရှေ့ဘက် သုံးမိုင်ခန့်အကွာ ဆင်ရိုးပုံတောင်ခြေသွား တောလမ်းဘေးတွင် ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက တောဆင်ရိုင်းတစ်ကောင် သေဆုံးနေကြောင်း သတင်းအရ စဉ့်ကူးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာ အမြင့် ၆ ပေ ၈ လက်မ၊ အသက် ၄၀ နှစ်ခန့်ရှိ ဟိုင်းဆင်အမျိုးအစား တောဆင်ရိုင်းတစ်ကောင်မှာ ရှေ့ရင်ညွန့်တွင် သံဆူးချွန်ပေါက်ထွက်နေသည့် ဒဏ်ရာတစ်ချက်၊ ယာပေါင်နောက်တွင် သစ်သားစပေါက်ဝင်နေသည့် ဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးနေသည်ကို တွေ့ရသည်။



အဆိုပါ တောဆင်ရိုင်းကို ရင်ခွဲစစ်ဆေးရာ အဆိပ်လူးမြားဒဏ်ရာကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ **ကိုရဲ**



# နတ်မောက်မြို့နယ်၌ ဆီဘောက်ဆာယာဉ်တစ်စီး ရေထဲမျောပါ

**နေပြည်တော် ဇူလိုင် ၂၂**

နတ်မောက်မြို့နယ် ရွာသစ်ကျေးရွာအနီး နတ်မောက်-မကွေးကားလမ်း မိုင်တိုင်အမှတ် ၁/၀-၁ ကြား၌ ဇူလိုင် ၂၁ ရက် ညနေ ၃ နာရီခန့်က ရေအနက်လေးပေ၊ အကျယ် ပေ ၄၀ ခန့်ရှိ ရေကျော်နေရာတွင် မြအေး (မင်းလှမြို့နေသူ) မောင်းနှင်ပြီး မောင်ဌေး (ဂျင်ရဲမြောင်ကျေးရွာနေသူ) လိုက်ပါလာသည့် 3D/---- ဖူဆို အမျိုးအစား ၁၂ ဘီး ဂါလန် ၂၈၀၀ ဆံ့ ဆီမပါဘောက်ဆာယာဉ်မှ ဖြတ်ကူးမောင်းနှင်စဉ် စက်ရပ်တန့်သွားကာ ရေစီးဖြင့် ပေ ၇၀ ခန့် မျောပါသွားရာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **ကိုရဲ**

# ဆက်သွယ်ရေးပစ္စည်း ဖျက်ဆီးခိုးယူသူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အောင်သုခရပ်ကွက် ကြေးနန်းဝင်းအတွင်း မြန်မာ့စာတိုက်လုပ်ငန်းဌာနပိုင် ကြေးနန်းအဆောက်အအုံတွင်းထားရှိသော ဆက်သွယ်ရေးပစ္စည်းများ ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက ဖျက်ဆီးခံရကြောင်း သတင်းအရ မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ရေဒီယိုစက်ပါ ပစ္စည်းလေးမျိုးမှာ ပျက်စီးနေပြီး ကျန်ပစ္စည်းလေးမျိုးမှာ ပျောက်ဆုံးနေသည်ကိုတွေ့ရသဖြင့် စုံစမ်းရာ ကြေးနန်းရုံး အဆောက်အအုံအနီးတွင် အောင်သုခရပ်ကွက်နေ ညီဇင်ဟိန်း(ခ)ဇင်ဟိန်းအား သက်သေခံပစ္စည်း အင်ဗာတာနှစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ ညီဇင်ဟိန်း(ခ)ဇင်ဟိန်းသည် တစ်ရပ်ကွက်တည်းနေ သိန်းသန်းအောင်၊ အောင်ကိုထွေး(ခ) ဝတုတ်တို့နှင့်အတူ ခိုးယူခဲ့ကြောင်း သိရ၍ သိန်းသန်းအောင်ပါ နှစ်ဦးအား ဖမ်းဆီးခဲ့ပြီး ကြေးနန်းကြိုးများကို အဟောင်းပစ္စည်းရောင်းဝယ်ရေးဆိုင်တစ်ဆိုင်တွင် ရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းများ လိုက်လံသိမ်းဆည်းကာ ၎င်းတို့သုံးဦးအား ကော့သောင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အိပ်ပျော်နေစဉ် စွန့်ပစ်မြေစာပုံပြိုကျရာမှ နှစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**နေပြည်တော် ဇူလိုင် ၂၂**

ဇူလိုင် ၂၁ ရက် နံနက် ၂ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖားဆောင်းမြို့နယ် မော်ချီးကျေးရွာ ကျောက်ကြားရပ် ကယားပြည်နယ် သတ္တုတူးဖော်ရေးကုမ္ပဏီ(KNPC)၏လုပ်ကွက်(၅၁) ခဲကျင်းရှိ အလုပ်သမားတဲ၌ ခဲကျင်းလုပ်သားအောင်သူပါ အမျိုးသား သုံးဦးတို့ အိပ်နေစဉ် ၎င်းတဲ၏အထက်ရှိ စွန့်ပစ်မြေစာပုံပြိုကျခဲ့ရာ အောင်သူပါနှစ်ဦးမှာ မြေစာများ ပိမိသေဆုံးခဲ့ပြီး ဇော်လင်းတွင် ခါးနာကျင်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မော်ချီးနယ်မြေရဲစခန်းတွင် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ဓမ္မစကြာတရားနှင့် ရောင့်ရဲခြင်းတရားများက ပျော်ရွှင်အေးချမ်းသော ကမ္ဘာကြီးဖြစ်နိုင်

ဒေါက်တာမောင်ဖြေ

"ဂေါတမမာရ်နိမ်မြတ်သည် သိမ်သို့ ငြိမ်ဆိမ့်သည်းဝင် သိက္ခာတင်သည်" ဟူ၍ ဆီသည့်ရှာစား ဦးအောင်ကြီးက ဝါဆိုလ လူးတားကဗျာတွင် ဖော်ညွှန်းသည့်အတိုင်း ရှေးအခါက ဝါဆိုလ၏ရာသီပွဲတော်သည် ရဟန်းခံရှင်ပြုပွဲ ဖြစ်သည်။

**ရဟန်းခံပွဲသမိုင်း**

ရှေးမြန်မာဘုရင်များသည် ဝါဆိုလတွင် ရဟန်းခံ ရှင်ပြုပွဲတော်ကြီးကို ရာသီပွဲတော်အဖြစ် ခြိမ့်ခြိမ့်သဲသဲ ကျင်းပဆင်နွှဲခဲ့ကြ၏။ သက္ကရာဇ် ၅၇၅ ခုစွဲ ပုဂံမြို့ သံလျင်အိုကပ်သင်ချင်ကျောက်စာတွင် "သာပန်စင်ခံရှယ် က ၇၂၀ ဦး၊ နာသရှစ်ကျွန်နွှာဥစ်စာပိယ်ဧ(သားပဥ္စင်း ခံ၍ တရားဦးနာသရော ကျွန်နွားဥစ္စာပေး၏)ဟု ရေးထိုး ထားချက်အရ ပုဂံခေတ် အနော်ရထာမင်းလက်ထက်က ထေရဝါဒသာသနာ ထွန်းကား၍ ရဟန်းတော်များ အမြောက်အမြားရှိနေပြီကို သိနိုင်သည်။ ပုဂံခေတ်တွင် ရဟန်းခံမှု၊ ပဥ္စင်းခံမှုများရှိခဲ့ကြောင်း ထင်ရှား၏။

**ဝါထပ်ခြင်းမှာ**

ဤနှစ် ၁၃၈၀ ပြည့်နှစ်သည် ဝါဆိုနှစ်လရှိသည်။ ယင်းသို့ ဝါထပ်ခြင်းကို ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့အတွက် ပြက္ခဒိန်အကြံပေးပညာရှင်တို့ စီစဉ်တွက်ချက်ဆုံးဖြတ်ပေးသည့်အတိုင်း ဝါထပ်သည့်၊ ဝါမထပ်ခြင်းတို့ကို အသိအမှတ်ပြုကြရသည့် ကဆုန်လ၊ နယုန်လ၊ ပထမဝါဆိုလ၊ ဒုတိယဝါဆိုလ လေးလလုံး ရက်စုံချည်းသတ်မှတ်လျှင် ဝါကြီးထပ်၏။

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် ဝါဆိုလတွင်သာ လထပ်ခြင်းပြုကြရသောကြောင့် "ဝါထပ်"ခြင်းဟု ခေါ်ခြင်းဖြစ်သည်။ ဝါမထပ်သောနှစ်၌ ၁၂ လပင်ရှိ၍ ဝါထပ်သောနှစ်၌ တစ်လတိုးကာ တစ်နှစ်လျှင် ၁၃ လဖြစ်လာသည်။ ဝါဆိုနှစ်လဖြစ်ပါက ဒုတိယဝါဆိုလတွင်သာ ပါဝင်ကြောင်း မှတ်သားရသည်။

ဝါထပ်ရခြင်းမှာ သူရိယမာသ တစ်နှစ်ကာလ ကုန်ဆုံးရသည့် စန္ဒရမာသနှစ် ၁၂ လပြည့်မြောက်သည့် အခါ ရက်ပိုများရှိတတ်သည်။ ယင်းသို့ ရက်ပိုရှိခြင်းကြောင့် စန္ဒရမာသ တစ်လပိုလာခြင်းဖြစ်သည်။ ထိုသို့ ပိုလာသောနှစ်တွင် ၁၃ လရှိသောနှစ် ဖြစ်ရသည်။ ထိုအခါတွင် ဝါထပ်သည်ဟု ဆိုသည်။ ဝါဆိုတစ်လ တိုးလာ၍ ဒုတိယဝါဆိုလတွင် ဝါဝင်သည်ကို မြန်မာ ဆယ့်နှစ်လရာသီအကြောင်း စာအုပ်တွင် ဆရာကြီး မောင်ထင်က ရှင်းလင်းဖော်ပြထားသည်။

**ဗုဒ္ဓဘာသာအခြေပြုဝေါဟာရ**

ဝါဆိုလကား ဘုရားသာသနာတော်ကို ထူထောင်၍ သာသနာ၏အထောက်အပံ့ဖြစ်သော သံဃာတော်များကို ကျစ်လျစ်ခိုင်မာစေသောလဖြစ်ပေသည်။ ဝါဆို ဟူသော စကားလုံးသည် ဗုဒ္ဓဘာသာကို အခြေပြု၍ ခေါ်ဝေါ်ကြသော စကားလုံးဟု ယူဆရ၏။

မြတ်ဘုရားရှင်၏ တပည့်သံဃာတော်တို့ ဝါဆို ဝါတွင်းကာလ ဝါကပ်ခြင်းပြုကြသောလ ဖြစ်သည်။ 'ဝါ' မှာ ဝဿ ဟူသော ပါဠိမှလာ၍ နေခြင်းဖြစ်သည်။ 'ဆို' မှာ ရွတ်ဆိုခြင်းဖြစ်၏။ ဝါဆိုဟူသော စကားလုံးကို "ဤအရာမ်အတွင်း၌ မိုးသုံးလပတ်လုံးနေပါမည်"ဟု ရွတ်ဆိုကတိပြုခြင်းဟု ဆိုလိုသည်။ ၎င်းကို မာဂဓအလို "ဣမသ္မိံ ဝိဟာရေ ဣမံတေမာသံ ဝဿံ ဥပေမိ"ဟု ရွတ်ဆိုရသည်။

ပထမဝါဆိုလသည် နွေတစ်ပိုင်း၊ မိုးတစ်ပိုင်း ရောနှောနေသော လရာသီဖြစ်ပြီး နွေနှောင်းကာလဖြစ်သည့်နည်းတူ မိုးဦးလလည်းဖြစ်ပေသည်။ နွေမပီ၊ မိုးမမည်သေးသော စပ်ကူးမပ်ကူးကာလ၊ နွေလိုလို၊ မိုးလိုလို မသဲမကွဲဖြစ်ပေါ်နေသော အခါသမယဖြစ်သည်။ နွေနှင့်မိုး တစ်ဝက်စီခြယ်ထားသော နှစ်ရောင်ခြယ် နွေမိုးသရုပ်ဖော်ပန်းချီကားချပ်ကြီးသဖွယ် ကြည်နူးခံစားဖွယ်ရာဖြစ်သည်။

**မြစ်ချောင်းအင်းအိုင် ရေပြည့်လျှံ**

"ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး" ဆိုသည့်စကားစဉ်အရ တောတန်းတစ်လျှောက်၌ ဖွေးဖွေးဖြူအောင် ပွင့်နေကြသည့် မိကျောင်းပန်းများကို မြင်တွေ့နိုင်ပြီး "ဝါဆိုငယ်မှ ဝါခေါင်၊ ရေဖောင်ဖောင်နှင့်၊ ရွာတောင်က ချောင်း"ဆိုသည်နှင့်အညီ ဝါဆိုလတွင် မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် မြစ်ချောင်းအင်းအိုင်များ၌ ရေများပြည့်လျှံနေလျက် အာကာသမိုးကောင်းကင်တွင်လည်း ညိုမဲသော မိုးသားလိပ်ကြီးများ အုပ်စုဖွဲ့ကာ စဉ်ဆက်မပြတ် ရွေ့လျားနေကြသဖြင့် အရပ်ရှစ်မျက်နှာတစ်ခွင်လုံးဝယ် မှုန်မှိုင်းအုံ့ဆိုင်း၍ နေပေသည်။

မြတ်စွာဘုရားရှင်လက်ထက်၌ ဘိက္ခုနှင့် ဘိက္ခုနီမအပါအဝင် သံဃာတော်တို့သည် မိုးတွင်းကာလ၌ ဒေသစာရီကြွချီလေ့ရှိသည်။ ဤကဲ့သို့ အရပ်ရပ်သို့ လှည့်လည်သည်ရှိသော စိမ်းစိုသောမြက်ခင်းနှင့်တကွ စိုက်ပျိုးထားသော လယ်ယာတို့သည် ပျက်စီးခြင်းဖြစ်ရသည်။ ထိုအခါ လယ်သမားဦးကြီးတို့က "ဘိက္ခု၊ ဘိက္ခုနီမတို့သည် မိုးတွင်း၌ ခရီးသွားကြခြင်းကြောင့် စိမ်းစိုသော မြက်ခင်းကိုနင်း၍ ပိုးမွှားအစရှိသော သတ္တဝါတို့၏ အသက်ကို ဖျက်ဆီးကြလေသည်"ဟူ၍ ဝေဖန်ပြောကြားသည်ကို အကြောင်းပြု၍ မြတ်ဘုရားရှင်သည် "ရဟန်းသံဃာများကို မိုးတွင်း၌ ဒေသစာရီလှည့်လည်သွားပါက ပါစိတ်အာပတ်သင့်၏" ဟု ဆုံးမတော်မူလေသည်။ ထို့ကြောင့် ဝါဝင်သော ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ မိုးတွင်းသုံးလတွင် သံဃာတော်များသည် "ဣမသ္မိံ ဝိဟာရေ ဣမံတေမာသံ ဝဿံ ဥပေမိ" ဟု ရွတ်ဆို၍ မိုးတွင်းသုံးလပတ်လုံး ဤကျောင်းအရာမ်၌ သီတင်းသုံးနေထိုင်မည်ဟု အဓိဋ္ဌာန်ပြုရသည်။ ဤကဲ့သို့ဝါကပ်ကာ သံဃာတို့နှင့်ဆိုင်သော အကျင့်သီလသိက္ခာကို စောင့်ထိန်းကြရသည်။

**ဓမ္မစကြာတရားတော်**

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းရှိ မဟာဗောဓိပင်အောက် ရွှေပလ္လင်တော်ဝယ် လောက၌ သိသင့်သိထိုက်သော အရာမှန်သမျှ ကြွင်းမဲ့ကုန်စင် ကောင်းစွာသိမြင်တော်မူသော မြတ်ဘုရားရှင်သည် ဥရုဝေလတောမှ တစ်ဆယ့်ရှစ်ယူဇနာဝေးသော ပဥ္စဝဂ္ဂီငါးဦးတို့နေထိုင်ရာ ဗာရာဏသီပြည်အနီး မိဂဒါဝုန်ရကုံမြိုင်အတွင်း ဝါဆိုလပြည့် ဓမ္မစကြာတရားဦးကို ဟောကြားခဲ့ခြင်းဖြစ်သည်။

ဓမ္မစကြာတရားတော်သည် ဝိနည်းမဟာဝါပါဠိတော်၌ "ပဥ္စဝဂ္ဂိယကထာ"အမည်ဖြင့်လာရှိပြီး ပဋိသမ္ဘိဒါ မဂ္ဂပါဠိတော်၌ "ဓမ္မစက္ကပဝတ္တနဝါရ" အမည်ဖြင့် လာရှိသည်။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၌လည်း "ဓမ္မစက္ကပဝတ္တနသုတ္တ"အမည်ဖြင့် လာရှိသည်။ ဓမ္မစက္ကပဝတ္တနသုတ်၏ အဓိပ္ပာယ်မှာ တရားဉာဏ်တော်တည်းဟူသော အသိစက်ကိုလည်စေတော်မူခြင်းဟု အဓိပ္ပာယ်ရပေသည်။ (ဓမ္မ= တရားဉာဏ်တော်+ စက္က= စက်ဝန်း+ ပဝတ္တန=လည်စေခြင်း) ဖြစ်၏။

ထိုတရားတော်တွင် ဘဝအသစ်မဖြစ်သော ဆင်းရဲခြင်းကင်းမည့် ကျင့်စဉ်များ ပါရှိပေသည်။ တရားတော်၏ အနှစ်သာရအားဖြင့် အကျင့်သုံးပါး၊ သစ္စာလေးပါး၊ ဉာဏ်တစ်ဆယ့်နှစ်ပါးနှင့် ဗုဒ္ဓအဖြစ်ကို ဝန်ခံတော်မူခြင်းတို့ ဖြစ်ပေသည်။

တရားတော်၏အချုပ်ကား ရှောင်ရန်အချက်ကြီး နှစ်ချက်ကို ပထမပြသည်။ ကာမစည်းစိမ်ကို ခံစားသော အကျင့်နှင့် ခန္ဓာကိုယ်ကို ပင်ပန်းသောအကျင့်တို့ကို မပြုကျင့်ခြင်းနှင့် ထိုအကျင့်တို့ဖြင့် ရုပ်ခန္ဓာငြိမ်းအေးသော ချမ်းသာကိုမရနိုင်။ အစွန်းနှစ်ခုမှလွတ်သည့် အလယ်အလတ်ကျင့်စဉ်ဖြင့်သာ လောကုတ္တရာကောင်းကျိုးတည်းဟူသော အေးငြိမ်းခြင်းကို ရရှိခံစားနိုင်သည်တို့ဖြစ်ပေသည်။

ယင်းတရားတော်ကြောင့် ပဥ္စဝဂ္ဂီငါးဦးတို့တွင် ရှင်ကောဏ္ဍညသည် တရားထူးရကာ ဧဟိဘိက္ခုရဟန်းဖြစ်လာ၏။ ရှင်ဝပ္ပက လပြည့်ကျော်တစ်ရက်နေ့၊ ရှင်ဘဒ္ဒိယကနှစ်ရက်နေ့၊ ရှင်မဟာနာမ်က သုံးရက်နေ့၊ ရှင်အဿဇိက လေးရက်နေ့မှာ ဧဟိဘိက္ခုရဟန်းတော်များ ဖြစ်လာကြ၏။

ဝါဆိုလ ဝါတွင်းမှာ ယသသူဌေးသားနှင့် သူငယ်ချင်း လေးဦး၊ ယင်းနောက် သူငယ်ချင်းငါးဆယ်တို့ ဧဟိဘိက္ခုရဟန်းတော်များ ဖြစ်လာကြသည်။ ဧဟိဘိက္ခု ရဟန်းဆိုသည်မှာ ဘုရားရှင်၏တရားကို နှစ်သက်လက်ခံပြီး ဘုရားရှင်ထံတွင် "တပည့်တော်အရှင်ဘုရားထံမှ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါ၏" ဟူ၍ လျှောက်ထားတောင်းပန်သည့်အခါ ဘုရားရှင်က "ဧဟိဘိက္ခု သွာက္ခာတောဓမ္မော၊ စရဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ" "ရဟန်းလာလော့၊ တရားကို ကောင်းစွာနာကြားအပ်ပြီး ဆင်းရဲဒုက္ခ၏ အဆုံးသတ်ရန်ဖြစ်သော အကျင့်ကို ကောင်းကောင်းကျင့်လှည့်ပါ" ဟု မိန့်ကြား၏။ ထို့ကြောင့် ဘုရားရှင်၏ ဧဟိဘိက္ခု စသော မိန့်ကြားချက်နှင့် ရဟန်းဖြစ်လာသူများကို ဧဟိ ဘိက္ခု ရဟန်းဟုခေါ်ဆိုခြင်း ဖြစ်သည်။

**ကမ္မဝါစာနှင့် သိမ်လိုအပ်ခြင်း**

ထို့နောက် ရဟန်းပြုလိုသူများကို ဘုရားရှင်ထံ ခေါ်လာကြရာတွင် ရဟန်းများနှင့် ရဟန်းလောင်းများမှာ ပင်ပန်းကြသည့်အတွက် ဘုရားရှင်က ရဟန်းတော်များကို "သရဏဂုံသုံးပါး"နှင့် ရဟန်းပြုခွင့်ပြုလိုက်သည်။ သရဏဂုံသုံးပါးကို ခံယူခြင်းဖြင့် ရဟန်းဖြစ်သောသူ များလာသောကြောင့် နောက်ပိုင်းတွင် သရဏဂုံသုံးပါးနှင့် ရဟန်းပြုခွင့်ပေးခြင်းကို ပြောင်းလဲ၍ သံဃာအဖွဲ့က ရဟန်းလောင်းကို ရဟန်းပြုပေးနိုင်တော့သည်။ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုပေးရသည့်အခါ သံဃအဖွဲ့ကသာ ရဟန်းပြုပေးနိုင်ခြင်း၊ သံဃာ့အဖွဲ့က ရဟန်းပြုပေးရန် ဆောင်ရွက်ရာတွင်လည်း သံဃာ့ကို ဆောင်ရွက်ရန်အတွက် သိမ်လိုအပ်လာသည်။

"ဉတ္တိစတုတ္ထကမ္မဝါ" စာခေါ်မှာ "ဉတ္တိ" သည် သိစေခြင်း သို့မဟုတ် ကြေညာခြင်းဖြစ်သည်။ အကျဉ်းအားဖြင့် သံဃာ့အဖွဲ့က ဤမည်သော ရဟန်းလောင်းကို ဤမည်သော ဥပဇ္ဈာယ်ဆရာနှင့် ရဟန်းပြုပေးမည်ဟု အသိပေးခြင်း၊ ကြေညာခြင်းကို ပါဠိလို "ဉတ္တိ" မြန်မာလို "ဉတ်ထားတယ်" ဟု ခေါ်သည်။ "ကမ္မဝါစာ" ဆိုသည်မှာ ကံပြုကြောင်းအဆိုတင်သောစာဖြစ်၏။ ရဟန်းခံပေးခြင်း၊ ကထိန်ခင်းခြင်း စသော သံဃာ့ကိစ္စ သံဃာ့ကံပြုကြောင်း အဆိုပြုသောစာကို "ကမ္မဝါစာ" ဟု ခေါ်ခြင်းဖြစ်သည်။

**အစွန်းတရားရှောင်ရန်နည်း**

မြတ်ဘုရားရှင်သည် ဓမ္မစကြာတရားတော်၌ လူအနှောင်အဖွဲ့များကို ကာမဂုဏ်ချမ်းသာတို့၌ ကပ်ငြိတွယ်တာပြီး လိုက်စားသော အကျင့် "ကာမသုခလ္လိကာနုယောဂ"နှင့် မိမိခန္ဓာကိုယ်နှင့် စိတ်ကိုပင်ပန်းဆင်းရဲစေရန် ပြုလုပ်သော "အကျင့်" "အတ္တကိလမထာနုယောဂ" ဟူသည့် အစွန်းတရားနှစ်ပါးသည် လောကမှ လွတ်မြောက်ရေးအတွက် အကျိုးမရှိ၊ အချည်းနှီးသော အကျင့်များ ဖြစ်သည်။ ယင်းအစွန်းနှစ်ပါးကိုမမှီဝဲရန် လမ်းပြနည်းကို ဟောကြားတော်မူခြင်းဖြစ်သည်။ ထိုနည်းလမ်းသည် သိပ္ပံနည်းကျဖြစ်ပေသည်။ တရားတော်များအရ မိမိကိုယ်တိုင် လေ့လာသိမြင်ခြင်းမရှိသေးသမျှ မည်သည့်အယူအဆကိုမျှ လက်မခံစေရန် ဖြစ်သည်။

ပုထုဇဉ်ဟူသမျှ လူ့ဘောင်လောက၌ မိမိတို့နေ့စဉ်ကြုံတွေ့နေရသော ကိစ္စအဝဝကို ဆောင်ရွက်ရာတွင် အစွန်းရောက်ခြင်းများကို တတ်နိုင်သမျှ ရှောင်ရှားရမည်။ သို့မှသာလျှင် လောကုတ္တရာ ကောင်းကျိုးကို မရသေးမီကာလအတွက် လောကီကောင်းကျိုးကို ခံစားရရှိနိုင်ကြပေလိမ့်မည်။ လူ့ဘောင်ကို မစွန့်ခွာသေးနိုင်သူများ အနေဖြင့်လည်း မိမိတို့နေ့စဉ်ကြုံတွေ့နေရသော ကိစ္စအဝဝကို ဆောင်ရွက်ရာ၌ အစွန်းရောက်ခြင်းများကို ဖယ်ရှား၍ အလယ်အလတ်နှလုံးသွင်းကာ မဇ္ဈိမပဋိပဒါလမ်းစဉ်ကို တန်ဖိုးထားကာ ဆောင်ရွက်လုပ်ကိုင်လျှင် လောကုတ္တရာနိဗ္ဗာန်ကို ရရှိနိုင်ကြပေလိမ့်မည်။ လောကီနိဗ္ဗာန်ကို ရရှိနိုင်ရန်အတွက် မဇ္ဈိမပဋိပဒါဖြင့် မိမိအတွက် သူတစ်ပါးအား မည်သို့မှ အနှောင့်အယှက်မဖြစ်စေခြင်းပင်ဖြစ်သည်။ မိမိတို့ပြုလုပ်ပြောဆိုဆောင်ရွက်ခြင်းဖြင့် အမှားနှင့်အဆိုးသို့ မရောက်စေဘဲ အမှန်နှင့်အကောင်းတို့တွင်သာ ရှိနေစေပါမူ သာယာဝပြောသော လောကီနိဗ္ဗာန်ကြီးတစ်ရပ်ဖြစ်စေမည်မှာ မလွဲပေ။ သာယာဝပြောသော လောကီနိဗ္ဗာန်ဟု ဆိုရာ၌ လူတိုင်းသည် စားဝတ်နေရေး၊ လူမှုရေးအရပ်ရပ်တို့ ကြောင့်ကြစိုးရိမ်မှုမရှိခြင်း၊ ဆင်းရဲပင်ပန်းမှုမရှိခြင်း၊ လိုချင်တပ်မက်မှုမရှိခြင်း၊ နှိပ်စက်ညှဉ်းပမ်း အနိုင်ကျင့်ခြင်းမရှိခြင်း၊ မနာလိုဝန်တိုခြင်း မရှိခြင်း၊ ဝင့်ဝါမော်ကြွားမှု မရှိခြင်းတို့ကြောင့် လူတိုင်းသည် မည်သည့်ကိစ္စမျိုး၌ပင်ဖြစ်စေ သင့်တင့်လျောက်ပတ်မှုရှိကြရသည်။ ကျေနပ်ရောင့်ရဲမှုရှိအပ်သည်။

**ရောင့်ရဲခြင်းသည် ပျော်ရွှင်ဖွယ်ရာ**

လူ့ဘောင်လောကတွင် မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ ရောင့်ရဲခြင်းအဆင့်ဖြစ်စေရန် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို သိအပ်ရာသည်။ ရောင့်ရဲခြင်းသည် ပျော်ရွှင်မှုအဆင့်ဖြစ်သည်ဆိုသော "Contentment is truth happiness" ဆောင်ပုဒ်က ဆိုထားသည်။ မြတ်ဘုရားရှင်က တဏှာ၊ မာနနှင့် ဒိဋ္ဌိတို့ ကင်းသော အဆင့်သို့ ရောက်ရန်အတွက် ရောင့်ရဲခြင်းသုံးမျိုးကိုလည်း ဟောကြားထားခဲ့လေသည်။

**-ယထာလာဘသန္တောသ-** ရသမျှနှင့်ရောင့်ရဲခြင်း၊ ကျေနပ်ခြင်း၊ ငါ့ပစ္စည်း ငါ့ဥစ္စာဟု မစွဲလမ်း မသိမ်းပိုက်သော

**-ယထာဗလသန္တောသ-** လိုသလောက်နှင့် ရောင့်ရဲခြင်း၊ ကျေနပ်ခြင်း၊ လုပ်သလောက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရသလောက်ထဲမှ လိုသလောက်သာ ယူငင်သုံးစွဲသော

**-ယထာသရုပ္ပသန္တောသ-** မိမိအဆင့်အခြေအနေနှင့် အညီ လိုက်လျောညီထွေမှုအရ ကျေနပ်သုံးစွဲသော တို့ဖြစ်ပါသည်။

တဏှာ၊ မာန၊ ဒိဋ္ဌိကို ကင်းလွတ်အောင်လုပ်၍လည်း မလွယ်၊ ပယ်၍လည်းမပယ်နိုင်ခြင်းကို သတိပေးဟောကြားတော်မူလေသည်။ ကမ္ဘာကြီးငြိမ်းချမ်းရန်အတွက် ယင်းသို့သော သန္တောသနည်းဓမ္မစကြာတရားဖြင့် ကျင့်ကြံမှုက ကောင်းမြတ်စေမည်ဖြစ်သည်။ ပြည်သူ့အကျိုးသယ်ပိုးသော ပုဂ္ဂိုလ်များသည် ဓမ္မစကြာတရားနှင့် နှီးနွှယ်သော ရောင့်ရဲခြင်း၊ သန္တောသတရားကို ရင်ဝယ်ပိုက်၍ ကျင့်ကြံကြခြင်းဖြင့် ပျော်ရွှင်အေးချမ်းသည့် ကမ္ဘာကြီးကိုတည်ဆောက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြရပေသည်။ ။

> ❛ ကမ္ဘာကြီးငြိမ်းချမ်းရန်အတွက် ယင်းသို့သော သန္တောသနည်း ဓမ္မစကြာတရားဖြင့် ကျင့်ကြံမှုက ကောင်းမြတ်စေမည်ဖြစ်သည်။ ပြည်သူ့အကျိုး သယ်ပိုးသောပုဂ္ဂိုလ်များသည် ဓမ္မစကြာတရားနှင့် နှီးနွှယ်သောရောင့်ရဲခြင်း၊ သန္တောသတရားကို ရင်ဝယ်ပိုက်၍ ကျင့်ကြံကြခြင်းဖြင့် ပျော်ရွှင်အေးချမ်းသည့် ကမ္ဘာကြီးကို တည်ဆောက် နိုင်မည်ဖြစ်ကြောင်း ❜

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် မဲဆန္ဒရှင်စာရင်းကြေညာထားမှုအခြေအနေ ကွင်းဆင်းစစ်ဆေး



**မြစ်ကြီးနား ဇူလိုင် ၂၂**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကြေညာထားရှိမှုနှင့် မြို့ဖွံ့ဖြိုးရေးအတွက် လမ်းများ ခင်းကျင်းနေမှုကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စီတာပူရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ တာဝန်ရှိသူများနှင့် မဲဆန္ဒရှင်စာရင်းကြေညာမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန်ခိန်ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံး၊ နောင်နန်းကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ရုံး၊ ပလန ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတို့နှင့် တပ်ကုန်းရပ်ကွက်၊ မြေမြင့်ရပ်ကွက်၊ မြို့သစ်ကြီးရပ်ကွက်တို့နှင့် ခေမာသီရိရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများအတွင်း မဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မြစ်ကြီးနားမြို့နယ်မှ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၂) လစ်လပ်နေရာအတွက် နိုင်ငံရေးပါတီခြောက်ခုမှ ကိုယ်စားလှယ်လောင်းခြောက်ဦး အမည်စာရင်းတင်သွင်းထားရှိကြောင်းနှင့် မြို့နယ်အတွင်း မဲရုံပေါင်း ၁၁၄ ရုံ၊ မဲဆန္ဒရှင် ၂၀၅၁၈၂ ဦး ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ထို့နောက် တက္ကသိုလ်လမ်း ပေ ၄၅၀၀ ကို လမ်းသားတိုးချဲ့၍ ခင်းကျင်းဆောင်ရွက်နေမှုနှင့် တက္ကသိုလ်ဝင်းအတွင်း ရေနုတ်မြောင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က လမ်းပိုင်းအား မြေပြင်အခြေအနေ ကွင်းဆင်းတိုင်းတာစစ်ဆေး၍ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းဘေး ဝဲ/ယာ ရေနုတ်မြောင်းများ စနစ်တကျဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရွှေစည်းခုံစေတီတော်မြတ်ကြီး ဝါဆိုဦးဆွမ်းသပိတ်လောင်းလှူပွဲ ကျင်းပ

**မုံရွာ ဇူလိုင် ၂၂**
နှစ်စဉ်ကျင်းပမြဲဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး ဝါဆိုဦး ဆွမ်းသပိတ်လောင်းလှူပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီက အဆိုပါ စေတီတော်စောင်းတန်း၌ ကျင်းပသည်။

ဝါဆိုဦးဆွမ်းသပိတ်လောင်းလှူပွဲကို ရွှေစည်းခုံစေတီတော်ကြီး အရှေ့ဘက်စောင်းတန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ရွှေစည်းခုံစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်ပြည်သူများက မုံရွာမြို့ပေါ်ကျောင်းတိုက်များတွင် သီတင်းသုံးတော်မူကြသော သံဃာတော် ၆၀၀၀ ကျော်အား ဆွမ်းသပိတ်များနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာနှင့် ဝန်ထမ်းများ၊ ရွှေစည်းခုံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆွမ်းသပိတ်အလှူရှင် ပြည်သူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသော ဝါဆိုဦးဆွမ်းသပိတ်လောင်းလှူပွဲတွင် ယခုနှစ်ဝါဆိုကာလအတွင်း မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက် ၁၉၃ တိုက်တွင် တရားအားထုတ်ကြမည့် သံဃာတော်ကြီးများ၊ စာသင်၊ စာချကြမည့် သံဃာတော် ၆၀၀၀ တို့ကို ရွှေစည်းခုံဂေါပကအဖွဲ့မှ ကြီးမှူးပြီး ဆွမ်းသပိတ်အလုံးစုစုပေါင်း ၆၀၀၀ ကျော်ဖြင့် ဝါဆိုဦးဆွမ်း၊ သပိတ်၊ ဆွမ်းအစ်၊ လှူဖွယ်ပစ္စည်းများကို လောင်းလှူကြကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## တိုတိုထွာထွာဖတ်စရာ

### မှုခင်းကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး

**ဇမ္ဗူသီရိ**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ဆောက်လုပ်ရေး (ယာယီ) လုပ်သားမိသားစုဝင်များအား မှုခင်းကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ရပ်ကွက်ဓမ္မာရုံ၌ ဇူလိုင် ၂၀ ရက် ညနေ ၃ နာရီက ကျင်းပခဲ့သည်။

အမှတ်(၉၊ ၁၀) စခန်းမှူး ရဲအုပ်နိုင်မိုးက သက်ငယ်မုဒိမ်းမှုမဖြစ်ပေါ်ရန် မိမိတို့၏ ရင်သွေးငယ်သားသမီးများကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပြီး ပတ်ဝန်းကျင်အနီးအနားတွင် သင်္ကာမကင်းဖွယ် တစ်စုံတစ်ဦးကိုတွေ့ရှိပါက တာဝန်ရှိသူများထံ အသိပေးအကြောင်းကြားရန် ပြောကြားသည်။

**ကြေးမုံ**

### မြန်မာ့မီးရထား ခင်ဦးမှ မန္တလေးခရီးစဉ် တိုးချဲ့ပြေးဆွဲ

**ခင်ဦး**
မန္တလေး-ရွှေဘို ပြေးဆွဲပေးနေသော RBE ရထားသည် ခင်ဦးဘူတာအထိ စတင်တိုးချဲ့ ပြေးလျက်ရှိရာ ဝန်ဆောင်မှုကောင်းကောင်းနှင့် အချိန်မှန်ရထားအဖြစ် ခင်ဦးမှ မန္တလေးဘူတာသို့ ဇူလိုင် ၂၀ ရက် နံနက် ၅ နာရီခွဲက စတင်ပြေးဆွဲနေကြောင်း ခင်ဦးဘူတာ ရုံပိုင်ကြီးထံမှ သိရသည်။

"သန့်ရှင်းသပ်ရပ်မှုရှိတဲ့ ဘူတာရဲ့အခင်းအကျင်းနဲ့အတူ ခရီးသွားမိဘပြည်သူများကို စိတ်ချမ်းမြေ့စွာ လိုရာခရီးသွားနိုင်စေဖို့ မီးရထားဝန်ထမ်းများက အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်နေပါတယ်။လာရောက်စီးနင်းပါလို့ ဖိတ်ခေါ်ပါတယ်" ဟု ခင်ဦးဘူတာရုံပိုင်ကြီးက ပြောသည်။

**ရောင်နီတင်ဝင်း**

### ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများပေးအပ်

**မိုင်းယောင်း**
ရှမ်းပြည်နယ် (အရှေ့ပိုင်း )မိုင်းယောင်းမြို့နယ်တွင် ဝေးလံခေါင်ပါးပြီး မြို့နှင့် အလှမ်းကွာဝေးသော ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများအတွက် ဇူလိုင်လ ဒုတိယပတ်က မျိုးဆက်သစ်ရောင်နီ ပရဟိတ လူမှုကူညီရေးအသင်းမှ ကျောင်းသုံးပစ္စည်းများသွားရောက်ပေးအပ်ခဲ့သည်။

မျိုးဆက်သစ် ရောင်နီပရဟိတ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်ဇော်ထွန်းနှင့် အသင်းသူအသင်းသားများ၊ မြို့နယ်တိုင်းရင်းဆေးမှူး ဦးဝေဇော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်မိုးနှင့် ဝန်ထမ်းများသည် မိုင်းဟစ်ကျေးရွာ၊ ပန်မကြူကျေးရွာနှင့် ကွီပါပျက်ကျေးရွာတို့ရှိ ကျောင်းသား၊ ကျောင်းသူများအတွက် လွယ်အိတ်၊ စာအုပ်၊ ခဲတံ၊ ပေတံ၊ ခဲဖျက်စသည့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ခဲ့ပြီး နို့နှင့် အာဟာရမုန့်များ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းအသိပညာပေးဟောပြော

**မန္တလေး**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးတက္ကသိုလ်(မန္တလေး)နှင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောဆွေးနွေးပွဲနှင့် မှုခင်းကျဆင်းရေး အသိပညာပေးသရုပ်ပြပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီက ဆေးတက္ကသိုလ်(မန္တလေး)ဇီဝကစာသင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးတက္ကသိုလ်(မန္တလေး) ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာအေးအေးချစ်က အဖွင့်အမှာစကားပြောကြားပြီး အမှတ် (၈၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးက စည်းကမ်းမလိုက်နာမှုများကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွားရခြင်း၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး(ဦးစီး)မှ မန္တလေးခရိုင်အတွင်း ညအချိန်ပိတ်ဆို့ စစ်ဆေးဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ**

# ချမ်းမြသာစည်မြို့နယ်အတွင်း မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာများ နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများကို ရောင်းချပေးမည်

**ချမ်းမြသာစည် ဇူလိုင် ၂၂**
မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့် မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာ အာရ်စီလေးခန်းတွဲ ခြောက်ထပ်အဆောက်အအုံ ၂၈ လုံး၊ အိမ်ခန်း တစ်ခန်းလျှင် ၆၆၁ စတုရန်းပေရှိ အခန်းပေါင်း ၆၇၂ ခန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစား ဝန်ထမ်းများအား ရောင်းချပေးမည်ဖြစ်သည်။

မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ ဝယ်ယူလိုသော နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများသည် အိမ်ခန်းလျှောက်လွှာများကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၇ ရက်အတွင်း ရုံးပိတ်ရက်များ အပါအဝင် လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး တိုက်ခန်းလျှောက်လွှာများကို ဩဂုတ် ၁ ရက်မှ ၁၄ ရက်အတွင်း ပြန်လည်လက်ခံသွားမည်ဖြစ်သည်။

မြရည်နန္ဒာတန်ဖိုးမျှတတိုက်ခန်း ဝယ်ယူခွင့် လျှောက်လွှာများကို ချမ်းအေးသာစံမြို့နယ်၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးဝင်းအတွင်းရှိ ဓမ္မာရုံ၌ လာရောက်ဝယ်ယူနိုင်ကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**



# မူးယစ်ဆေးဖြတ်ကုသရေးနှင့်ပြန်လည်ထူထောင်ရေးသင်တန်းဆင်းပွဲကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၂၂**
စခန်းနှင့် ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေး သင်တန်းဆင်းပွဲကို ကျိုင်းတုံမြို့နယ် မိုင်းလပ်အုပ်စု ဝမ်မိုင်ရွာတွင် ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် မူးယစ်ဆေးဖြတ်သူများ ပြန်လည် ထူထောင်ရေးစခန်း ၁၀ ခု ဖွင့်လှစ်ထားရှိပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်း၌ ကျိုင်းတုံနှင့် တာချီလိတ်မြို့တွင် ဖွင့်လှစ်ထားရှိကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် အကြောင်းအမျိုးမျိုးကြောင့် သုံးစွဲရာမှ မူးယစ်နွံထဲမှ ရုန်းမထွက်နိုင်ဘဲ မူးယစ်သားကောင်ဖြစ်နေသူများမှာ နေရာဒေသ၊ အသက်အရွယ်မရွေး အလွန်များပြားလာခြင်းကြောင့် နိုင်ငံတော်အနေဖြင့် ထိထိရောက်ရောက် တားဆီးနိုင်ရန်နှင့် တစ်ဖန်ပြန်လည်သုံးစွဲနိုင်ခြင်း မရှိစေရန် ပြန်လည်ထူထောင်ရေးစခန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းသားတစ်ဦးဖြစ်သူ ကျိုင်းတုံမြို့နယ် ပန်ကုလားရွာမှ မောင်ဇရှောက မိသားစု၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ ကဲ့ရဲ့ခြင်း စွန့်ပစ်ခံဘဝကို နှစ်ပေါင်းများစွာ ခံခဲ့ရကာ ပြန်လည်ထူထောင်ရေးစခန်းကြောင့် ပျော်ရွှင်စရာကောင်းသည့် မိသားစုကို လူသစ်စိတ်သစ်ဘဝသစ်ဖြင့် ရင်ဆိုင်ဖြတ်သန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းအား ၃၅ ရက်ကြာ ဖွင့်လှစ်ပြီး သင်တန်းသား ၄၀ ဦးရှိကာ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုကူညီရေးအသင်း၊ ကြက်ခြေနီအသင်းတို့ တက်ခဲ့ရောက်ကြသည်။ သင်တန်းဆင်းလက်မှတ်ကို ခရိုင်အုပ်ချုပ်ရေးမှူးက ပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ မော်ချီးဒေသ ဇလားမြေပုံပြိုကျမှု သွားရောက်ကြည့်ရှု



**ဖားဆောင်း ဇူလိုင် ၂၂**

ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ် မော်ချီးဒေသ၌ ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ က မိုးရွာသွန်းမှုကြောင့် ကျင်းလုပ်ကွက်အမှတ် (၅၁) ဝန်းကျင် ဦးလင်းမိုးကျင်းတဲအနီး ဇလားမြေပုံပြိုကျမှုဖြစ်ပွားခဲ့သည်။

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိက ဇူလိုင် ၂၁ ရက်တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး၊ ပြည်နယ်မီးသတ်၊ ပြည်နယ် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန အမှတ် (၂) သတ္တုတွင်းမှ တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ အခင်းဖြစ်ပွားရာနေရာသို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

မြေစာပုံပြိုကျမှုကြောင့် နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သဖြင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျန်ရစ်သည့် မိသားစုများအား လိုအပ်သည်များ ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ငွေကျပ် ၁၀ သိန်းစီ စုစုပေါင်း ငွေကျပ် ၂၀ သိန်းနှင့် အိမ်အမိုးအကာပစ္စည်းငါးမျိုး၊ ယာယီအသုံးပြုနိုင်ရန် ရွက်ဖျင်တဲအဆောက်အအုံတို့အား ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စားဝတ်နေရေးရှာဖွေဆောင်ရွက်ရာတွင် အားလုံးစည်းလုံးညီညွတ်စွာ နေထိုင်ဆောင်ရွက်ကြရန်၊ ပြဿနာတစ်ခုဖြစ်ပွားလာပါက တစ်ဦးကိုတစ်ဦးအပြစ်မြင်နေခြင်းမဟုတ်ဘဲ ဒုက္ခရောက်နေသူအား ဝိုင်းဝန်းကူညီရန် လိုအပ်ကြောင်း၊ အခက်အခဲရှိပါကလည်း သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများကလည်း အလေးထားဆောင်ရွက်ပေးရန် ပြောကြားခဲ့သည်။

**ကိုစိုင်း (လွိုင်ကော်)**

# အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး အခမဲ့ထိုးပေးမည်

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်အူလမ်းကြောင်းနှင့် အသည်းဆေးပညာအဖွဲ့က ကြီးမှူးကာ ကမ္ဘာ့အသည်းရောင်အသားဝါနေ့ အခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ အခမ်းအနားလာပြည်သူဦးရေ ၁၀၀၀ အတွက် အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးကို အခမဲ့ထိုးပေးမည်ဖြစ်ကြောင်း သိရသည်။

အသည်းရောင်အသားဝါရောဂါအား တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ပပျောက်စေရန် ရည်မှန်းချက်ချမှတ်ထားကြောင်း၊ အသည်းရောင်အသားဝါရောဂါ၏ အဓိကဆိုးကျိုးမှာ အသည်းခြောက်နှင့် အသည်းကင်ဆာရောဂါဖြစ်ပြီး ရောဂါလက္ခဏာမပြဘဲ ရောဂါလက္ခဏာပြသသည့်အချိန်မှာ လွန်စွာနောက်ကျနေတတ်ကြောင်း၊ အာရှတိုက်တွင် လူဦးရေ ၁၂ ဦးအနက် တစ်ဦးမှာ ဘီပိုး၊ စီပိုးရောဂါရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဘီပိုးရောဂါ ခုနစ်ရာခိုင်နှုန်းနှင့် ရှစ်ရာခိုင်နှုန်းကြားရှိပြီး စီပိုးရောဂါမှာ သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းရှိနေကြောင်း၊ ကူးစက်မှုရာခိုင်နှုန်း များပြားလာသောကြောင့် သွေးမှတစ်ဆင့် ကူးစက်ခြင်းကို ကာကွယ်ရန်အတွက် မလိုအပ်ဘဲ ဆေးထိုး၊ ဆေးသွင်း၊ ခွဲစိတ်ခြင်းနှင့် သွားနုတ်ခြင်းများကို ရှောင်ရှားသင့်ကြောင်းနှင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့အသည်းရောင်အသားဝါနေ့၏ ဆောင်ပုဒ်မှာလည်း တိမ်မြုပ်နေသည့် ဘီပိုး၊ စီပိုးရောဂါရှိသူများအတွက် ဖော်ထုတ်စစ်ဆေးကုသကာကွယ်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန် သတ်မှတ်ဆောင်ရွက်ထားသဖြင့် ကမ္ဘာ့အသည်းရောင်အသားဝါနေ့ အခမ်းအနားကို ယခင်နှစ်များနှင့်မတူ ကျယ်ပြန့်စွာပြုလုပ်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းဆေးပညာအဖွဲ့မှ ဥက္ကဋ္ဌ၊ ပါမောက္ခ ဗိုလ်မှူးကြီးကျော်စိုးထွန်းက ပြောသည်။

ကမ္ဘာ့အသည်းရောင် အသားဝါနေ့ အခမ်းအနားတွင် ဆရာဝန်များက အသည်းရောဂါနှင့်ပတ်သက်သည့် ပညာပေးဟောပြောပွဲများ ပြုလုပ်သွားမည်ဖြစ်ပြီး ဆေးရုံနှင့် ဆေးကုမ္ပဏီများမှ ဆေးဝါးများအား ခင်းကျင်းပြသခြင်း၊ ဓာတ်ခွဲခန်းများမှ ဝန်ဆောင်မှုများအတွက် ဟောပြောခြင်း၊ ရောဂါရှင်သူများအတွက်လည်း ပြည်ပဆေးရုံများမှ ဝန်ဆောင်မှုများကို ရှင်းလင်းပြသခြင်း၊ ကမ္ဘာ့အသည်းရောင်အသားဝါနေ့အခမ်းအနားလာ ပြည်သူ ၁၅၀၀ အတွက် ဘီပိုး၊ စီပိုးရောဂါ အခမဲ့စစ်ဆေးပေးခြင်း၊ လူဦးရေ ၁၀၀၀ အတွက် အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးကို အခမဲ့ဆေးထိုးပေးခြင်း၊ ဆေးကုမ္ပဏီများမှ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးများအား အထူးလျှော့ဈေးနှုန်းဖြင့် ခင်းကျင်းပြသ ရောင်းချပေးမည်ဖြစ်ပြီး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း အစာအိမ်အူလမ်းကြောင်းနှင့် အသည်းဆေးပညာအဖွဲ့မှ ဥက္ကဋ္ဌ၊ ပါမောက္ခဗိုလ်မှူးကြီး ကျော်စိုးထွန်း၊ ရန်ကုန် အထူးကုဆေးရုံကြီး အသည်းဌာနမှ ပါမောက္ခ၊ ဌာနမှူး ဦးဝင်းနိုင်၊ မြောက်ဥက္ကလာ အထွေထွေဆေးရုံကြီး အသည်းဌာနမှ ပါမောက္ခ၊ ဌာနမှူး ဝင်းဝင်းဆွေတို့က အသည်းဖောင်ဒေးရှင်းနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များ၊ ရောဂါရှာဖွေရေးနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များအကြောင်းကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သော ကမ္ဘာ့အသည်းရောင်အသားဝါနေ့အခမ်းအနားအတွက် သတင်းစာရှင်းလင်းပွဲ၌ ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာကြသူများ၏ သိလိုသည်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# တိုတိုထွာထွာဖတ်စရာ

## ဘတ်ဂျက်နှင့် ငွေစာရင်းကျွမ်းကျင်မှုသင်တန်းဖွင့်

**ဘားအံ**

ဘတ်ဂျက်နှင့် ငွေစာရင်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက ကရင်ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းက အမှာစကားပြောကြားပြီး ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်အေးအေးမွန်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ပြည်နယ်တရားလွှတ်တော်နှင့် ကရင်ပြည်နယ်အတွင်းရှိ တရားရုံးများမှ သင်တန်းသား သင်တန်းသူ ၂၆ ဦးတက်ရောက်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## အမျိုးသမီးရေးရာအဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုး

**တိုက်ကြီး**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီက တိုက်ကြီးမြို့နယ် အုပ်နဲ့ပင်ကျေးရွာ၌ ကျင်းပသည်။

တိုင်းသစ်တောဦးစီးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင်က သစ်ပင်စိုက်ပျိုးပွဲတော်အကြောင်းရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နွဲ့ခင်မာဝင်းက သစ်ပင်များကို ပေးအပ်ကာ ကျွန်း၊ ပျဉ်းကတိုးပင်သစ်ပင်ပေါင်း ၁၁၈၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**

## ပြည်သူများသို့ အသိပညာပေးဟောပြော

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဆယ်ရွာကျေးရွာ အာသောကရာမကျောင်းတိုက်တွင် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီက သုံးခွမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်အောင်ဇော်မိုး၊ မြို့နယ်ဒုတိယဥပဒေအရာရှိ ဦးမြတ်သူဇော်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းသန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးဟန်ဖြိုးဇော်၊ မြို့နယ်မီးသတ်မှ ဒုဦးစီးမှူး ဦးဝေယံအောင်တို့က အသိပညာပေးဟောပြောရာ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

**ရန်ကုန်**

ခရမ်းမြို့နယ် ခေတ္တစခန်းမှူး ရဲအုပ်လှထွန်းသည် ဇူလိုင် ၂၀ ရက် ညနေ ၃ နာရီက ကမာမတ်ကျေးရွာ အထကတွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောဆွေးနွေးခဲ့ရာ ကျောင်းသား ကျောင်းသူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**၆၈၉**

## နွားများစည်းကမ်းမဲ့လွှတ်ထား၍ ယာဉ်အန္တရာယ်ရှိ

**ပဲခူး**

ပဲခူးမြို့အတွင်း ပဲခူး-ရန်ကုန်ကားလမ်းမတစ်လျှောက်ရှိ မဇင်းမီးပွိုင့်၊ မဟာမြိုင်မီးပွိုင့်နှင့် အဝေးပြေးယာဉ်ဝင်းဟောင်းလမ်းဆုံအနီးတစ်ဝိုက်တို့တွင် နေ့စဉ်နှင့်အမျှ နွားများမှာ ကားလမ်းမကြီးပေါ်တက်ရောက် ကျက်စားနေကြသဖြင့် ခရီးသွားပြည်သူများနှင့် ယာဉ်ကြီး၊ ယာဉ်ငယ်၊ ဆိုင်ကယ်များ မောင်းနှင်သွားလာကြရာ၌ ယာဉ်ကြောရှုပ်ထွေးမှုများ ဖြစ်နေကြရပြီး ယာဉ်အန္တရာယ်များလည်း မကြာခဏကြုံတွေ့နေကြရကြောင်း သိရသည်။

**၅၈၇**

# တနင်္သာရီမြို့နယ်တွင် မြစ်ရေကြီးမှုကြောင့် ရေဘေးသင့်ပြည်သူ ၅၄၇၇ ဦးရှိ



**တနင်္သာရီ ဇူလိုင် ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်တွင် မြစ်ရေကြီးမှုကြောင့် ရေဘေးသင့်ပြည်သူ ၅၄၇၇ ဦးရှိပြီး ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေနှင့် စားသောက်ကုန်ပစ္စည်းများ အဓိကလိုအပ်လျက်ရှိကြောင်း ကျေးရွာများမှ ဒေသခံရေဘေးသင့်ပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

တနင်္သာရီမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျေးရွာ ၅၈ ရွာတို့မှာ တနင်္သာရီမြစ်ရေကြီးမှုကြောင့် ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်ထိ အိမ်ခြေ ၁၀၅၅၊ အိမ်ထောင်စု ၁၀၆၈ စုတို့မှ စုစုပေါင်းလူဦးရေ ၅၄၇၇ ဦးတို့အား ယာယီနေထိုင်ရန်အတွက် ဘုန်းတော်ကြီးကျောင်းများ၊ ဆွေမျိုးများအိမ်၊ ယာယီကယ်ဆယ်ရေးစခန်း၊ စာသင်ကျောင်းများ၊ ဘုရားတောင်နှင့် နီးစပ်ရာ ဆွေမျိုးများအိမ်သို့လည်းကောင်း၊ ဌာနဆိုင်ရာများ၊ နယ်မြေခံ တပ်မတော်သားများ၊ တနင်္သာရီမြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ သန္ဓေ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များက ကူညီပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

မြစ်ရေကြီးမှုကြောင့် တနင်္သာရီမြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများ ယာယီပိတ်ထားခဲ့ရကြောင်းနှင့် တနင်္သာရီ-မြိတ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မော်တုန်းကျေးရွာအနီးနှင့် အောက်ကင်းကျေးရွာများ၌ ကားလမ်းရေကျော်မှုဖြစ်ပွားရာနေရာတွင် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားလာမှု အဆင်ပြေစေရန်အတွက် စက်လှေများ၊ ဝါးဖောင်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆန်ငါးပြည်အိတ် ၆၆၃ အိတ်ကို ရေဘေးသင့်ပြည်သူများအား ပေးအပ်ခဲ့ပြီး ညနေ ၅ နာရီခန့်တွင် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (နေပြည်တော်) မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းများကို သွားရောက်၍ ဆန်နှင့် ငါးသေတ္တာဘူးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ရတနာပုံခေတ်လက်ရာ ရွှေအင်ပင်ကျောင်း

ကောင်းစည်သူ



> ရတနာပုံခေတ်လက်ရာ သစ်သားအဆောက်အအုံ ဘုန်းကြီးကျောင်းများကို မန္တလေးမြို့အပါအဝင် နေရာဒေသအချို့တွင် ယနေ့တိုင်ထိန်းသိမ်းထား... ရွှေအင်ပင်ကျောင်းကို တရုတ်သူဌေးဦးစက်ရွှင်နှင့် ဇနီးဒေါ်ဘွားတို့က သီပေါမင်းပါတော်မူပြီး ၁၀ နှစ်အကြာတွင် တိပိဋကဓရ ရွှေအင်ပင်ဆရာတော် ဦးဇဝနဓဇ သီတင်းသုံးနေထိုင်ရန် ဆောက်လုပ်...

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဘိုးဒေါနကုန်းကျေးရွာရှိ မဟာဝိဟာရ ဓမ္မဝိနယတက္ကသိုလ်၏ ဖိတ်ကြားချက်အရ "ရတနာပုံခေတ်လက်ရာ ထင်ရှားသော သစ်သားဘုန်းတော်ကြီးကျောင်းများ" စာတမ်းကို ယင်းတက္ကသိုလ်၏ ဒီပလိုမာသင်တန်းတွင် ကျွန်တော် သွားရောက်ဖတ်ကြားခဲ့ပါသည်။

မြန်မာနိုင်ငံသမိုင်းတွင် ဘုရင်စနစ်နောက်ဆုံးကာလဖြစ်ခဲ့သည့် ရတနာပုံခေတ်က တည်ဆောက်၍ ထင်ရှားသော ဘုန်းတော်ကြီးကျောင်း သစ်သားအဆောက်အအုံများအနက် မန္တလေးမြို့ရှိ ရွှေကျောင်းနှင့် ရွှေအင်ပင်ကျောင်းတို့၏ သမိုင်းကြောင်းနှင့် တည်ဆောက်ပုံစနစ်များကို အင်းဝ ဗားဂရာကျောင်း၊ စလေ ရုပ်စုံကျောင်း၊ ပခန်းကျောင်းတော်ကြီးတို့နှင့် နှိုင်းယှဉ်ဖတ်ကြားခဲ့ပါသည်။

ဗုဒ္ဓဘာသာထွန်းကားသည့် မြန်မာနိုင်ငံတွင် ရဟန်းသံဃာများ သီတင်းသုံးနေထိုင်ရန် ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်မှုသည် ပုဂံခေတ်၌ စတင်ခဲ့ကြောင်း ယူဆရပေသည်။ မှန်နန်းရာဇဝင်အရ အနော်ရထာမင်းသည် ဖခင်ကြောင်ဖြူမင်းအတွက် မထီးကျောင်းကို သက္ကရာဇ် ၃၂၉ ခုနှစ်တွင် တည်ဆောက်ခဲ့သည်ဟု ဆိုထားသကဲ့သို့ ရှင်အရဟံအတွက် ရတနာအတိပြီးသောကျောင်းကို ဆောက်လုပ်ခဲ့ကြောင်း ရေးသားထားပေသည်။

ရဟန်းသံဃာများသီတင်းသုံးသည့် ကျောင်းများကို အုတ် သို့မဟုတ် သစ်ဖြင့် တည်ဆောက်ခဲ့ကြရာတွင် သစ်သားအဆောက်အအုံများသည် ရာသီဥတုဒဏ်၊ အင်းဆက်ပိုးမွှားများဒဏ်၊ မီးဘေးဒဏ်၊ စစ်ဘေးဒဏ်စသည့် ထိခိုက်မှုအမျိုးမျိုးကြောင့် ပျက်စီးခဲ့ကြသည်။ သို့တိုင်အောင် သက်တမ်းနှစ် ၁၀၀ ကျော်ပြီဖြစ်သည့် ရှေးဟောင်းသစ်သားအဆောက်အအုံများကို မြန်မာနိုင်ငံအတွင်း ယနေ့တိုင် တွေ့မြင်ကြရသည့်အနက် ကုန်းဘောင်ခေတ်နှောင်းပိုင်း၊ ရတနာပုံခေတ်လက်ရာ သစ်သားအဆောက်အအုံ ဘုန်းကြီးကျောင်းများကို မန္တလေးမြို့အပါအဝင် နေရာဒေသအချို့တွင် ယနေ့တိုင် ထိန်းသိမ်းထားနိုင်ခဲ့ကြသည်။

## ကုန်းဘောင်ခေတ် ဘုန်းကြီးကျောင်းများ

ကုန်းဘောင်ခေတ်အတွင်း တည်ဆောက်ခဲ့သည့် သစ်သားဘုန်းကြီးကျောင်းများကို မန္တလေး၊ အင်းဝ၊ စစ်ကိုင်း၊ စလေ၊ စလင်း စသည့်မြို့နယ်များတွင် အများဆုံးတွေ့ရှိရသည်။ ယင်းတို့အနက် မန္တလေးမြို့ရှိ ရွှေကျောင်းတော်ကြီး၊ ရွှေအင်ပင်ကျောင်း၊ ဓမ္မိကာရာမ ရွှေကျင်ကျောင်းတိုက်၊ သင်္ဂဇာကျောင်း၊ သာကဝန်ကျောင်း၊ မြတောင်ကျောင်း၊ မင်းထင်ကျောင်းတို့သည် အထူးထင်ရှားကြကာ ယနေ့တိုင် သွားရောက်ကြည့်ရှုနိုင်ကြသည်။

ကုန်းဘောင်ခေတ်အတွင်း အလောင်းမင်းတရားဦးအောင်ဇေယျ၊ နောင်တော်ကြီးမင်း၊ မြေဒူးမင်း၊ ဗဒုံမင်း၊ ဘကြီးတော်စစ်ကိုင်းမင်း၊ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းနှင့် သီပေါမင်းတို့သည် ဘုန်းတော်ကြီးကျောင်းများကို ဆောက်လုပ်လှူဒါန်းခဲ့ကြကြောင်း ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီးစာအုပ်တွင် ဖော်ပြထားသော်လည်း ယခုအချိန်တွင် ရတနာပုံခေတ်လက်ရာကျောင်းများသာ ကျန်ရှိတော့ပေသည်။

မင်းတုန်းနှင့် သီပေါမင်းနှစ်ပါး နန်းစံခဲ့သည့် ရတနာပုံခေတ်တွင် မန္တလေးမြို့၌ ဘုန်းကြီးကျောင်း ၅၅ ကျောင်း ဆောက်လုပ်ခဲ့သည်။ မင်းတုန်းမင်းသည် မန္တလေးမြို့၏ အရပ်လေးမျက်နှာတွင် ဘုန်းတော်ကြီးကျောင်းများကို နေရာချထားခဲ့သော်လည်း နှစ်ပေါင်း ၁၅၀ ကျော်ခဲ့ပြီဖြစ်သည့် ယခုအချိန်တွင် ကျောင်းတိုက်အနည်းငယ်သာ ကျန်ရှိတော့သည့်အနက် ရွှေကျောင်းနှင့် ရွှေအင်ပင်ကျောင်းတို့ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။

## မြန်မာဘုန်းကြီးကျောင်းများ တည်ဆောက်ခဲ့ပုံ

မြန်မာဗိသုကာများသည် သစ်သားဘုန်းတော်ကြီးကျောင်းများကို ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ခဲ့ကြသည်။

ဘုန်းတော်ကြီးကျောင်းအဆောက်အအုံ၏ ထိပ်ဆုံးတွင်ရှိသည့် ပြာသာဒ်ဆောင်တွင် ပြာသာဒ်ခုနစ်ဆင့်တင်ထားကြောင်း အများဆုံးမြင်တွေ့ကြရသည်။ ပြာသာဒ်ဆောင်၏ အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် လှေကားတစ်စင်းစီ တပ်ဆင်ထားပြီး ယင်းလှေကားများမှ ဘုရင်နှင့် မင်းဆရာတော်များသာ အတက်အဆင်းပြုကြရသည်။ ပြာသာဒ်ဆောင်တွင် ပလ္လင်နှင့် ဗုဒ္ဓဆင်းတုတော်ကို ပူဇော်ထားလေ့ရှိသည်။

ပြာသာဒ်ဆောင်နှင့် ဆက်လျက်တည်ရှိသည့် စနုဆောင်သည် ပြာသာဒ်ဆောင်နှင့် ဆောင်မကြီးကို ဆက်ထားသည့်အဆောင်ဖြစ်ကာ စနုဆောင်တွင် ကျောင်းထိုင်ဆရာတော် သီတင်းသုံးနေထိုင်သည်။

ဘုန်းတော်ကြီးကျောင်း၏ အဓိကအဆောင်ဖြစ်သည့် ဆောင်မကြီးပေါ်တွင် လည်ပေါ်များတင်ထားလေ့ရှိကာ လည်ပေါ်ကို ငါးထပ်တည်ဆောက်လေ့မရှိချေ။ လည်ပေါ်နှစ်ထပ်ရှိလျှင် ထားဝယ်ဆောင်၊ သုံးထပ်သို့မဟုတ် လေးထပ်ရှိလျှင် ဇေတဝန်ဆောင်ဟုခေါ်ဆိုကာ ဆောင်မကြီး၏ အပြင်ဘက်ပတ်လည်တွင် စမြင်ထားရှိသည်။ (မြန်မာအဘိဓာန်တွင် စမြင်၏အဓိပ္ပာယ်ကို အဆောင်မကြီး ဘေးပတ်လည်တွင် ထုတ်ထားသော အမိုးဟု ပြဆိုသည်။)

ဆောင်မကြီးကို မာရဘင်ဟုခေါ်သည့် ကြမ်းခင်းမှ မျက်နှာကြက်အထိ ခန်းလုံးပြည့်သစ်သားနံရံဖြင့် ကာရံကာ အရှေ့မာရဘင်ဆောင်နှင့် အနောက်မာရဘင်ဆောင်ဟု ပိုင်းခြားသည်။ မာရဘင်ဆောင် အရှေ့ပိုင်းနှင့် အနောက်ပိုင်းကို ဆက်သွယ်သွားလာရန် မာရဘင်၏ ဝဲယာတစ်ဖက်စီတွင် လူဝင်ပေါက်တစ်ပေါက်စီ ဖောက်လုပ်ထားသည်။

မာရဘင်ဆောင်များတွင် နေ့ဘက်၌ လူပရိသတ်များလာရောက်စုရုံးကြကာ ညပိုင်းတွင် ရဟန်းသံဃာများ ကျိန်းစက်ကြသည်။ အချို့ဘုန်းကြီးကျောင်းများ၌ အရှေ့မာရဘင်တွင် ဥပုသ်စောင့်သူ၊ တရားနာသူများ နားခိုကြ၍ အနောက်မာရဘင်တွင် သက်ကြီးဝါကြီးဆရာတော်များသီတင်းသုံးကြသည်။

ဆောင်မကြီး၏ မျက်နှာစာတွင် ရဟန်းသံဃာနှင့် အမျိုးသားများတက်ဆင်းရန် လှေကားတစ်စင်းနှင့် အနောက်ဘက်တွင် အမျိုးသမီးများတက်ဆင်းရန် လှေကားတစ်စင်း တပ်ဆင်ထားသည်။

ဘောဂဆောင်သည် ဘုန်းကြီးကျောင်း၏ အနောက်ဘက်ဆုံးအဆောင်ဖြစ်ကာ ဆောင်မကြီးကြမ်းခင်းအောက်သို့ နှိမ့်ထားလေ့ရှိသည်။ ဘောဂဆောင်ကို အခန်းသုံးခန်းဖွဲ့၍ ဘေးဘက်တစ်ခန်းတွင် ပန်းကန်ခွက်ယောက်များထား၍ ကျန်ဘေးခန်းတွင် စားသောက်ဖွယ်ရာများကို သိမ်းဆည်းပြီး အလယ်ခန်း၌ ကိုရင်များနေကြသည်။

ယင်းအဆောင် လေးဆောင်အပြင် တိုးလာသည့် သံဃာများနေထိုင်ရန်အတွက် ဆောင်မကြီးရှေ့၌ဖြစ်စေ၊ ဆောင်မကြီးနှင့် ဘောဂဆောင်ကြား၌ဖြစ်စေ၊ ဆောင်မကြီးနှင့် စနုဆောင်ကြား၌ဖြစ်စေ ခုံးဆောင်ဟုခေါ်သည့် အဆောင်တစ်ခုကို သင့်လျော်သကဲ့သို့ ဆောက်လုပ်ကြသည်။ သို့သော် ခုံးဆောင်သည် မြေစိုက်အဆောင်မဟုတ်သဖြင့် ဘုန်းတော်ကြီးကျောင်း အဆောင်အရေအတွက်တွင် ထည့်သွင်းရေတွက်ခြင်းမပြုချေ။

ကုန်းဘောင်ခေတ်နှောင်းနှင့် ကိုလိုနီခေတ်ဦးပိုင်း ဘုန်းကြီးကျောင်းအချို့တွင် ဆောင်မကြီးနှင့် ဘောဂဆောင်အကြား၌ ဘောဂစနုဆောင်အမည်ဖြင့် အဆောင်ကူးတစ်ခုကို တည်ဆောက်ခဲ့ကြရာ ယင်းပုံစံကို ရွှေအင်ပင်ဘုန်းတော်ကြီးကျောင်းတွင် ခုံးဆောင်အဖြစ် မြင်တွေ့နိုင်ကြပေသည်။

ရှေးဟောင်း ဘုန်းတော်ကြီးကျောင်းအများစုကို မြန်မာ့ဗိသုကာဟန်စစ်စစ်ဖြင့်သာ တည်ဆောက်ခဲ့သော်လည်း အနောက်တိုင်းဟန် ရောနှောတည်ဆောက်ထားသည့်ကျောင်းများလည်း အနည်းငယ်ရှိခဲ့သည်။

## ရွှေအင်ပင်ကျောင်း၏ နောက်ခံသမိုင်း

ရတနာပုံခေတ်လက်ရာသစ်သား ဘုန်းတော်ကြီးကျောင်းများအနက် ရွှေကျောင်းသည် မန္တလေးတောင်ခြေတွင် တည်ရှိ၍ ရွှေအင်ပင်ကျောင်းသည် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ် ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ၈၉ လမ်းအနောက်ဘက်ခြမ်းတွင် တည်ရှိသည်။

ရွှေကျောင်းသည် မင်းတုန်းမင်း၏နန်းဆောင်ကို နေရာရွှေ့ပြောင်း၍ ဘုန်းကြီးကျောင်းအဖြစ်ပြောင်းလဲခဲ့သည့် အဆောက်အအုံဖြစ်သဖြင့် ဘုန်းကြီးကျောင်းအဆောင်များ မပြည့်စုံသော်လည်း ရွှေအင်ပင်ကျောင်းကိုမူ ဘုန်းကြီးကျောင်းအဖြစ် ရည်ရွယ်တည်ဆောက်ခဲ့သဖြင့် မြန်မာဘုန်းတော်ကြီးကျောင်း၏ အင်္ဂါရပ်များ အပြည့်အစုံပါရှိခဲ့သည်။

ရွှေအင်ပင်ကျောင်းကို တရုတ်လူမျိုး သူဌေးဦးစက်ရွှင်နှင့် ဇနီးဒေါ်ဘွားတို့က သီပေါမင်းပါတော်မူပြီး ၁၀ နှစ်အကြာ ခရစ်နှစ် ၁၈၉၅ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၅၇ ခုနှစ်) တွင် တိပိဋကဓရ ရွှေအင်ပင်ဆရာတော် ဦးဇဝနဓဇ သီတင်းသုံးနေထိုင်ရန် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဒေါ်ဘွားသည် ပုဂံမင်းနှင့် တောင်ဆောင်တော်မိဖုရား ရမည်းသင်းမြို့စား၏မောင်တော် မောင်မောင်ကြီး၏ သမီးဖြစ်သည်။

ရွှေအင်ပင် ကျောင်းဒကာဦးစက်ရွှင်၏ အတ္ထုပ္ပတ္တိကျောက်စာကို ကျောင်းတိုက်၏ အနောက်မြောက်ထောင့်တွင် စိုက်ထူထားသည်။ ကျောင်းတော်ကြီး၏ အနောက်မြောက်ထောင့်တွင် ကျောင်းအလှူရှင်မိသားစုအချို့၏ အုတ်ဂူများတည်ရှိသည်။

အလှူရှင်ကမ္ပည်းကျောက်စာအရ ဦးစက်ရွှင်သည် တရုတ်ပြည် ယူနန်ပြည်နယ် ထိန်ရင်းခေါ် မိုးမြင့်မြို့ကြီး စီရင်စု၊ ယိလောရွှာဇာတိဖြစ်ကာ မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ် ကဆုန်လဆန်း ၆ ရက် (ခရစ်နှစ် ၁၈၅၂ ခုနှစ်၊ ဧပြီလ ၂၃ ရက်) တွင် ဖွားမြင်ခဲ့သူဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်၊ အသက်ခုနစ်နှစ်အရွယ်တွင် အဘ၊ ဘထွေးတို့နှင့်အတူ ဗန်းမော်မြို့သို့ ရောက်ရှိခဲ့သည်။

ဦးစက်ရွှင် အသက် ၁၄ နှစ်အရွယ်တွင် အဘနှင့် ဘထွေးတို့ ကွယ်လွန်ခဲ့ပြီးနောက် ဗန်းမော်မှ မန္တလေးသို့ ကူးသန်းရောင်းဝယ်ရန် ရောက်ရှိလာခဲ့ကာ မြန်မာသက္ကရာဇ် ၁၂၃၅ ခုနှစ်တွင် မြန်မာမင်းမျိုးမင်းနွယ် ဒေါ်ဘွားနှင့် အိမ်ထောင်ပြုခဲ့သည်။ ဦးစက်ရွှင်သည် ကျောက်စိမ်းလုပ်ငန်းနှင့် ကြက်ပေါင်စေးလုပ်ငန်းတို့ကိုလုပ်ကိုင်ကာ ကြွယ်ဝချမ်းသာလာခဲ့သည်။ ၁၂၄၇ ခုနှစ်တွင် ကလုံခေါ် အရပ်တွင် သစ်စက်တည်ထောင်ဖွင့်လှစ်၍ ကူးသန်းရောင်းဝယ်ခဲ့သည်။ ၁၂၅၁ ခုနှစ်တွင် သားသုံးယောက်ကိုရှင်သာမဏေပြုခဲ့ပြီး ၁၂၅၇ ခုနှစ်တွင် မန္တလေးမြို့ ဒေးဝန်းအရှေ့ရပ်ရှိဥယျာဉ်ကို ဝယ်ယူ၍ ရွှေအင်ပင်ကျောင်းတော်ကြီးကို တည်ဆောက်ကာ ဇရပ်၊ သိမ်၊ တန်ဆောင်းတို့နှင့်တကွ ရွှေအင်ပင်ဆရာတော်ကို တင်လှူကိုးကွယ်ခဲ့သည်။ ဦးစက်ရွှင်သည် မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက် (ခရစ်နှစ် ၁၉၁၇ ခုနှစ် မတ်လ ၁၂ ရက်) တနင်္လာနေ့တွင် ကွယ်လွန်ခဲ့ကာ ၁၂၇၈ ခုနှစ် နှောင်းတန်ခူးလဆန်း ၁ ရက်တွင် အုတ်ဂူသွင်းခဲ့ကြောင်း ရေးထိုးထားသည့် ကမ္ပည်းကျောက်စာကို ၁၂၇၉ ခုနှစ် နှောင်းတန်ခူးလပြည့်နေ့ (အင်္ဂါနေ့)တွင် စိုက်ထူခဲ့သည်။

## ရွှေအင်ပင်ကျောင်း

ရွှေပိန်းချကျောင်းများကို ပြာသာဒ်၊ မှန်ကင်း၊ စလစ်၊ စိန်တောင်၊ အပြောက်အမွှမ်းများ၊ အရုပ်များ၊ ပန်းများ၊ ပန်းပုရုပ်များဖြင့် မွမ်းမံတည်ဆောက်လေ့ရှိကြသဖြင့် ငွေကုန်ကျမှု အလွန်များပြားသောကြောင့် မင်းမိဖုရား၊ တော်ဝင်မိသားစုများကသာ ဆောက်လုပ်လေ့ရှိကြသည်။ ငွေကြေးများစွာသုံးစွဲနိုင်သည့် သူဌေးသူကြွယ်များသည် ဘုန်းတော်ကြီးကျောင်းများကို ရှင်ဘုရင်ခွင့်ပြုချက်ဖြင့်သာ တည်ဆောက်ကြရသဖြင့် မင်းမိဖုရားများ ကျောင်းများကဲ့သို့ များစွာမခမ်းနားနိုင်ကြချေ။

**စာမျက်နှာ (၁၉) သို့**

## တိုတိုထွာထွာဖတ်စရာ

## လှိုင်းဘွဲ့ချောင်းရေစိုးရိမ်ရေမှတ်ထက်ကျော်လွန်

**လှိုင်းဘွဲ့**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျချောင်းရေကျဆင်းလာသဖြင့် လှိုင်းဘွဲ့ချောင်းရေ၏ စိုးရိမ်ရေအမှတ် ၉၈၀ စင်တီမီတာဖြစ်ပြီး ဇူလိုင် ၂၂ ရက် နံနက် ၅ နာရီခွဲခန့်တွင် စိုးရိမ်ရေအမှတ်မှာ ၁၀၁၄ ဒသမ ၂၀ စင်တီမီတာသို့ ရောက်ရှိနေသည်။

မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ရပ်ကွက်အချို့တွင် ရေများဝင်ရောက်လာမှုတို့ကြောင့် မြို့မဈေးအား အာဇာနည်လမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ကာ ရေဝင်ရောက်ခဲ့သော က ရပ်ကွက်နှင့် ခ ရပ်ကွက်ရှိ အိမ်ထောင်စုဝင်အချို့အား ပြောင်းရွှေ့ပေးခဲ့ရပြီး တာဝန်ရှိသူများက လိုအပ်သောကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ် **(ပြန်/ဆက်)**

## ကျေးရွာချင်းဆက်လမ်းပိုင်းပျက်စီး

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု သံလွင်အနောက်ဘက်ခြမ်းရှိ ကျုံပိုက်၊ ခဲတောက်၊ မုက္ကဒိကျေးရွာများနှင့် လှာကာကျေးရွာအုပ်စုရှိ ကူးဆိပ်နှင့် ဖားပုကျေးရွာများသို့ ဖြတ်သန်းဖောက်လုပ်ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းကြောင်းပေါ်ရှိ ဖားပု-ကူးဆိပ်လမ်းပိုင်း တစ်မိုင်ခန့်မှာ ဆိုးရွားစွာပျက်စီးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆိုးရွားစွာလမ်းပျက်စီးနေခြင်းကြောင့် ကျေးရွာချင်း ကူးသန်းသွားလာရေး နှောင့်နှေးကြန့်ကြာခြင်း၊ ယာဉ်မတော်တဆမှုများဖြစ်ပွားလာနိုင်ခြင်းများရှိလာ၍ ကျောက်ခင်းလမ်းမှ ကတ္တရာလမ်း (သို့)ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် ဒေသခံများက မျှော်လင့်လိုလားလျက်ရှိကြောင်း သိရသည်။ **မင်းသူ/ ထွန်းထွန်းထွေး(ဘားအံ)**

## ယာဉ်စည်းကမ်းနှင့် မူခင်းကြိုတင်ကာကွယ်ရေးဟောပြော

**ကော့ကရိတ်**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လောင်းကိုင်ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဇူလိုင် ၂၁ ရက်နံနက်ပိုင်းက မော်တော်ဆိုင်ကယ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းကြိုတင်ကာကွယ်ရေး ဟောပြောပွဲကျင်းပပြီး မော်တော်ဆိုင်ကယ်မောင်းလိုင်စင်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## အမှတ်၅ယာဉ်လိုင်းပညာရည်ချွန်ဆုချီးမြှင့်

**ပဲခူး**

ပဲခူးမြို့ ရှင်စောပုခန်းမ၌ ဇူလိုင် ၂၂ ရက် နံက် ၉ နာရီက ပို့ဆောင်ရေးအမှတ် ၅ ယာဉ်လိုင်းရှိ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ဂိတ်မှူးများ၏ သားသမီးများမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးနှင့် ရိုးရိုးအောင်မြင်သူများအား ပဥ္စမအကြိမ်မြောက် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပသည်။

ထို့နောက် ယာဉ်လိုင်းမိသားစုဝင် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား ဌာနဆိုင်ရာများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ် ယာဉ်လုပ်ငန်းများ၏ ကြီးကြပ်မှုကော်မတီဝင်များအပါအဝင် အမှတ် ၅ ယာဉ်လိုင်း တာဝန်ရှိသူများက ပညာရည်ချွန် ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **၅၈၈**

# အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသ



**သရက်ချောင်း ဇူလိုင် ၂၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများသည် သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာ ဘုရားကိုးဆူဘုန်းတော်ကြီးကျောင်း၌ ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီတွင် ဒေသခံပြည်သူများအား ရောဂါရှာဖွေ စမ်းသပ်ကုသပေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့်အဖွဲ့သည် ရောဂါကုသဌာနအသီးသီးတွင် ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား လှည့်လည်ကြည့်ရှု အားပေးစကားများ ပြောကြားခဲ့သည်။

အဆိုပါ အခမဲ့ကွင်းဆင်းဆေးကုသရာသို့ ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအေးအောင် ဦးဆောင်သော ဆရာဝန်ကြီးများသည် ရောဂါဝေဒနာရှင်ပေါင်း ၇၁၀ ဦးကို ကုသပေးနိုင်ခဲ့ကြောင်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

**ကလေး ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက ကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော စက်မှုလက်မှုဆိုင်ရာ၊ ရက်ကန်း၊ ဆန်နှင့် ဆီစက်၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ သတ္တု၊ ကုန်ရောင်းကုန်ဝယ်၊ ဟိုတယ်နှင့် ရေသန့်စက်လုပ်ငန်းရှင်တို့မှ လုပ်ငန်းများဆောင်ရွက်မှုနှင့် ပတ်သက်၍ တွေ့ကြုံရသည့်အခက်အခဲများ၊ ဌာနဆိုင်ရာများဘက်မှဖြေလျှော့ပေးစေချင်သည့် အချက်များအား တင်ပြမေးမြန်းကြသည်။

အဆိုပါ SME လုပ်ငန်းရှင်များ သိရှိလိုသည့်မေးမြန်းချက်များအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းတွင် စိုက်ပျိုးရေးကို အဓိကထားသော နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ အဆင်ပြေစွာလုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် တွေ့ကြုံနေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထွန်းကားလာရေးတို့အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား**



## ဗန်းမောက်တွင် ဘေလီတံတားနှစ်စင်းဖွင့်လှစ်

**ဗန်းမောက် ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံအင်-မင်းကုန်းကျေးရွာအုပ်စုတွင် ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီခွဲက နောင်ကွတ်-နမ်းမားချောင်းကူး သံပေါင်ဘေလီတံတားနှင့် ဇူလိုင် ၂၀ ရက်တွင် ချောင်ကြီးချောင်းသံပေါင်ဘေလီတံတားတို့ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

နောင်ကွတ်-နမ်းမားချောင်းကူး သံပေါင်ဘေလီတံတားမှာ အလျားပေ ၁၄၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၃၂ ပေ၊ တံတားချဉ်းကပ်လမ်းအကျယ် ၂၄ ပေ၊ သံပေါင်ဘေလီ သုံးထပ်ရေလယ်ကျောက်တိုင်နှစ်တိုင်၊ ကမ်းကပ်တိုင်နှစ်တိုင်ဖြစ်သည်။

အလားတူ ဇူလိုင် ၂၀ ရက် မွန်းတည့် ၁၂ နာရီက မံအင်မင်းကုန်းကျေးရွာအုပ်စုတွင် အလျား ၂၄၃ ပေ၊ အကျယ် ၁၃ ပေ၊ တံတားချဉ်းကပ်ရေလယ်ကင်းလွတ်အမြင့် ၁၅ ပေ၊ ရေလယ်ကျောက်တိုင်နှစ်တိုင်၊ ကမ်းကပ်ခုံနှစ်တိုင်ရှိသော ချောင်ကြီးချောင်းဘေလီသံပေါင်တံတားကို ဖွင့်လှစ်နိုင်ခဲ့သည်။

ဗန်းမောက်မြို့နယ်တွင် ချောင်ကြီးချောင်းကူးတံတားနှင့် နမ်းမားချောင်းကူးတံတားတို့ကို အောင်မြင်စွာဖွင့်လှစ်နိုင်သဖြင့် ဗန်းမောက်မြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များသို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီဖြစ်သောကြောင့် ဒေသအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ အလျင်အမြန် တိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။ **နီတိုး(မိုးညှင်း)**

## ရတနာပုံခေတ်လက်ရာ ရွှေအင်ပင်ကျောင်း

စာမျက်နှာ(၁၈)မှ

ထို့ကြောင့် သူဌေးအလှူတော် ရွှေအင်ပင်ကျောင်းသည် သီပေါဘုရင်အလှူတော် ရွှေကျောင်းကို မမီခဲ့ဟု ဆိုနိုင်ပေသည်။

သို့သော် ရွှေအင်ပင်ကျောင်းသည် ရွှေကျောင်းပြီးလျှင် မြန်မာမှုလက်ရာ ပန်းပုရုပ်များ အများဆုံးတပ်ဆင်ထားသည့် ကျောင်းကြီးဖြစ်ကာ မြန်မာမှု၊ မြန်မာ့ဟန် အမွှမ်းအပြောက်များကို မြင်တွေ့နိုင်ကြသည်။ ကျောင်း၏ တံခါးရွက်များ၊ ပြာသာဒ်များ၊ ဝရန်တာများ၊ ဘုရားဆောင်များကို လက်ရာမြောက်စွာအလှဆင်ထားသည်။

ရွှေအင်ပင်ကျောင်းကြီးကို တိုင်လုံးပေါင်း ၁၅၄ တိုင် စိုက်ထူဆောက်လုပ်ထားပြီး ဝရန်တာဘက်ရှိ တိုင်များထိပ်တွင် စကျင်ကျောက်ဖြင့်ပြုလုပ်ထားသည့် တိုင်အုပ်များ ဖုံးအုပ်ထားသည်။ ကျောင်းကြီးကို မြောက်ဘက်သို့ မျက်နှာမူထားကာ သရက်ကင်းပုံစံ ထုထည်ကြီးမားသော အုတ်လှေကားရှစ်စင်း တပ်ဆင်ထားသည့် အနက်တောင်ဘက်နှင့် မြောက်ဘက်လှေကားများမှ တက်ရောက်လှေလာနိုင်ကြသည်။

ကျောင်းတိုက်ဝင်ပေါက်တံခါးများ၏ တစ်ဖက်စီတွင် လောကပါလနတ်မင်းကြီးလေးပါးပုံများနှင့် စမြင်ပတ်လည် လက်ရန်းများတွင် ကနုတ်ပန်းများနှင့် ရုပ်လုံးရုပ်ကြွများကို လှပစွာ အသေးစိတ်ထုလုပ်ထားသည်။

ရွှေအင်ပင်ကျောင်းတွင် အရုပ်နှင့်ပန်းကို မျှတစွာထည့်သွင်းထုလုပ်ထားပြီး လူနတ်ဗြဟ္မာ သတ္တဝါအမျိုးမျိုးကို တင့်တယ်လှပစွာ ပုံဖော်ထားသည်။

ရွှေအင်ပင်ကျောင်းတိုက်၏ မုခ်ဦးပြာသာဒ်ကို ဘုံခုနစ်ဆင့်တည်ဆောက်ထားပြီး ဆောင်မကြီး၏ အရှေ့မာရဘင်ဆောင်ကို ဘုရားဆောင်အဖြစ် အသုံးပြုသည်။ ဘုရားဆောင်ပလ္လင်အောက်ခြေနှစ်ဖက်ရှိ လောကနတ်ရုပ်နှစ်ရုပ်သည် အလွန်လက်ရာမြောက်လှပေသည်။

ဝရန်တာလက်ရန်းများတွင် ဇာတ်ကြီးဆယ်ဘွဲ့မှ ဇာတ်တော်များကို ထုလုပ်ထားရာ ကျောင်းတိုက်၏ တောင်ဘက်ခြမ်း၊ ဝရန်တာလက်ရန်းတွင် ဝေဿန္တရာဇာတ်တော်မှ ကဏှာ၊ ဇာလီနှင့် စူဇကာပုဏ္ဏားဇာတ်ကွက်နှင့် ဘူရိဒတ်ဇာတ်တော်မှ နဂါးမင်းအား အလမ္ပာယ်ပြသည့် ဇာတ်ကွက်တို့ကိုလည်းကောင်း၊ ကျောင်းတိုက်၏ မြောက်ဘက်ခြမ်း ဝရန်တာတွင် ဝိဓူရဇာတ်တော်မှ ပုဏ္ဏကဘီလူးနှင့် ဝိဓူရအမတ် မေးလျှောက်ခန်းဇာတ်ကွက်နှင့် ဝေဿန္တရာဇာတ်တော်မှ မယ်မဒီသစ်သီးရှာခန်းဇာတ်ကွက်တို့ကိုလည်းကောင်း လက်ရာမြောက်စွာ ထုလုပ်ထားသည်။

တံခါးရွက်များတွင် နတ်ရုပ်များကို ထုလုပ်ထားသည့် အနက် အပြင်တံခါးရွက်များရှိ နတ်ရုပ်များသည် နှစ်ရုပ်ဆင့်ထားသည့် ရုပ်တုများဖြစ်ကာ နတ်ရုပ်များသည် တစ်ရုပ်နှင့်တစ်ရုပ် မတူညီကြဘဲ ဟန်နှင့် သဏ္ဌာန်များ ကွဲပြားကြသည်။ ထို့အပြင် ကျောင်းကြီး၏ မြောက်ဘက်နှင့် ရတနာပုံခေတ်လက်ရာတစ်ခုဖြစ်သည့် ရွှေအင်ပင်ကျောင်းတွင် ဘောဂစမုတ်ဆောင်ဟုခေါ်သည့် ခုံးဆောင်ကို ဆောင်မကြီးနှင့် ဘောဂဆောင်အကြား၌ ထည့်သွင်းဆောက်လုပ်ထားသည်။ ခုံးဆောင်ကို တိုးလျှိုပေါက်ဖွင့်ထားသဖြင့် အမြင်ရှင်းကာ လေဝင်လေထွက်ကောင်းမွန်သည့်အပြင် ဒီဇိုင်းက ဆန်းသစ်နေပေသည်။

မန္တလေးမြို့ရှိ ရွှေနန်းတော်နှင့် ရွှေအင်ပင် သစ်သားဘုန်းတော်ကြီးကျောင်းတို့သည် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုလက်ရာများ စုစည်းတည်ရှိနေသည့် ကျောင်းတော်ကြီးများဖြစ်ကြသည့်အားလျော်စွာ ပြည်တွင်းပြည်ပ ခရီးသည်များ နေ့စဉ် လာရောက်လည်ပတ်လျက်ရှိနေကြပေသည်။

ရတနာပုံခေတ် အလှူရှင်ဇနီးမောင်နှံတို့ ဆောက်လုပ်လှူဒါန်းခဲ့သည့် သက်တမ်းနှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်သော ရွှေအင်ပင်သစ်သားကျောင်းကြီးသည် ယခုအချိန်တွင် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံတစ်ခုအဖြစ် တည်ရှိနေပေသည်။ မြန်မာ့ဟန်အပြည့်အဝ၊ မြန်မာ့ဗိသုကာလက်ရာများဖြင့် ခမ်းနားထယ်ဝါစွာ မြင်တွေ့ကြရသည့် သစ်သားဘုန်းတော်ကြီးကျောင်းကြီးကို မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရမည်သာ ဖြစ်ပေသည်။

**ကိုးကား**

မြန်မာမှုအဆင်တန်ဆာများနှင့် ဘုန်းတော်ကြီးကျောင်းများ (မောင်ယဉ်လှိုင်း၊ ပျဉ်းမမြိုင်)

ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး (ဦးမောင်မောင်တင်)

ကုန်းဘောင်ခေတ်နှောင်း ဘုန်းကြီးကျောင်းများ (ဦးမျိုးမြင့်စိန်)

မြန်မာ့ယဉ်ကျေးမှု မြန်မာ့ရှေးဟောင်း ဘုန်းတော်ကြီးကျောင်းကြီးများ (နတ်မောက်ထွန်းရှိန်)

အနှစ် ၁၀၀ ပြည့် မန္တလေး (ရွှေကိုင်းသား)




GETC®
building a better future

အင်္ဂလိပ်ဘာသာစကားကိုအခြေခံမှစ၍ စနစ်တကျကျွမ်းကျင်စွာ တက်မြောက်လိုသည့် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရနှင့် ရုံးဝန်ထမ်းများ အတွက် Communicative English, General English, Business English, IELTS တန်းခွဲများဖွင့်လှစ်ထားပါသည်။

Getc-Nurture HO
Myaynigone - 01-537895,09-263337703
Tarmwe - 01-549590,09-254148006

မြိုင်မြို့နယ်အသင်း

တိပိဋကဓရ တိပိဋကကောဝိဒ မဟာဗုဒ္ဓဃောသိက ဆရာတော် အရှင် ဘဒ္ဒန္တ သုနန္ဒ အား အမှူးထား၍
မြိုင်မြို့နယ်အသင်း(ရန်ကုန်)
နဝမအကြိမ် ဝါဆိုသင်္ကန်းကပ် လှူဒါန်းပူဇော်ပွဲ
ရန်ကုန်မြို့တွင်သီတင်းသုံးတော်မူကြသော မြိုင်မြို့နယ်ဇာတိ ကျောင်းထိုင်ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ပူဇော်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြား အပ်ပါသည်။
နေ့ရက် - ၂၉ - ၇ - ၂၀၁၈ (တနင်္ဂနွေနေ့)။ အချိန် - နေ့လည် - ၁း၀၀ နာရီ
နေရာ - ရွှန်းလွှန်းဂုဝိပဿနာ ကျောင်းတိုက်
အမှတ် ၁၆/၂ - ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်

DELiGHT
JAGUAR

Low RPM Permanent Magnet VSD Screw Air Compressor
ZLS-Hi+ 07~350HP



Permanent Magnet (PM) Motor
အကြောင်းသိကောင်းစရာ
- Permanent Magnet Motor ဆိုသည်မှာ carbon brush အသုံးမပြုသော လျှပ်စစ်မော်တာအမျိုးအစားဖြစ်ပြီး ပုံမှန် field ထုတ်မှုတွင် အသုံးပြုသော winding များအစား permanent magnet များကို အသုံးပြုထားသည်။
- Rare-earth အမျိုးအစား permanent magnet ကို အသုံးပြုထားသည့်အတွက် အပူချိန်မြင့်မားမှု ခံနိုင်ရည်ရှိသည်။
- Eddy Current မရှိခြင်း။ Magnetic Flux Loss များ နည်းသွားပြီး မော်တာစွမ်းဆောင်ရည်အား ၁၀၀ ရာခိုင်နှုန်းနီးပါး အထိ ကောင်းမွန်ပါသည်။




Permanent Magnet Motor ၏ အားသာချက်များ
- Permanent Magnet Rotor ဖြစ်သည့်အတွက်ကြောင့် rotor တွင် ဖြစ်ပေါ်သော magnetic flux loss များနည်းသွားခြင်း။
- Induction Motor ထက် PM Motor သည် အရွယ်အစားသေးငယ်ပြီး efficiency ပိုမိုကောင်းမွန်ခြင်း။
- Rotor Conductor, Motor Ball Bearing များ မပါဝင်ခြင်းကြောင့် ပြုပြင် ထိန်းသိမ်းရန် မလိုသည့်အပြင် ကုန်ကျစရိတ်သက်သာခြင်း။

(+959)974 400 800, (+959)964 181 430, (+959)964 281 430, (+959) 964 381 430

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

တြိ တြိ တြာ
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း မြေကွက်များ
ဈေးမှန် (ပေါက်ဈေး)
ဝယ်ပါသည်။
ဖုန်း- ၀၉၅၃၂၂၂၅၈
၀၉၉၆၁၂၃၄၄၃၄

DELiGHT
Steel Sheet Pile ချောင်းအမျိုးမျိုး
ဖြန့်ဖြူးရောင်းချပေးပါသည်။



လိပ်စာ : အမှတ်(၉)၊ ဝါးဘာန်အောင်ဘုရားလမ်း၊ (၁၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်းနံပါတ် : ၀၉ ၉၇၇၁၁၀၀ ၂၈၈၊ ၀၉ ၉၇၇၁၁၀၀ ၂၆၅၊ ၀၉ ၉၇၄ ၄၀၀ ၈၀၀၊ ၀၉ ၉၆၄ ၁၈၁ ၄၃၀၊ ၀၉ ၉၆၄ ၂၈၁ ၄၃၀၊ ၀၉ ၉၆၄ ၃၈၁ ၄၃၀
E-mail : thahtetkyaw@joyanceintl.com, sales@joyanceintl.com, tarding@joyanceintl.com

NEW HOLLAND AGRICULTURE

“လေကော်ပွလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းဖို့ နယူးဟော်လန် ထွန်စက်များကို သုံးကြစို့”

ဖြတ်(၁)ရက်မှ ဒီဇင်ဘာ (၃၁) ရက်အတွင်းဝယ်ယူသူများသာ
* ( အရေအတွက် ကန့်သတ်ထားပါသည် )

မင်္ဂလာပါမိတ်ဆွေ....
ထွန်စက်ဝယ်ယူပြီး အပိုပစ္စည်းအလွယ်တကူမရမှာ စိတ်ပူနေပါသလား ...
ထွန်စက်ဝယ်ယူပြီး ပုံမှန်ပြုပြင်ထိန်းသိမ်းမှုလုပ်ဖို့ ခက်ခဲနေပါသလား ...
စက်မောင်းရာသီချိန်မှာ အချိန်မီ ပြုပြင်ထိန်းသိမ်းဖို့ ဂန်ဆောင်မှုလိုအပ်နေပါသလား ...
စိတ်မပူပါနဲ့တော့.မိတ်ဆွေ သင်လိုအပ်တာအားလုံးအတွက် နယူးဟော်လန် မှ လုပ်ငန်းခွင်တွင် အဆင်ပြေဖို့ ကြိုတင် ပြင်ဆင်စို့ ( PMP ) အထူးအစီအစဉ်နဲ့ ပံ့ပိုးကူညီပါရစေ...



+




+
နာရီ ၁၀၀
နာရီ ၄၀၀
နာရီ ၇၀၀
နာရီ ၁၀၀၀
နာရီ ၁၃၀၀
(သို့မဟုတ်)

(၁၈) လ အတွင်း ထွန်စက်တည်ရှိရာအရောက် ( ၅ ) ခေါက် အခမဲ့ လာရောက် ပြုပြင် ထိန်းသိမ်းပေးမည်ဖြစ်ပါသည်။

စက် စတင်ဝယ်ယူချိန်တွင် ပြုပြင်ထိန်းသိမ်းရေးဂန်ဆောင်မှုစာချုပ် ချုပ်ဆိုပါမည်။ အသေးစိတ်လိုက်နာရမည့်စည်းကမ်းချက်များကို သေချာစွာမေးမြန်းပေးပါရန်။

YOMA BANK
MADB
AMD

နယူးဟော်လန်ထွန်စက်များကို 45 hp ~180 hp ထိ ရိုးမဘဏ်၊ MADB ဘဏ်၊ စက်မှုလယ်ယာတို့နှင့် စိတ်တိုင်းကျ ချိတ်ဆက်ဝယ်ယူရရှိနိုင်ပါသည်။

- အရစ်ကျစနစ်များစွာရွေးချယ်ဝယ်ယူနိုင်ခြင်း
- အပိုပစ္စည်းများ အလွယ်တကူရရှိနိုင်ခြင်း
- အကောင်းဆုံးသော ဂန်ဆောင်မှုများ
- အကောင်းဆုံးသော အရည်အသွေး

တောင်သူကြီးလယ်ထွန်စက်ကုမ္ပဏီ
ရန်ကုန်ရုံးချုပ် : အမှတ်(၁၁၅၉)၊ (အက်ဖ်အမ်အိုင်)ပဒေသာပင်မြို့တော်၊ ဂိတ် (၂)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ရန်ကုန် - ၀၁၃ ၆၈၇၀၀၂~၃ ၊ မန္တလေး - ၀၂ ၅၁၅ ၃၂၃၀ ၊ နေပြည်တော် - ၀၆၇ ၂၉၉၄၆ ၊ ပုသိမ် - ၀၄၂ ၂၉၁၆၄ ၊ ဟဲပိုး - ၀၉ ၄၅၇ ၄၅၅ ၄၀၉၊
နောင်ချို - ၀၉ ၄၅၇ ၄၅၅ ၄၀၈၊ ပခုက္ကူ - ၀၉ ၄၅၇ ၄၅၅ ၄၁၀၊ ပြည် - ၀၉ ၇၈၃ ၃၈၈ ၀၅၇ ၊ မကွေး - ၀၉ ၇၆၁ ၀၉၅ ၀၂၄၊ ဟသာတ- ၀၉ ၄၅၃ ၂၃၅ ၈၈၀၊
မအူပင် - ၀၉ ၇၇၃ ၈၂၆ ၅၇၉၊ မိတ္ထီလာ - ၀၉ ၇၇၉ ၉၇၇ ၈၂၀၊ လှိုင်ကော် - ၀၉ ၇၆၉ ၂၁၅ ၂၉၂၊ ရွှေဘို - ၀၉ ၉၆၃ ၄၇၃ ၉၄၃၊ ကလေး - ၀၉ ၉၅၀ ၉၃၆ ၀၁၅။

The Legend continues...New Branch openings...Planned Maintenance up to 18 months starts now !!!

# Congratulations!

GETC building a better future
Cambridge English Exam Preparation Centre

၂၀၁၈ မေလတွင် British Council မှ ကြီးမှူးကျင်းပသော Cambridge ESOL Exams တွင် ဝင်ရောက်ဖြေဆိုပြီး အောင်ချက် ၁၀၀% ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော GETC မှ ကျောင်းသား/သူများအား မိဘများနှင့် ထပ်တူဂုဏ်ယူပမ်းမြောက်ပါကြောင်းနှင့် ၄.၈.၂၀၁၈ စနေနေ့ Novotel Pyay Conference Room တွင် GETC မှ ဂုဏ်ပြုဆုတံဆိပ်နှင့် Cambridge English Certificate များပေးအပ်ချီးမြှင့် မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဂုဏ်ထူးအောင် - ၁၄ ဦး　အထူးအောင် - ၃၉ ဦး　ရိုးရိုးအောင် - ၁၆ ဦး

KET
1. Aung Kaung Khant
2. Phyo Thet Khine
3. Thet Myat Noe
4. Chue Myat Sandi
5. May Myat Oo
6. Mya Phyu Sin
7. Su Thun Eain
8. Thuta Aung
9. Shin Thant Wint
10. Htet Myat Eaindray
11. Aye Mon Thiri Aung
12. Ye Khant Kyaw Soe
13. Wathan Tun
14. Phoo Myat Noe Htak
15. Aung Min Khant
16. Su Myat Noe Aung
17. Thant Hay Thi Tun
18. Eaint Chan Myae
19. Win Pyae Aung
20. Htoo Lwin Oakker
21. Su Thazin Htet
22. Aung Myin Tun Soe
23. Thatoe Aung
24. Chan Mya Mya Nyein
25. Pyay Lin Thant
26. May Nandar Htet
27. Myat Phone Ko
28. Sitt Moe Nyein
29. Myo Eaindra Nyeint
30. Myat Phone Aung

PET
1. Sandar May Maung
2. Min Htet Kyaw
3. May Thinzar Thun

| မြေနီကုန်း | စမ်းချောင်း | လှိုင် | တာမွေ | အင်းစိန် | မြောက်ဒဂုံ |
|---|---|---|---|---|---|
| 01-537895 | 09262963774/ 5 | 01-530097, 09254148005 | 01-549590, 09254148006 | 09259822226/ 7 | 01-8011315, 09259822220 |



Lin
❖ ပုပ္ပါး၊ ပုဂံ၊ စွယ်တော်လေးဆူ၊ ပခုက္ကူ (၃)ရက်၊ 40000 (July 26)
❖ ရွှေတောင်ပြီး၊ မန္တလေး၊ ပြင်ဦးလွင် (၃)ရက်၊ 42000
❖ ရွှေတောင်ပြီး၊ မန္တလေး၊ ပြင်ဦးလွင်၊ ထိကိုင်း၊ မုံရွာ၊ ကျောက်စိမ်း (၅)ရက်၊ 55000
❖ ရွှေတောင်ပြီး၊ မိုးကုတ်၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်း (၅)ရက်၊ 65000
Aug 20
09-423536005, 09-769808921, 09763710434



ရွှေကြေးစည် မှ ဝါဆို (ကျိုက်ထီးရိုး)
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲတောင်
▲ (ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ) (မန္တလေး၊ ပြင်ဦးလွင်)
▲ တောင်ကျွဲစေတီ၊ ကြတ်ဂူ၊ ထီးခဲဝါး၊ လှိုင်ကော်အနီ
တောင်ပြုံးပွဲ
ဘုရားဖူးခရီးများ
နေ့ချင်းပြန် ➧ မန္တလေးမဟာမြတ်မုနိ၊ ကျောက်စိမ်းစေတီ၊ ကျောက်ဆည်သိမ်တော်ကြီးဘုရား
01-240860, 01-372290, 09-400700373, 09402030373, 09404090373



IFT
THE KEY TO POSITIVE GROWTH IS A SPACE THAT STIMULATES CREATIVITY
AT IFT YOU WILL FIND THAT KEY
BACHELOR DEGREE PROGRAMMES
CULINARY ARTS MANAGEMENT
HERITAGE MANAGEMENT
HOTEL MANAGEMENT
TOURISM BUSINESS MANAGEMENT
TOURISM EVENT MANAGEMENT
TOURISM RETAIL AND MARKETING MANAGEMENT





ပညာရည်နှိ သောက်စိုင်ရင်သွေး နားခိုချွေသိမ် ကံ့ကော်ရိပ်

# ကံ့ကော်ရိပ်

သင်ရိုးသစ် တတိယတန်းမှ အဋ္ဌမတန်းအထိ

တက္ကသိုလ်ဝင်တန်း ပြည်ပြည်စုံစုံ သင်ရိုးကုန်
- မြန်မာစာ　ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း)
- အင်္ဂလိပ်စာ　ဦးတင်ထွန်း (B.A-Eng)
- သင်္ချာ　ဦးမြင့်သန်း (တွဲဖက်ပါမောက္ခ-ငြိမ်း)
- ရူပဗေဒ　Dr.ခင်မောင်ထွန်း (ပါမောက္ခ-ငြိမ်း)
- ဓာတုဗေဒ　U.S.A (တွဲဖက်ပါမောက္ခ-ငြိမ်း)
- ဇီဝဗေဒ　ဦးသိန်းထွန်း (တွဲဖက်ပါမောက္ခ)
- ဘောဂဗေဒ　ဦးလှသိန်း (စီးပွားရေးတက္ကသိုလ်)

နဝမတန်း ပြည်ပြည်စုံစုံ သင်ရိုးကုန်
- မြန်မာစာ　ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း)
- အင်္ဂလိပ်စာ　ဦးတင်ထွန်း (B.A-Eng)
- သင်္ချာ　ဦးမြင့်သန်း (တွဲဖက်ပါမောက္ခ-ငြိမ်း)
- ရူပဗေဒ　ဦးအောင်မြင့် (ရူပဗေဒ)
- ဓာတုဗေဒ　U.S.A (တွဲဖက်ပါမောက္ခ-ငြိမ်း)
- ဇီဝဗေဒ　Techer.K (M.Sc)
- ဘောဂဗေဒ　ဦးလှသိန်း (စီးပွားရေးတက္ကသိုလ်)

စာမေးပွဲမေးခွန်းပုံစံသစ်အတိုင်း
မှန်/မှား၊ အမှန်ရွေး
ယှဉ်တွဲဖြေ၊ ကွက်လပ်ဖြည့်
မှတ်စုတို၊ မှတ်ရှည်များကို
အမှတ်ပေးစည်းမျဉ်းနှင့်အညီ
ပြီးပြည့်စုံအောင်
စီစဉ်ထားပါသည်။

- မြန်မာစာ　ဒေါက်တာမော်နှင့်အဖွဲ့
- အင်္ဂလိပ်စာ　ဦးတင်ထွန်း (B.A)English
- သင်္ချာ　ဦးအောင်မျိုး M.Sc(Maths)
- သမိုင်း　ဒေါက်တာမော်နှင့်အဖွဲ့
- ပထဝီ　ပမြင့် (ရန်ကုန်တက္ကသိုလ်)
- သိပ္ပံ　ဒေါက်တာနီ

ဘာသာစုံသင်ရိုး ကုန်စာအုပ်များ

အမှတ်ပေးစည်းမျဉ်းနှင့်အညီ တိကျရှင်းလင်းစွာဖြေပြထားပါသည်။

ထေရီစံစာပေ C/34 နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း : 09 - 73051114, 095129670, 095501154



နေပြည်တော်
ကားမောင်း(အတတ်သင်)သင်တန်း
ဗ-(154)၊ မြို့မဈေး၊ ပွဲရုံတန်း၊ နေပြည်တော်
Ph:067-421755, 09-73011078, 09-73041277
စေတီမီ ကားမျိုးစုံဖြင့် Manual & Auto
နှစ်မျိုးစလုံးသင်ကြားပေးပါသည်။






ဇူလိုင်လ
စတုတ္ထအပတ်
ဂျပန်ခရီးစဉ်
ကံထူးရှင်များ

ဦးကင်းရင်
၁၂/ဒဂတ (နိုင်) ၀၀၈၅၅၅
ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။

OvaltineMyanmar
Doraemon

## ဦးရဲမောင် (သံတွဲမြို့)
### အသက်(၇၂)နှစ်

သံတွဲမြို့၊ (၅)ရပ်ကွက်၊ ချယ်ရီလမ်းနေ (ဦးသာကျော်ဦး-ဒေါ်တင်ညွန့်)တို့၏သားကြီး၊ ရန်ကုန်မြို့အမှတ်(၁၈၈/A5)၊ (၄၉)လမ်းနေ ဒေါ်နုနု၏ခင်ပွန်း၊ ဗိုလ်မှူးကြီးဇော်မင်းဦး(ငြိမ်း) ချင်းပြည်နယ်လုံ/နယ်ဝန်ကြီး-ငြိမ်း)-ဒေါ်တိုးတိုးလွင်၊ (ဦးခင်ဝင်း)-ဒေါ်ယမုံလွင်၊ အောင်သော်တာ (ဖုန်း-လျှပ်စစ်ပစ္စည်းနှင့်စတိုးဆိုင်၊ သံတွဲမြို့)၊ ဗိုလ်ကြီးဇော်ရဲထွန်း-ဒေါ်ဇင်မီလွင် တို့၏ချစ်လှစွာသော ဖခင်၊ မြေးလေးယောက်တို့၏ အဘိုး ဦးရဲမောင်သည် ၂၂-၇-၂၀၁၈ ရက် နံနက် ၀၀း၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၈(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်စန်း (၆၉)နှစ်
**မင်းဇော်လတ် ဓာတ်ပုံ၊ ပန်းကန်ရောင်းဝယ်ရေး၊ မန္တလေးမြို့**

မန္တလေးမြို့နေ (ဦးခင်မောင်ရင်)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် (၈)၊ သီရိမင်္ဂလာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးသိန်းဇော်ဦး-ဒေါ်ဇာဇာမွန်၊အကွက်(၈၄၂)၊ချမ်း/မြောက်နေ(ဦးမင်းဇော်လတ်)-ဒေါ်မြတ်မြတ်ထွေးတို့၏မိခင်၊ မောင်ရဲရင့်မင်းမြတ်၊ မဆုရတီဦး၊ မောင်ဟန်သူဟိန်း၊ မခိုင်ယမုံဦး၊ မြေးလေးယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၂၀-၇-၂၀၁၈ (သောကြာနေ့) ည ၉း၂၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (တောင်ဥက္ကလာပ နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဝင်းဝင်းကြည်
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်း(၄)လမ်း၊ အမှတ်(၄)နေ (ဦးစံတင်-ဒေါ်စိန်လှ)တို့၏ သမီးကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ်(၆၄)နေ (ဦးအေးမြင့်-ဒေါ်စိန်မြိုင်)တို့၏ သမီးချွေးမ၊ ဦးတင်ဦး-ဒေါ်လွင်လွင်ကြည်၊ ဦးမြင့်ကြိုင်-(ဒေါ်လှအေးလွင်)၊ ဦးအေးကို-ဒေါ်ရွှေဝါလွင်၊ ဦးသန်းထိုက်-ဒေါ်ရွှေနီလွင်၊ ဦးနေလင်း-ဒေါ်ညွန့်ညွန့်စိုး၊ ဦးသီဟအောင်-ဒေါ်ကြူကြူသန်းတို့၏ အစ်မ၊ ဦးကျော်ထွန်း၏ ချစ်လှစွာသော ဇနီး၊ မောင်မင်းထူး-မဆွေဆွေကျော်၊ မစန္ဒာထွန်း၊ မနီလာထွန်း တို့၏ ချစ်လှစွာသောမိခင်၊ မဖူးဆွေဇင်မင်း၊ မအမရာဆွေဇင်မင်းတို့၏ အဘွားသည် ၂၁-၇-၂၀၁၈ (စနေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ် (၈)ရပ်ကွက်၊ ရာကျော်(၂)လမ်း၊ အမှတ်(၅၉/က) နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည်မာသိန်း
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းနေ[ဒုတိယဗိုလ်မှူးကြီးဖေသိန်း(ငြိမ်း)]-ဒုတိယဗိုလ်မှူးကြီးမာရီအုန်း(ငြိမ်း)တို့၏ သမီး၊ ဦးတင်ဇော်မိုး-ဒေါ်စန္ဒာသိန်း၊ Mr.Russell Jones-ဒေါ်သဇင်သိန်းတို့၏ အစ်မ၊ ဗိုလ်မှူးဇေယျကျော်-မမေဂျူလိုင်မွန်တို့၏မိခင်၊ Dr.သီဟန်တင်ဦး၊ Ms. Vivian Kong တို့၏ အဒေါ်၊ မသက်နဒီစံ၏ အဘွားသည် ၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် New York မြို့ နေအိမ်၌ ကွယ်လွန်သွားပါကြောင်း။ [၂၄-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ဒဂုံပရိယတ္တိစာသင်တိုက် (အိမ်တော်ရာ ဘုရားဝင်း၊ မြို့မကျောင်းလမ်း၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်သိန်း
**B.A HGP RL**
**လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)**
**စက္ကူဓာတ်ပုံကုန်သွယ်ရေး**
### အသက်(၈၁)နှစ်

ဒေါက်တာအိအိသိန်း(Jamaica)၏ ချစ်လှစွာသော မွေးသဖခင် ဦးကျော်သိန်းသည် ၁၉-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၆း၄၀ နာရီတွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်းကြားသိရ၍ သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၁)**
**(၁၉၈၇-၁၉၉၈ Batch)မှ**
**သူငယ်ချင်းများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်စန်း
### အသက်(၆၉)နှစ်
**မင်းဇော်လတ်ဓာတ်ပုံ၊ ပန်းကန်ရောင်းဝယ်ရေး၊ မန္တလေးမြို့**

ချစ်သူငယ်ချင်း ကိုသိန်းဇော်ဦး-မဇာဇာမွန်တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်တင်စန်းသည် ၂၀-၇-၂၀၁၈ ရက် ည ၉း၂၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ရွှေမြန်မာမိသားစု၊ ပြင်ဦးလွင်မြို့**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်လေး
**ဒါရိုက်တာ(ပုလဲနဒီကုမ္ပဏီ)**
### အသက်(၅၄)နှစ်

သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး-ဒေါ်စန်းစန်းပွား တို့၏ ညီဖြစ်သူ ဦးခင်လေး အသက်(၅၄)နှစ်သည် ၂၀-၇-၂၀၁၈ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သတ္တုတွင်းဦးစီးဌာန**
**စစ်ကိုင်းရုံးဝန်ထမ်းများ**

---

## ဒေါ်စီ(ဘုတ်ပြင်းမြို့)
### အသက် (၉၈) နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဒေါ်လေးလေးဆင့်၊ ဦးအုန်းဘိုး၊ ဒေါ်တိုးတိုး၊ ဒေါ်သန်းသန်းဆင့်တို့ မိခင် ဒေါ်စီသည် ၁၈-၇-၂၀၁၈ ရက် နံနက် ၉း၅၀ နာရီတွင် ဘုတ်ပြင်းမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဘုတ်ပြင်းသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းမောင်
### အသက်(၉၀)
**လင်းယုံဆေးလိပ်ခုံ၊ ငါးသိုင်းချောင်းမြို့**

အမှတ်(၃၇)၊ ဗိုလ်ချုပ်လမ်း၊ငါးသိုင်းချောင်းမြို့နေ (ဦးမောင်တင်-ဒေါ်စောခင်)တို့၏သား၊ (ဒေါ်ငွေ)၏ ခင်ပွန်း၊ ဦးလှမြင့်-ဒေါ်သန္တာဖြူ (မွန်မြတ်သူ ပွဲရုံ)၊ ဦးဆန်းမြင့်သိန်း-ဒေါ်နီလာမြတ်၊ ဒေါက်တာသန်းထွန်းလင်း-ဒေါ်စုစုအောင်၊ ဦးမင်းသန့်-ဒေါ်မြတ်သီတာ(သူရိယပွဲရုံ)တို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုး ဦးသန်းမောင်သည် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁း၁၁ နာရီတွင် ငါးသိုင်းချောင်းမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ငါးသိုင်းချောင်းမြို့သုသာန်သို့ ပို့ဆောင် သဂြိုဟ်ပြီးစီး ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအသိပေး အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းချို
**အရက်ပြန်ဌာနမှူး၊ မြန်မာနိုင်ငံ (B.P.I) ဆေးဝါးထုတ်လုပ်ရေးစက်ရုံ**
### အသက်(၉၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(ခ/၁)နေ ဦးကြွေရုပ်-ဒေါ်နှင်းဆီတို့၏သား၊ ဦးအစိမ်း-ဒေါ်လှကြင်တို့၏ သားသမက်၊ (ဦးမြင့်စိုး)-ဒေါ်မြင့်မြင့်သန်း၊ (ဒေါ်ခင်ခင်ချို)၊ ဒေါက်တာဦးခင်မောင်ရင်-ဒေါ်အေးအေးသန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်၊ မြစ်သုံးယောက်တို့၏ အဘိုး၊ ဒေါ်ကျင်တီ၏ခင်ပွန်းသည် ၂၁-၇-၂၀၁၈(စနေနေ့) ညနေ ၃း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၈ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်လှမြင့်
### အသက်(၇၈)နှစ်

(ဦးလှဖေ၊ မီးရထားရုံပိုင်ကြီး-ဒေါ်တင်အေး)တို့၏ သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အခန်း(၁၀၄)၊ (တိုက်-၉)၊ ဝါဝါဝင်းအိမ်ရာ၊ (၅)ရပ်ကွက်နေ (ဗိုလ်မှူးကိုကိုကြီး)၏ ဇနီး၊ ဦးကျော်ထွန်း(C/E)-ဒေါ်နှင်းသီစိုး၊ မင်းဘူးမြို့နေ ဒေါက်တာမောင်မောင်ထွဋ်-ဒေါ်လွင်လွင်ထွန်း(ဒု/စက်ရုံမှူး၊ ရေနံဓာတ်ငွေ့ရည်စက်ရုံ၊ မင်းဘူး)၊ ဦးချစ်သိန်းထွန်း-ဒေါ်တင်တင်အေး၊ (ဦးညီညီထွန်း)တို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၁-၇-၂၀၁၈ (စနေနေ့) ည ၇း၁၇ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၈(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မင်းဘူးမြို့၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၈ (သောကြာနေ့)တွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်းသွယ်(၁)၊ တိုက်(၂၃၇)၊ အခန်း(၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးပြည့်ဖြိုးအောင် အသက်(၃၀)
**ကြည်း/၅၂၇၃၂ စစ်တက္ကသိုလ် အမှတ်စဉ်(၅၁)**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြောက်ပိုင်းရပ်၊ အောင်သပြေ(၃)လမ်း၊ အမှတ်(၁၁)နေ ဒုတိယဗိုလ်မှူးကြီးစိန်ထွန်းအောင်(ငြိမ်း)-ဒေါ်သစ်သစ်သိန်းတို့၏သား၊ (ဦးကိုကိုအေး)-ဒေါ်စိန်စိန်းငွေးတို့၏သားသမက်၊ ဦးဝင်းအောင်၊ ဦးလှအောင်၊ ဒေါ်ဆန်းဆန်းသိန်း၊ ဦးထွေးအောင်-ဒေါ်ခင်အေးကြည်၊ ဒေါ်သိင်္ဂီဆွေသိန်းတို့၏တူ၊ ဦးလင်းကိုကို-ဒေါ်သက်သက်နိုင်၊ ဦးမင်းကိုကို၊ (မဟေမာန်ထူးအောင်)၊ မဆုမွန်ထွေးအောင်တို့၏ ညီ/မောင်၊ ဗိုလ်ကြီးမြတ်မင်းထွေးအောင်၊ မပိုးသီရိခေတ်တို့၏ အစ်ကို၊ ဒေါ်ထက်အိန္ဒြေလင်း၏ ချစ်လှစွာသော ခင်ပွန်း၊ မမေအိမ့်မှူးစံ၏ ချစ်လှစွာသော ဖခင် ဗိုလ်ကြီးပြည့်ဖြိုးအောင်သည် ၂၁-၇-၂၀၁၈ ရက် ညနေ ၄း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂၄-၇-၂၀၁၈ရက် မွန်းလွဲ၁နာရီတွင် တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၈ ရက် နံနက်ပိုင်းတွင် တပ်တွင်းနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်အသက် (၆၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၁၆)၊ သံလမ်းနေ (ဦးခင်မောင်-ဒေါ်ကျင်ဟန်)တို့၏သား၊ ဒေါ်ခင်ဝင်းရီ၊ ဦးမြင့်သိန်းတို့၏ ညီ/မောင်၊ ဒေါ်ခင်မာမာ၊ ဦးဇော်မိုး၊ ဒေါ်ခင်စန္ဒာတို့၏ အစ်ကို၊ ကိုမြတ်မင်းဆန်း-မစုစုထွန်း၊ မခင်ခင်တို့၏ ဦးလေးသည်၂၂-၇-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၅း၂၇ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

တောင်တွင်းကြီးမြို့နယ်အသင်း
(ရန်ကုန်)
## ဒေါ်သိန်းရင်
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ တိုက်(၇၄)၊ အခန်း(၄)နေ တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်တင့်၏ မိခင် ဒေါ်သိန်းရင်သည် ၂၁-၇-၂၀၁၈ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

# အနိစ္စ

## ဦးရှိန်မြင့်
### အသက်(၈၄)နှစ်

ရန်ကုန်မြို့နေ (ဦးအုန်းခင်-ဒေါ်မြမြ)တို့၏သား၊ (ဦးအုန်းဖေ-ဒေါ်သန်းစိန်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၂၀)၊ သုံးလွှာ၊ (၁၀၉)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်တင်တင်ဝင်း(ဆ-သ-ရ၊ ငြိမ်း)၏ ခင်ပွန်း၊ ဦးထင်အောင်-ဒေါ်ခင်မာချို၊ ဒေါ်မေသန္တာ၊ ဦးကျော်ကျော်-ဒေါ်မီမီသက်၊ ဒေါ်ခိုင်နှင်းရှိန်တို့၏ ဖခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏ အဘိုး ဦးရှိန်မြင့်သည် ၂၁-၇-၂၀၁၈ (စနေနေ့) ည ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုန်းစိန် (ကျိုက်လတ်)
### အသက်(၈၀)

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးဘိုးသင်-ဒေါ်ကျင်ရွှေ)တို့၏ သမီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၅၃)၊ ပထပ်(ခ)နေ ဦးသူရ-ဒေါ်ဥမ္မာမြင့် (General Paints Co.,Ltd.)၊ ဦးခင်မောင်လတ်(TWJS Co.,Ltd.)-ဒေါ်ခင်ဝေပြုံး (F.R.D)၊ ဦးသန်းနိုင်-ဒေါ်စန္ဒာမြင့်၊ ဒေါ်ယဉ်ယဉ်မြင့် (EMS Internation) တို့၏ မိခင်၊ မြေးသုံးယောက်တို့၏ အဘွား၊ (ဦးအောင်ကြိုင်)၏ ဇနီးသည် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၈ (စနေနေ့) နံနက်တွင် လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၅၃)၊ ပထပ်(ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒုအရာခံဗိုလ်မောင်အေး(ငြိမ်း)
### အသက်(၆၉)နှစ်
**ခ-လ-ရ(၁၂)**

အမှတ်(၈/ခ)၊ အောင်မင်္ဂလာ(၁)၊ တောင်သုကုန်းရပ်ကွက်နေ ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ဦးအောင်မြင့်(ဒု-ရဲအုပ်)-ဒေါ်မာမာတူး၊ ဦးမင်းနိုင်ဦး-ဒေါ်သန်းသန်းစိုး၊ ဒေါ်စန္ဒာအေး (M.Sc Bot)၏ ဖခင်၊ မောင်စစ်သွေးအောင်၊ မောင်ဖွဲ့ခန့်သူတို့၏ အဘိုးသည် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၂း၅၀ နာရီတွင် အမှတ်(၁)၊ တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀) ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ်(၁)၊ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်
အမိန့်တော်ခံယူခြင်း
## ဦးမိုးနွယ်
### အသက်(၆၄)နှစ်
**အင်းစိန်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၂၄၀)နေ (ဦးဘရှင်)-ဒေါ်အမာတို့၏သား၊ ဒေါ်စုစုလွင်၊ ဒေါ်နုနုရှင်တို့၏မောင်၊ ဦးမောင်တိုး၊ ဦးချိုတူးတို့၏ အစ်ကို၊ ဒေါ်အုန်းရီ၏ ခင်ပွန်း၊ မကေခိုင်နွယ်၊ မဖြူလဲ့မွန်၊ မမေဖူးနွယ်တို့၏ ဖခင် အဗ္ဗဒုရ်ရဟီးမ်(ခ)ဦးမိုးနွယ်သည် ၂၀-၇-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁၂း၅၅ နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်နမာဇ်အပြီး ညနေ ၅း၃၀ နာရီတွင် ရေဝေးကဗရ်စတန်ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တနန္ဒောဘာသ မဟာထေရ်
### သိက္ခာတော်(၇၁)ဝါ၊ သက်တော်(၉၁)နှစ်
**သာကေတမြို့နယ်ဝန်ဆောင် သာသနဓဇ ဓမ္မာစရိယပါဠိဂုဏ်ထူးဆောင်**
**အန္တိမအဂ္ဂိစျာပနကျင်းပပူဇော်ပွဲ**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ အောင်ချမ်းသာ ၃/လမ်း၊ မဟာစေတီတိုက်တာဝတီကျောင်း၏ ဦးစီးပဓာန နာယက သာကေတမြို့နယ်ဝန်ဆောင်၊ မြို့နယ်ဓမ္မာရုံများ၏ ဩဝါဒစရိယ မဟာစေတီတိုက်ကြီး၏ ဩဝါဒစရိယဖြစ်တော်မူသော ဘဒ္ဒန္တနန္ဒောဘာသ မဟာထေရ် သိက္ခာတော်(၇၁)ဝါ၊ သက်တော်(၉၁)နှစ်သည် (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်)၊ ၂၁-၇-၂၀၁၈ (စနေနေ့) နံနက် ၂း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်)၊ ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း၍ တရားတော်နာယူပြီး ကျီစုသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) စျာပနဖြစ်မြောက်ရေးကော်မတီ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း(ငြိမ်း)
**ကြည်း-၆၀၈၂၊ ဗိုလ်သင်တန်း အပတ်စဉ်(၅)**
### အသက်(၉၁)နှစ်

ရန်ကုန်မြို့နေ (ဦးချစ်ကိုကို)-ဒေါ်မူမူဟန်၊ ဒေါ်ညိုမာဝင်း-ဒုတိယဗိုလ်မှူးကြီးတင်ဦး(တပ်မတော်ရေ-ငြိမ်း)အထွေထွေမန်နေဂျာ၊ စက်မှုဝန်ကြီးဌာန၊ ဗိုလ်ကြီးသိန်းဇော်ဝင်း(ငြိမ်း)-ဒေါ်ကေသီ၊ ဒေါ်သဇင်ဝင်း၊ ဒေါ်သီတာဝင်း (DŎ ZO)-ဦးကျော်သန်း၊ ဒေါ်မာလာဝင်း-(ဦးအောင်ကျော်ဆင့်)တို့၏ ဖခင်၊ မြေး ၁၄ ယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘိုးဘိုးကြီး၊ (ဒေါ်တင်တင်နု)၊ ဒေါ်အုန်းကြည်၏ ခင်ပွန်းသည် ၂၁-၇-၂၀၁၈ (စနေနေ့) ည ၈း၃၀ နာရီတွင် သဃ်န်းကျွန်း၊ ၁၆/၂ သုဒဿန(၁)လမ်း၊ တိုက်(၇၇-အေ)၊ ပ-ထပ်နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ရဟန်း ဒါယိကာမကြီး
## ဒေါ်သိန်းရင် (၉၁)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းတင်-ဒေါ်သန်းကြည်)တို့၏ သမီးကြီး၊ (ဦးကျင်စိန်-ဒေါ်ကျင်ဆိုင်)တို့၏သမီးချွေးမ၊ (ဒေါက်တာကျော်တင့်)-ဒေါ်ရှဲလာ၊ ဦးစိုး-(ဒေါ်ခင်သန်း)တို့၏ အစ်မ/ညီမ၊ သုဝဏ္ဏ၊ မင်းဒင်(၈)လမ်း၊တိုက်(၇၄/၄)နေ (ဒု-ရဲမှူးစံရီ-ငြိမ်း)၏ ဇနီး၊ (ဦးရွှေထွန်း-ဒေါ်စန်းရီ)၊ ဦးသက်ဝေ-ဒေါ်အေးယုခင်၊ ဒေါ်နုနုရီ၊ ဒေါ်မေမေကြူ၊ ဦးခင်မောင်တင့် (A.E၊ ဆသရ-ငြိမ်း)-ဒေါ်ခင်နှင်းရီ (ရုံးအုပ်၊ ကြေးနန်းရုံး-ငြိမ်း)၊ ဦးရဲသိန်း (မီးရထား)-ဒေါ်အုန်းဆင့်၊ ဦးအေးသိန်း (သတ္တု-၂)၊ (ဦးရဲထွဋ်)-ဒေါ်ခင်ခင်ဆွေတို့၏ မိခင်ကြီး၊ မြေး ၁၈ ယောက်၊ မြစ် ၁၇ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၁-၇-၂၀၁၈ (စနေနေ့) နံနက် ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး
## ဒေါ်နန်းကြာယဉ် (နမ္မတူ-ကျောက်တန်း)
### အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဆင်ကန်လမ်းမတန်း၊ အမှတ် (၁၀၃)နေ (ဦးစိန္တာ-ဒေါ်နန်းအောက်လွယ်ခမ်း)တို့၏ သမီး၊ (ဦးအောင်စမ်း သ-တ-လ)၏ ဇနီး၊ ဦးမောင်မောင်နှင်း-ဒေါ်ကြင်ကြင်နွယ်၊ ဒေါ်တင်တင်နွယ်(ဆုလာဘ်စတိုး)၊ ရန်ကုန်မြို့နေ ဦးစိုင်းအောင်နိုင်-ဒေါ်သိင်္ဂီမေလွင်(Golden Home လူသုံးကုန်ပစ္စည်းဖြန့်ချိရေး)တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား ဒေါ်နန်းကြာယဉ် သည် ၂၁-၇-၂၀၁၈ (စနေနေ့) ည ၈ နာရီတွင် ကျောက်တန်းမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကျောက်တန်းမြို့ အနောက်ပိုင်းသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောက်တန်းနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်တင်သွယ်(ပုသိမ်)
### အသက်(၆၇)နှစ်
**ရုံးအုပ်(ငြိမ်း)**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်**
**အဆင့်မြင့်ပညာဦးစီးဌာန**

ပုသိမ်မြို့နေ (ဦးအေးမောင်၊ ဒေါ်ကြည်)တို့၏သမီး၊ (ဦးစိုးမြင့်)၏ ညီမ၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာ(၁)လမ်း၊ အမှတ်(၆၁၃)နေ ဦးမောင်မောင်ဦး၏ ဇနီး၊ ဒေါ်မို့မို့မော်၊ ဒေါ်ဖြူနှင်းမော်-ဦးမောင်မောင်တို့၏အစ်မ၊ ကိုမျိုးစည်သူမောင်၊ ကိုဖြိုးစည်သူမောင်တို့၏ မိခင်သည် ၂၁-၇-၂၀၁၈ (စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၊ ကျောက်ကပ်ဌာန၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၈(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

မန္တလေးအသင်း(ရန်ကုန်)
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်းနွဲ့
**(B.Sc IC)**
**(MD, Jewel Hotel)**
**(မန္တလေးအသင်း၊ အသင်းဝင်)**
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဥယျာဉ်လမ်းသွယ်(၂)၊ အမှတ်(၁၅၄/စီ)နေ ဂုဏ်ထူးဆောင်နာယက ဦးမြသောင်း၏ သမီး အသင်းဝင် ဒေါ်ခင်သန်းနွဲ့သည် ၂၁-၇-၂၀၁၈ (စနေနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များလိုက်ပါ ပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

# မြဝတီမြို့ မဲပလဲ့ချောင်းရေလျှံမှုကြောင့် ကျေးရွာသုံးရွာမှ အိမ်ခြေ ၃၀၀ ခန့် ရေနစ်မြုပ်မှုဖြစ်ပွား



မြဝတီနှင့် ရွှေကုက္ကိုလ်သို့ ဆက်သွယ်ထားသည့် မဲပလဲ့ချောင်း ရေကြီးရေလျှံမှုကြောင့် ကျေးရွာများအတွင်း ရေဝင်ရောက်နေမှုကို တွေ့ရစဉ်။

**မြဝတီ ဇူလိုင် ၂၂**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နှင့် ၁၄ မိုင်အကွာရှိ မဲပလဲ့ချောင်းမှာ ဇူလိုင် ၂၁ ရက် ည ၇ နာရီတွင် တောင်ကျရေများ တစ်ဟုန်ထိုးစီးဆင်းမှုကြောင့် မြဝတီနှင့် ရွှေကုက္ကိုလ်သို့ ဆက်သွယ်ထားသော အရှည်ပေ ၂၀၀ ခန့်ရှိ မဲပလဲ့ချောင်းတံတားမှာ ရေများကျော်တက်ခဲ့ပြီး အနီးရှိ မဲပလဲ့ကျေးရွာအုပ်စုနှင့် ကော့ကော်ကျေးရွာ၊ ထီးဝါပလောကျေးရွာတို့မှ အိမ်ခြေ ၃၀၀ ခန့် ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

### ပြောင်းရွှေ့ပေး

ထိုသို့ နေအိမ်များ နစ်မြုပ်ခဲ့ရာ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ပေးခဲ့ကြသည်။

"မဲပလဲ့ချောင်းတံတားက မြဝတီနဲ့ ရွှေကုက္ကိုလ်မြို့သစ်ကို ဆက်သွယ်ပေးထားတာပါ။ ဇူလိုင် ၂၁ ရက်က မိုးအဆက်မပြတ်ရွာလို့ ကော့ကော်တံတား၊ ထီးဝါပလောတံတားနဲ့ မဲပလဲ့တံတားတွေ ရေမြုပ်ခဲ့သလို အိမ်ခြေ ၃၀၀ နီးပါး ရေနစ်မြုပ်ခဲ့တယ်။ မြဝတီကတာဝန်ရှိသူတွေနဲ့ ကယ်ဆယ်ရေးအဖွဲ့တွေ ရောက်လာကြပြီး

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ○**

# စင်ကာပူရိုးရာလှေလှော်အသင်း မြန်မာနိုင်ငံတွင် လာရောက်လေ့ကျင့်

**ရန်ကုန် ဇူလိုင် ၂၂**

(၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် စင်ကာပူရိုးရာလှေလှော်အသင်းသည် ဇူလိုင် ၁၇ ရက်မှစ၍ မြန်မာရိုးရာလှေလှော်အသင်းနှင့် ရန်ကုန်မြို့ရှိ အင်းလျားကန်၌ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

စင်ကာပူ ရိုးရာလှေအမျိုးသားအသင်းတွင် ကစားသမား ၁၆ ဦး လိုက်ပါလာပြီး နည်းပြနှစ်ဦးလည်း လိုက်ပါလာကာ နှစ်ပတ်ကြာလာရောက်လေ့ကျင့်နေခြင်းဖြစ်သည်။ စင်ကာပူရိုးရာလှေလှော် အသင်းသည် ရိုးရာလှေအားကစားနည်းတွင် အာဆီယံ၌ ထိပ်တန်းအဆင့်ရှိသည့် မြန်မာအသင်းနှင့် အာရှအားကစားပြိုင်ပွဲအကြို ပူးတွဲလေ့ကျင့်ခြင်းဖြစ်ပြီး အမျိုးသားအသင်းသည် ဇူလိုင် ၃၁ ရက်အထိ လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

### ဝင်ရောက်ယှဉ်ပြိုင်မည်

စင်ကာပူရိုးရာလှေ အမျိုးသမီးအသင်းသည် ဇူလိုင် ၁၀ ရက်မှ ၁၈ ရက်အထိ လာရောက်လေ့ကျင့်ခဲ့ပြီး နှစ်သင်းစလုံး မြန်မာအသင်းနှင့် လာရောက်လေ့ကျင့်ခြင်းဖြစ်သည်။ မြန်မာလှေလှော်အဖွဲ့သည် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ရိုးရာလှေ၊ အပြည်ပြည်ဆိုင်ရာလှေနှင့် ကနူး၊ ကယက် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ မြန်မာလှေလှော်အဖွဲ့သည် ယင်းပြိုင်ပွဲအတွက် ကစားသမား ၅၂ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာလှေလှော်အဖွဲ့သည် ယင်းပြိုင်ပွဲတွင် ရွှေတံဆိပ်အပါအဝင် အောင်မြင်မှုရယူနိုင်ရန် ပစ်မှတ်ထားလေ့ကျင့်လျက်ရှိသည်။

**ရှိုင်းထက်ဇော်**

# ထွန်းထွန်းမင်းနှင့် ဆိုင်းယော့ အထူးစိန်ခေါ်ပွဲ သရေရလဒ်ဖြင့်သာ ပြီးဆုံး



ထွန်းထွန်းမင်း(မြန်မာ)နှင့် ဆိုင်းယော့(ထိုင်းဖိုက်)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်နေစဉ်။

**ရန်ကုန် ဇူလိုင် ၂၂**

၂၀၁၈ ခုနှစ် ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲကြီး GOLDEN BELT CHAMPIONSHIP 2018 ကွာတားဖိုင်နယ် (ဒုတိယနေ့)ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပရာ ပရိသတ်များ အထူးစိတ်ဝင်စားလျက်ရှိသော ငါးချီအထူး စိန်ခေါ်ပွဲတစ်ပွဲဖြစ်သည့် မြန်မာနိုင်ငံ အလွတ်တန်း လက်ဝှေ့ချန်ပီယံဟောင်း ထွန်းထွန်းမင်း (မြန်မာ)နှင့် အတွေ့အကြုံရင့်ကစားသမားတစ်ဦးဖြစ်သည့် ထိုင်းလက်ဝှေ့ကျော် ဆိုင်းယော့(ထိုင်းဖိုက်)တို့ ပွဲစဉ်တွင် ပရိသတ်များမျှော်လင့်သလို ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး အကြိတ်အနယ်ရှိလှသော်လည်း သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့ရသည်။

အဆိုပါပွဲစဉ် ပွဲအစမှာပင် တစ်ဦးနှင့်တစ်ဦး အတွေ့အကြုံရှိသော ကစားသမားများပီပီ ဆိုင်ထိုးချက်၊ ကန်ချက်၊

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ❐**

